The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 16 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 23, 2018

# မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်တင်ပို့မှု အခြေအနေနှင့် အိန္ဒိယပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု ဈေးကွက်အခြေအနေ

စာမျက်နှာ - ၁၂



## လျှော်ဖြူစိုက်ပျိုး ဝင်ငွေတိုး

စာမျက်နှာ - ၁၅



## ရှမ်း(တောင်)တွင် ထောပတ်သီး လက်ကျန် မရှိသလောက် နည်းပါး

စာမျက်နှာ - ၂၃

## တာထွက်ကောင်းတဲ့ စိန်တလုံး

စာမျက်နှာ - ၂၃

## qkdu , fpubDm , mESh uRwfsm;ukdynfwGwG pwifkkwfvkyfzeL;jcifzifh peDMwDXGIkcbnfh pyg;ESm , mESuRwfpuf2K

စာမျက်နှာ - ၈








GBS
YOUR GOOD BROTHER
ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GOOD BROTHERS' COMPANY LIMITED
三环
THREE CIRCLES
ဦးကြီးတို့ရဲ့မိတ်ဆွေရင်းကွင်းသုံးကွင်း
ဓာတ်မြေဩဇာ
TSP
46%
DAP
64%
UREA
46%
PRODUCT OF P.R.C
NET WEIGHT:
50kg
YUNNAN YUNTIANHUA CO.,LTD
THREE CIRCLES
NPK
15-15-15
• အနယ်နယ်အရပ်ရပ်ရှိ GBS ဆိုင်ခွဲတိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။ •
DISTRIBUTED BY:




呵护健康 微处健民！
质量认证书：ISO9001/ISO134850 CE 0197 USA FDA.510(k):k05999 k042102
缅甸FDA ：M-Device 03/2013 ， M-Device 02/2013
QUALITY PRODUCT
PAI
HANMA®
MEDICAL DEVICES
Reg No.184/2004
HANAKO
Reg No. 142/2005
medical devices
HANMA
DISPOSABLE SYRINGE
HANAKO
生产商:江西三鑫医疗科技股份有限公司
JIANGXI SANXIN MEDTEC CO.,LTD
缅甸总代理:
缅甸白氏兄弟国际贸易有限公司
Pai Brothers' Int'l Trading Co.,Ltd.
电话：曼德勒
02-32878,72888,68999
09-2078888
仰光：
01-552388, 552399,
09-442888888

# ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ UNCTAD အဖွဲ့ရုံးတွင်ကျင်းပသည့် E-Commerce Week - 2018 သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော UNCTAD အဖွဲ့ရုံးမှ ကြီးမှူးကျင်းပသည့် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာ E-Commerce Week ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရှိ UNCTAD အဖွဲ့ရုံးတွင် ဧပြီ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည်။

E-Commerce Week - 2018 ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ကျင်းပသော ဆွေးနွေးပွဲမှာ (၄) ကြိမ် မြောက်ဆွေးနွေးပွဲဖြစ်သည်။ အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲ တက်ရောက်ခဲ့သော ကိုယ်စားလှယ်များတွင် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးများ အပါအဝင် ဌာနဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ယခုနှစ်တွင် ကျင်းပသော E-Commerce Week ဆွေးနွေးပွဲ၏ အဓိက ရည်ရွယ်ချက်မှာ Digital Platform ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတိုင်းအတာနှင့်ပတ်သက်၍ ဘက်စုံအမြင်ဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးသွားရန်ဖြစ်သည်။ ငါးရက်ကြာကျင်းပသည့် E-Commerce Week ဆွေးနွေးပွဲ၌ ဝန်ကြီးအဆင့်စားပွဲဝိုင်းဆွေးနွေးပွဲများ (Ministerial Roundtable Discussion)၊ မျက်နှာစုံညီ ဆွေးနွေးပွဲ (Plenary Session) များနှင့် ဆက်စပ်အစည်းအဝေးများ (Side Event) စုစုပေါင်း ၆၅ ခု ကျင်းပခဲ့ပြီး အဆိုပါ E-Commerce Week-2018 ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူး ခေါင်းဆောင်၍ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိများနှင့်အတူ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးထင်လင်းနှင့် ဘာသာရပ်တာဝန်ခံများ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။




မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဧပြီ ၁၆ ရက်တွင် E-Trade Readiness Assessments in LDCs: from Recommendations to Actions ခေါင်းစဉ်ဖြင့် ကျင်းပသည့် Plenary Session နှင့် ဧပြီ ၁၇ ရက်တွင် Advancing Women's Digital Opportunities ခေါင်းစဉ်ဖြင့် ကျင်းပသည့် Ministerial Roundtable ဆွေးနွေးပွဲတို့၌ အဓိကဆွေးနွေးသူတစ်ဦးအနေဖြင့် တက်ရောက်ဆွေးနွေးခဲ့ပြီး လိုက်ဘေးရီးယား၊ ကမ္ဘောဒီးယား၊ လာအို၊ ပါကစ္စတန်၊ ဆီနီဂေါ၊ ဂျာမနီ၊ ဆွီဒင်၊ ဂျပန်စသောနိုင်ငံများမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ကုန်သွယ်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်ဆွေးနွေးခဲ့သည်။

ယင်းသို့ဆွေးနွေးရာတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံ၏ E-Commerce ဆိုင်ရာ အခြေခံအဆောက်အဦ ဖွံ့ဖြိုး တိုးတက်မှုများ၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်အသုံးပြု၍ စီးပွားရေးလုပ်ငန်းများစတင်ရန် ကြိုးပမ်းနေမှုအခြေအနေ၊ E-Commerce ဆိုင်ရာ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ ASEAN Agreement on E-Commerce အရလိုက်ပါဆောင်ရွက်နေမှုများအပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ E-Commerce ဆိုင်ရာ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ E-Commerce ဆိုင်ရာဖြစ်ပေါ် တိုးတက်မှုများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အဓိကအချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းသည် ဧပြီ ၁၇ ရက်တွင် Towards an ASEAN Agreement on E-Commerce ခေါင်းစဉ်ဖြင့် အာဆီယံအဖွဲ့မှ ဦးဆောင်ကျင်းပသော Plenary Session တွင် အာဆီယံအဖွဲ့ကိုယ်စားလှယ်များနှင့် အတူ အဓိကဆွေးနွေးသူအဖြစ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ E-Commerce ဆိုင်ရာဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ Myanmar Rapid E-Trade Readiness Assessment Report ကို UNCTAD မှ ဧပြီ ၁၆ ရက်တွင် E-Trade Readiness Assessments in LDCs: from Recommendations to Actions ခေါင်းစဉ်ဖြင့် ကျင်းပသည့် Plenary Session အတွင်း တရားဝင်စတင်ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအပါအဝင် အချို့သောနိုင်ငံများ၏ E-Trade Readiness Assessment Report များထုတ်ပြန်နိုင်ရေးအတွက် UNCTAD သည် ဆွီဒင်နိုင်ငံ၏ ထောက်ပံ့ကူညီမှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ Report တွင်ပါရှိသော ဖော်ထုတ် တွေ့ရှိချက် လုပ်ငန်းစဉ်များအား လက်တွေ့ အကောင်အထည်ဖော်နိုင်ရန်အတွက် Pilot Project စတင်ရန် UNCTAD မှ စီစဉ်လျက်ရှိရာ ပထမဆုံးအကောင်အထည်ဖော်မည့်နိုင်ငံအဖြစ် E-Trade Readiness Assessment ပြုလုပ်ခဲ့ပြီးဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဘူတန်၊ လိုက်ဘေးရီးယား၊ မြန်မာစသောနိုင်ငံများအနက် မြန်မာနိုင်ငံကို ရွေးချယ်ထားကြောင်း အဆိုပါ E-Commerce ဆွေးနွေးပွဲအတွင်း၌ အသိပေး ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်မည့် Pilot Project ၏ ပထမအဆင့် လုပ်ငန်းစဉ်များကို ၂၀၁၈ ခုနှစ် ဇွန်လကုန်အတွင်း၌ ဆောင်ရွက်သွားနိုင်ရေး ရည်မှန်းချက်ထားရှိ ပြင်ဆင်လျက်ရှိကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့အား ထပ်လောင်းအသိပေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဆွေးနွေးပွဲကာလအတွင်း UNCTAD အဖွဲ့ရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Dr. Mukhisa Kituyi နှင့် သီးသန့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ E-Commerce ဆိုင်ရာလုပ်ငန်းစဉ်နှင့်ပတ်သက်၍

စာမျက်နှာ ၁၅ သို့

## ကုန်သွယ်မှုသင်တန်းကျောင်း၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁၁)ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများအား ကျယ်ကျယ်ပြန့်ပြန့်နားလည်အသုံးပြုနိုင်ရန် ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁၁)ဖွင့်ပွဲအခမ်းအနားအား ဧပြီ ၂၁ ရက်တွင် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် UMFCCI မှ အထွေထွေအတွင်းရေးမှူးချုပ် အပါအဝင် ဖိတ်ကြား ထားသော ဧည့်သည်တော်များနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် နိုင်ငံ့စီးပွားရေးအတွက် အရေးပါပုံများနှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများအကြား ကုန်သွယ်မှုပြုရာတွင် ရသင့်ရထိုက်သော အခွင့်အရေးများ ရယူနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ရန် အရေးကြီးပုံများကို အကျယ်တဝင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ကြည်သာသစ်နိုင်**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇော်ခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မြန်မာရိုးရာသင်္ကြန်ပွဲတော်အပြီး ရန်ကုန်ဆန်စျေးကွက် ထူးခြားစွာပြောင်းလဲမှုမရှိ

၂၀၁၈ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်အပြီး ရန်ကုန်မြို့ ဆန်စျေးကွက်အခြေအနေမှာ ထူးခြားစွာပြောင်းလဲမှု မရှိဘဲ သင်္ကြန်မတိုင်မီက ဆန်စျေးနှုန်းများအတိုင်း ဖြစ်တယ်လို့ ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။

ကုန်စည်ဒိုင်ရဲ့ လက်ကားစျေး နှုန်းများအရ ဖျာပုံပေါ် ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၆၀၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၃၅၀၀၀၊ ပုသိမ်/မြောင်းမြပေါ် ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၄၆၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၄၄၀၀၀၊ နယ်စုံကျိုက်လတ် ပေါ် ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၃၅၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ် ဆန်းဆန်တစ်အိတ် ကျပ်၅၃၀၀၀မှကျပ် ၅၅၀၀၀၊ နယ်စုံနဲ့ဒေးဒရဲကျားပျံပေါ် ဆန်းဆန်တစ်အိတ် ကျပ် ၄၀၀၀၀ မှ ကျပ် ၄၃၀၀၀ ရှိပြီး ကုန်စည်ဒိုင်ကို ဆန်အဝင်များသော်လည်း အဝယ်နည်းတဲ့အတွက် သင်္ကြန်မတိုင်မီက စျေးအတိုင်းမပြောင်းလဲဘူးလို့ သိရပါတယ်။

သင်္ကြန်အပြီး ဆန်ချောရော ဆန်ကြမ်းပါ အရောင်းအဝယ် မသွက်တဲ့အတွက် ဆန်ကြမ်းစျေးလည်း မပြောင်းလဲကြောင်းနဲ့ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၃၀၀၊ မိုးသုခ တစ်အိတ်ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀၊ အကြမ်း အသစ်တစ်အိတ်ကျပ် ၂၂၇၀၀ မှ ကျပ် ၂၃၀၀၀၊ ရက် ၉၀ တစ်အိတ်ကျပ် ၂၂၀၀၀ မှကျပ် ၂၂၅၀၀၊ သီးထပ်ရှယ် တစ်အိတ်ကျပ် ၂၁၅၀၀ မှ ကျပ် ၂၁၇၀၀ ရှိတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

မူဆယ်ဆန်စျေးကွက်မှာလည်း သင်္ကြန်ကာလအတွင်း အရောင်းအဝယ် လျော့ကျသော်လည်း ဆန်စျေးနှုန်းမပြောင်းလဲကြောင်းသိရပါတယ်။ ဧည့်မထ ၅ မှတ် ရက် ၉၀ တစ်အိတ် ၁၃၄ ယွမ်မှ ၁၃၇ ယွမ် ၊ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၁ ယွမ်မှ ၁၃၂ ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီတစ်အိတ်၁၂၉ ယွမ်မှ ယွမ်၁၃၀၊ ဧည့်မထ ၁၀ မှတ် စူပါ တစ်အိတ် ၁၃၃ယွမ်မှ ၁၃၅ယွမ်၊ သုခ ၁၅ မှတ်တစ်အိတ် ၁၂၉ ယွမ်မှ ၁၃၁ ယွမ်၊သုခ ၂၅ မှတ်တစ်အိတ် ၁၂၆ ယွမ် မှ ၁၂၈ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၆ ယွမ်မှ ၁၂၇ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၂၃ ယွမ်မှ ၁၂၅ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ်ယွမ် ၁၂၀ မှ ၁၂၂ ယွမ်ဖြစ်ပါတယ်။ ဧပြီ ၁၉ ရက် ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၂၀၇ ကျပ် စျေးပေါက်ကြောင်းသိရပါတယ်။

သင်္ကြန်ကာလအတွင်း မူဆယ်မှာ ကုန်သည်တချို့ အရောင်းအဝယ်နားတဲ့အတွက် မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာလည်း လျော့ကျသွားကြောင်းသိရပါတယ်။ ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း ဆန် ၃၆၅၅ တန် ဝင်ရောက်မှုရှိခဲ့ကြောင်း မူဆယ်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# ဧပြီလဝက်အတွင်း ဆန်တန်ချိန်ခြောက်သောင်းငါးထောင်ကျော်တင်ပို့

ဧပြီ ၁ရက်မှ ၁၃ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၂၉ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ကောက်ညှင်းဆန် ၄၃၁၄၆ တန်ကျော်တင်ပို့ခဲ့ကြောင်းသိရှိရပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၃၆၉၅၁ တန်နဲ့ ကောက်ညှင်းဆန် ၁၀၈ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်တန်ချိန်၁၇၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၄၆၉၃တန်ကျော်တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၂၂၄ တန်ကျော်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၂ သန်းဖိုးနဲ့ ၁၃၆၃ တန်ဖြစ်ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၁၁၄၂တန်ကျော်နဲ့လွယ်ဂျယ်မှ ၂၂၁ တန်တင်ပို့ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၁ ရက်မှ ၁၄ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၇၃ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၂၂၂၄၆ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ကင်မရွန်းနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၈၀၀၀၊ ဘီနင်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၃၀၀၀၊ အီးယူနိုင်ငံများသို့ ၅၁၅၅ တန်တင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈၁ သန်းဖိုးနဲ့ ၁၂၃၂၅ တန်ဖြစ်ပြီး ဗီယက်နမ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာနဲ့အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း သင်္ကြန်ပြီးကာလ မြို့နယ်အချို့၌ စပါး/ဆန်စျေးနှုန်း အတက်/အကျဖြစ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း သင်္ကြန်ပြီးကာလတွင် မြို့နယ်အချို့၌ စပါး/ ဆန်စျေးနှုန်းများ အတက်/အကျဖြစ်လျက်ရှိပြီး ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်မြို့နယ်များတွင် ဧည့်မထနွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ယခင်ကျပ် ၅၂၀၀၀၀ မှ ယခုနွေစပါး ဝယ်လိုအားလျော့နည်းလာ၍ ကျပ် ၅၁၅၀၀ ဖြစ်သွားပြီး စပါးတင်း ၁၀၀ ကို ကျပ် ၅၀၀၀ခန့် စျေးနှုန်းကျဆင်းသွားကြောင်းသိရသည်။ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်မြို့နယ်များတွင် ဒေသတွင်းအရောင်းအဝယ်သွက်လျက်ရှိသည့်အပေါ် ဧည့်မထမိုးဆန်တစ်အိတ်လျှင် ယခင် ကျပ် ၂၂၀၀၀ မှ ယခု ကျပ် ၂၂၅၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့် စျေးနှုန်းမြင့်တက်သွားကြောင်း စျေးကွက်သတင်းများမှသိရသည်။

သင်္ကြန်ပြီးကာလဒေသတွင်း ရန်ကုန်ဆန်အဝယ်လိုက်လာ၍ မအူပင်မြို့နယ်တွင် ပေါ်ဆန်းစပါး၄၆ပေါင်တင်း ၁၀၀ ကို ယခင်ကျပ် ၈၄၆၀၀၀ မှ ယခု ကျပ် ၈၉၂၀၀၀ ဖြစ်သွား၍ စပါးစျေးကျပ် ၄၀၀၀၀ ဝန်းကျင်မြင့်တက်သွားပြီး ဆန်တစ်အိတ်ကို ယခင်ကျပ် ၃၈၀၀၀ မှ ကျပ် ၃၈၅၀၀ ဖြစ်သွားခဲ့သည်။ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် ဧည့်မထမိုး စပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၆၀၀၀၀ - ကျပ် ၅၇၀၀၀၀ မှ ယခုကျပ် ၅၈၈၀၀၀ - ကျပ် ၅၉၈၀၀၀ ဖြစ်သွားပြီး စပါးတင်း ၁၀၀ ကို ကျပ် ၂၅၀၀၀ စျေးနှုန်းမြင့်တက်လျက်ရှိပြီး ဧည့်မထမိုးဆန်တစ်အိတ်လျှင် ယခင် ကျပ် ၂၄၅၀၀- ကျပ် ၂၅၀၀၀ မှ ယခု ကျပ် ၂၅၅၀၀ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ဝန်းကျင်စျေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးစျေးကွက်သတင်းများမှ သိရသည်။



**မင်းမင်းဦး(ပုသိမ်)**

# အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၂၀-၄-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၅ | ၄၄၈ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၅ | ၄၃၈ | △ | ၄၂၀ | ၄၃၅ | △ | ၄၃၀ | ၄၃၀ | □ | ၄၀၃ | ၄၄၅ | △ |
| ဆန်ဖြူ ၁၀% | ၄၂၃ | ၄၃၆ | △ | ၄၁၅ | ၄၃၀ | △ | - | - | - | ၃၉၉ | ၄၄၁ | △ |
| ဆန်ဖြူ ၁၅% | ၄၁၇ | ၄၂၇ | △ | ၄၁၀ | ၄၂၂ | △ | - | - | - | ၃၉၅ | ၄၃၇ | △ |
| ဆန်ဖြူ ၂၅% | ၄၀၁ | ၄၁၁ | △ | ၄၀၃ | ၄၁၃ | △ | ၃၈၅ | ၃၈၅ | □ | ၃၆၈ | ၄၀၁ | △ |
| ပေါင်းဆန် | ၄၅၇ | ၄၆၃ | △ | - | - | - | ၄၂၃ | ၄၁၂ | ▽ | ၄၀၈ | ၄၁၂ | △ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၂၀-၄-၂၀၁၈)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၅၀ | □ | ၂၃၅၀၀ | □ | ၉၂၀၀ | □ | ၃၉၅၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၈၉၃၀ | △ | ၃၉၀၀၀ | △ |
| ပဲခူး | ၅၇၀၀ | □ | ၂၃၀၀၀ | ▽ | ၇၀၀၀ | □ | ၃၇၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | △ | ၂၈၀၀၀ | △ | ၁၄၀၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၄၆၀၀ | □ | ၁၉၅၀၀ | △ | ၇၂၀၀ | △ | ၃၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၄၀၀ | △ | ၂၆၀၀၀ | △ | - | - | ၄၅၀၀၀ | ▽ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၄၅၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၈၂၀၀ | □ | ၃၈၀၀၀ | △ |
| လှိုင်ကော် | ၈၆၉၀ | △ | ၃၂၀၀၀ | △ | - | - | ၅၈၀၀၀ | □ |
| မြိတ် | ၅၃၀၀ | △ | ၂၆၀၀၀ | □ | - | - | ၄၀၀၀၀ | △ |
| ဘားအံ | ၅၄၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၅၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

**၁၈-၄-၂၀၁၈ မှ ၂၀-၄-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 587 | 24,385,082.650 |
| 2 | Form D | 56 | 1,560,336.930 |
| 3 | Form E | 58 | 923,710.430 |
| 4 | Korea GSP | 1 | 190,800.000 |
| 5 | Form AK | 55 | 1,444,792.250 |
| 6 | Form AJ | 3 | 116,348.000 |
| 7 | Form AI | 31 | 1,681,084.020 |
| 8 | Form AANZ | 14 | 8,865.080 |
| 9 | Form DFTP | | |
| **Grand Total** | | **805** | **30,311,019.360** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၄-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၆/၄ | ၂၀/၄ | ပြောင်းလဲမှု | ၆/၄ | ၂၀/၄ | ပြောင်းလဲမှု | ၆/၄ | ၂၀/၄ | ပြောင်းလဲမှု | ၆/၄ | ၂၀/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၄၅ | ၇၅၄ | ▲ | ၇၀၀ | ၇၀၀ | ■ | ၆၇၅ | ၆၇၅ | ■ | ၆၈၅ | ၆၆၅ | ▼ |
| ပဲစင်းငုံ | ၆၅၃ | ၆၆၉ | ▲ | ၅၄၂ | ၅၃၃ | ▼ | ၅၃၅ | ၅၅၀ | ▲ | ၅၂၅ | ၅၂၅ | ■ |
| ပဲတီစိမ်း | ၁၁၃၀ | ၁၁၃၀ | ■ | ၁၉၂၀ | ၁၉၀၇ | ▼ | ၁၀၅၃ | ၁၀၅၃ | ■ | ၁၃၇၀ | ၁၃၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၅၅၀ | ၁၅၂၀ | ▼ | ၁၂၂၃ | ၁၂၂၃ | ■ | ၁၂၃၇ | ၁၁၃၂ | ▼ | ၁၁၆၀ | ၁၂၂၀ | ▲ |
| ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၀၀ | ▼ | ၁၁၆၇ | ၁၁၆၇ | ■ | - | - | - | ၁၁၅၀ | ၁၁၇၅ | ▲ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၇၃၅ | ■ | ၁၉၂၀ | ၁၈၆၇ | ▼ | ၁၈၁၆ | - | - | ၁၈၁၅ | ၁၈၁၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၀-၄-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၆/၄ | ၂၀/၄ | ပြောင်းလဲမှု | ၅/၄ | ၁၉/၄ | ပြောင်းလဲမှု | ၅/၄ | ၁၉/၄ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၅၀ | ၃၅၀ | ■ | ၅၉၂ | ၅၆၆ | ▼ | ၅၆၉ | ၅၃၂ | ▼ |
| ပဲစင်းငုံ | ၃၁၀ | ၃၁၅ | ▲ | ၆၁၁ | ၅၇၈ | ▼ | ၆၃၈ | ၆၁၆ | ▼ |
| ပဲတီစိမ်း | ၆၅၀ | ၆၅၀ | ■ | - | - | - | ၇၆၉ | ၇၆၀ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၆၀၀ | ၅၈၀ | ▼ | ၅၈၄ | ၅၄၀ | ▼ | ၅၉၉ | ၅၄၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၇.၄.၁၈)ထိ | (၁၄.၄.၁၈)ထိ | (၁၄.၄.၁၈) ထိ |
| မတ်ပဲ | ၅၆၁၄၄ | ၃၇၆၉ | ၅၉၉၁၃ |
| ပဲတီစိမ်း | ၄၁၀၆၃ | ၅၂၄၆ | ၄၆၃၀၉ |
| ပဲစင်းငုံ | ၂၃၇၆၁ | ၁၁၂၂ | ၂၄၈၈၃ |
| ကုလားပဲ | ၇၇၈၀ | ၃၄၉၈ | ၁၁၂၇၈ |
| ပဲလွန်းဖြူ | ၁၄၂၈၃ | ၁၅၉၅ | ၁၅၈၇၈ |
| မြေထောက်ပဲ | ၄၇၀၇ | ၉၇၄ | ၅၆၈၁ |

## ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးတက်

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေး တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး မြေပဲလုံးဆန်နီ(မြောင်)တစ်ပိဿာလျှင်ကျပ်၂၀၀၀ မှ ကျပ် ၂၂၀၀၊ ကျွန်းဆန် တစ်ပိဿာလျှင် ကျပ် ၁၉၅၀ မှကျပ် ၂၂၀၀၊ S1 (မြေပဲဖြူလုံးဆန်) ကျပ် ၂၄၀၀၊ M12(မြေပဲ လုံးဆန်) တစ်ပိဿာလျှင်ကျပ် ၂၂၀၀ မှ ကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြိုဒေသထွက် မတ်ပဲဈေး အနည်းငယ်ကျနေပြီး မတ်ပဲ တစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှကျပ်၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲပိစပ်တစ်တင်းလျှင် ကျပ် ၉၀၀၀၊ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၁၆၀၀၀၊ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၁၅၀၀ ဖြင့် အိတ် ၇၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့်အိတ် ၆၀ခန့်၊ 929 ကုလားပဲဖြူတစ်တင်းလျှင် ကျပ် ၂၁၇၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင်ကျပ် ၂၄၀၀၀၊ ထောပတ်ပဲဖြူ တစ်တင်းလျှင် ၃၄၅၀၀ ကျပ်ဖြင့်အိတ် ၃၀၀ခန့်၊ ပဲပုပ်တစ်တင်းလျှင်ကျပ် ၂၄၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲနီပြား တစ်တင်းလျှင်ကျပ် ၂၂၅၀၀၊ ပြောင်းဖူးစေ့ (CP) ဈေးမှာ တစ်တင်းလျှင် ကျပ် ၁၀၂၀၀ ဖြင့် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်နေသည်ဟု ရေစကြို ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

ဧပြီလ ၇ ရက်မှ ၁၃ ရက်ထိ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်မှ ကယားပြည်နယ်အတွင်းသို့ ကုန်စည်တင်သွင်းမှုမှာ ကုန်သွယ်မှုအမေရိကန်ဒေါ်လာ ၃၆၀၀ တန်ဖိုးရှိဟင်းချိုမှုန့် ကီလိုဂရမ် ၃၀၀၀၊ အမေရိကန်ဒေါ်လာ ၂၈၈၀ တန်ဖိုးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးကော်မှုန့် ကီလိုဂရမ် ၁၈၀၀၀၊ အမေရိကန်ဒေါ်လာ ၁၇၅၀တန်ဖိုးရှိသန့်ရှင်းရေးသုံး ဆပ်ပြာရည် ကီလိုဂရမ် ၁၄၀၀၀၊ အမေရိကန်ဒေါ်လာ ၁၇၇၀ တန်ဖိုးရှိ ပဲနို့အချိုရည် လီတာ ၃၀၀၀၊ အမေရိကန်ဒေါ်လာ ၁၅၀၀ တန်ဖိုးရှိ အုတ်ကျွတ်မျက်နှာကြက် ကီလိုဂရမ် ၁၅၀၀၀၊ အမေရိကန်ဒေါ်လာ ၁၁၂၅ တန်ဖိုးရှိ M-၁၅၀အချိုရည် လီတာ ၁၅၀၀၊ အမေရိကန်ဒေါ်လာ ၁၀၀၀ တန်ဖိုးရှိ အဝတ်လျှော်ဆပ်ပြာမှုန့် ကီလိုဂရမ် ၂၀၀၀၊ အမေရိကန်ဒေါ်လာ ၃၇၅ တန်ဖိုးရှိစပွန်ဆာ အချိုရည် လီတာ ၅၀၀၊ အမေရိကန်ဒေါ်လာ ၁၀၀၀ တန်ဖိုးရှိ ဆိုဒါရည် လီတာ ၂၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၅၆၀ ကို ကုန်သွယ်မှုပြုနိုင်ခဲ့ပါတယ်။

ကယားဒေသထွက် ညှော်မထဆန်လို့ခေါ်တဲ့ ရွှေရင်အေးဆန်နဲ့ တရုတ်မွှေးဆန်အမျိုးအစားတို့ဟာ တရုတ်နိုင်ငံဈေးကွက်အကြိုက်ဆန်ဖြစ်သော်လည်း ယခုအချိန်က သင်္ကြန်ကာလရုံးပိတ်ရက်ကာလအတွင်း ဈေးကွက်၌တင်သွင်းရောင်းဝယ်မှုအနည်းငယ်အေးသွားတာ တွေ့ရပါတယ်။ ကယားပြည်နယ်မှ မူဆယ်ဘက်သို့ ဧပြီလအတွင်း ဆန် ၈၂တန်သာ တင်ပို့နိုင်ခဲ့ပြီး အခြားပြည်နယ်များမှ ဆန် ၃၆ တန် တင်သွင်းလာကြောင်း ပြည်နယ်အထွက်ဂိတ် စာရင်းများအရ သိရှိရပါတယ်။

ယခုဧပြီလအတွင်း ပြောင်းဖူးစေ့တင်ပို့မှုမှာလည်း ရန်ကုန်တိရစ္ဆာန်အစားအစာထုတ်လုပ်တဲ့ ပြည်မကြက်စာအစားအစာစက်ရုံသို့ တင်ပို့လျက်ရှိပြီး စုစုပေါင်းတင်ပို့မှု ၁၇ တန်ကိုသာတင်ပို့နိုင်ခဲ့ပြီး ပဲစင်းငုံတင်ပို့မှုမှာ တန်ချိန်အားဖြင့် ၂၈တန်ကိုလည်း ပြည်နယ်မှ တင်ပို့နိုင်ခဲ့ပါတယ်။

ကုန်ဈေးနှုန်းများအနေဖြင့် ဧပြီလ ၁၉ ရက်ထိ ပြောင်း (ခြောက်) အထိုင်ဈေး တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၅၀၀၊ ပဲစင်းငုံ တစ်ပိဿာ ဈေးနှုန်းမှာ ကျပ် ၅၀၀ ဈေးပေါက်ကြောင်း သိရပြီး စပါးတင်း (၁၀၀)လျှင် ကျပ် ၈၆၉၀၀၀၊ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ညှော်မထ(ဒေသ)ဆန်တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင်ကျပ် ၂၄၀၀၀၊ ပဲဆီ တစ်ပိဿာ(လက်လီ) ကျပ် ၅၂၀၀၊ နှမ်းဆီတစ်ပိဿာ (လက်လီ) ကျပ် ၄၄၀၀၊ စားအုန်းဆီတစ်ပိဿာ(လက်လီ) ကျပ် ၂၃၀၀ ရှိပြီး ဈေးကွက်အတွင်း အသား/ငါးဈေးနှုန်းများမှ ကြက် (မွေးမြူရေး) တစ်ပိဿာကျပ် ၆၀၀၀၊ ဝက် (မွေးမြူရေး) တစ်ပိဿာ ကျပ် ၇၀၀၀၊ အမဲ (မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၁၀၀၀၊ ဆိတ်(မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၆၀၀၀၊ ငါး (ငါးမြစ်ချင်း) အလတ်တစ်ပိဿာ ကျပ် ၅၅၀၀ ဖြစ်သည်ဟု ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

ကယားပြည်နယ်အတွင်း ဧပြီလ ၁၉ ရက်ထိရွှေဈေးနှုန်းမှာ ၁၆ ပဲရည်တစ်ကျပ်သားလျှင်ကျပ် ၉၄၈၀၀၀၊ စက်သုံးဆီဈေးနှုန်းများမှာ ဓာတ်ဆီ-ရိုးရိုး တစ်ဂါလံကို ကျပ် ၃၈၅၀၊ အောက်တိန်း (၉၂) တစ်ဂါလံကို ကျပ် ၄၀၀၀၊ ဒီဇယ်-ရိုးရိုး တစ်ဂါလံကို ကျပ် ၃၉၀၀၊ ဒီဇယ်-ပရီမီယမ် တစ်ဂါလံကိုကျပ် ၃၈၅၀တို့ဖြင့် ဈေးပေါက်ကြောင်း ကယားကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

# ပခုက္ကူကုန်စည်ဒိုင်တွင် စွန်တာနီ(ကျွန်း)နှင့် ပဲဇီးကွက်အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၁၇၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၂၃၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၁၇၀၀ဖြင့်အိတ် ၅၀ ခန့်၊ ဒေသထွက်ဖြစ်သော ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၁၀၀၀ ဖြင့်အိတ် ၅၀ခန့်၊ ပဲယင်း (မြစ်ခြေ) တစ်တင်းလျှင် ကျပ် ၁၈၂၀၀ဖြင့် အိတ် ၅၀ခန့်၊ ပဲလွန်းပြာ အသစ်တစ်တင်းလျှင် ကျပ် ၁၆၂၀၀ဖြင့် အိတ်၅၀ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၁၄၀၀ ဖြင့် အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

စွန်တာနီ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၈၈၀၀ ဖြင့်အိတ် ၅၀ခန့်၊ ထီးလင်း (စားတော်ပဲ)တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြင့်အိတ်၁၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ပြောင်းဖူးစေ့ (CP)ဈေးဟာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၀၃၀၀ ဖြင့် အိတ် ၁၀၀ ခန့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ကျွန်းထောဖြူ တစ်တင်းလျှင် ကျပ် ၃၄၀၀၀ ဖြင့် အိတ်၅၀ခန့်၊ ယောထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၄၆၀၀ ဖြင့် အိတ် ၇၀၀ ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။နှမ်းဈေးကွက်တွင် ပြည်ပမှ အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်(ဂွ)တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ ရာမှ ယခုတစ်ပတ်တွင် ကျပ်၃၄၀၀၀ ဖြင့် အိတ် ၃၀ခန့်၊ နှမ်းနက် (စမုံ)တစ်တင်းလျှင် ကျပ် ၃၂၀၀၀မှ ၃၉၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ ဒေသထွက်မန်ကျည်းတောင့်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ကျဆင်းနေပါတယ်။ ယခင်တစ်ပတ်က မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၁၀၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိဿာကျပ် ၉၆၀ ဖြင့် ပိဿာချိန်၁၀၀၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ဧပြီဒုတိယပတ်အထိ ရော်ဘာတန်ချိန် ၃၇၀၀နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧပြီ ၁ ရက်မှ ၁၃ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၉၂၉ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့မှုများမှာ RSS 1 အမျိုးအစား ၇၀၆ တန်၊ RSS 3 အမျိုးအစား ၄၇၇ တန်ခန့်၊ MSR 20 အမျိုးအစား ၂၈၆တန်ခန့် တင်ပို့ခဲ့တာဖြစ်ပြီး ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစားတန်ချိန် ၄၆၀ ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန်လျှင် ကျပ် ၁၆ သိန်းကျော်ရှိပြီး ယခင်တစ်ပတ်ဈေးထက်အနည်းငယ်ဈေးကျကြောင်း မူဆယ်မှသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၁ ရက်မှ ၁၄ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၃ သန်းတန်ဖိုးရှိရော်ဘာအမျိုးအစား RSS 3၊ MSR 20 နဲ့ Crepe Rubber ၁၈၅၄ တန်ခန့်ကို ပြည်ပသို့တင်ပို့ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံသို့ RSS 3 အမျိုးအစားတန် ၂၀၀၊ တရုတ်နိုင်ငံသို့ MSR 20 အမျိုးအစားတန်ချိန် ၁၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစား ၅၅၇ တန်ကျော်၊ MSR 20 အမျိုးအစား ၄၀၅ တန်နဲ့ Crepe Rubber အမျိုးအစား ၄၈ တန်၊ ကိုရီးယားနိုင်ငံသို့ MSR 20 အမျိုးအစား ၄၂၆ တန်၊ ပါကစ္စတန်နိုင်ငံသို့ RSS 3 အမျိုးအစားတန်ချိန် ၁၀၀နဲ့အီးယူနိုင်ငံသို့TSR 20 အမျိုးအစား ၁၈တန်ခန့်တင်ပို့ခဲ့ပါတယ်။

မြန်မာ့ရော်ဘာကို မလေးရှားနိုင်ငံနဲ့ တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့ပြီး အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊စင်ကာပူနိုင်ငံများသို့လည်းတင်ပို့ပါတယ်။ ယခုနှစ်ဧပြီလအတွင်းမှာ ပါကစ္စတန်နဲ့အီးယူနိုင်ငံများသို့ပါ ထပ်မံတင်ပို့နိုင်ပြီဖြစ်ကြောင်းသိရှိရပါတယ်။ **ယဉ်ယဉ်အေး**



## မြန်မာ့ဆိပ်ကမ်းတွင် ၁၉ ၊၄ ၊ ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.ROYAL-36 | P'Oil(In Bulk) ၅၂၆၄ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - SIMA PERFECT | ကုန်သေတ္တာ ၅၇၈ ကုန်တင်ရန် |
| အလုံဆိပ်ကမ်း(၂) | - HANTHAR | Steel Bar ၅၀၄၃ကုန်ချရန် |
| စက်မှုဆိပ်ကမ်း(၄) | - TOVE MAERSK | ကုန်သေတ္တာ ၄၇၂ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၁) | - DESERT VICTORY | ဆန်တန်ချိန် ၂၉၀၀၀ တင်ရန် |
| ဆူးလေဆိပ်ကမ်း(၅) | - NAVI SUNNY | Deformed Bars ၅၀၆၄+1Unit Vehicleကုန်ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၂) | - DAWEI | ကုန်သေတ္တာ ၂၄၀ ကုန်ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - AS SOPHIA | ကုန်သေတ္တာ ၁၅၈ ကုန်တင် ၄၅၇ ကုန်ချရန် |
| MIPLဆိပ်ကမ်း | - SUPERIOR PESCADORES | SteelBundle&Hotel Product Cargo ၃၈၈၈ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၂) | - ARCA | ကုန်သေတ္တာ၁၆၀ကုန်တင်၃၆၂ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၃) | - MCC SHANGHAI | ကုန်သေတ္တာ ၃၅၀ ကုန်တင် ၃၁၉ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - MS NAUTICA | PAX 647 NOS |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LOTUS LEADER | Units Vehicle (RO/RO) ၅၁၇ တန်ကုန်ချရန် | - | ၁၉ ၊၄ ၊ ၂၀၁၈ |
| MONTOR | Cement ၉၀၀၀ ကုန်ချရန် | MALAYSIA | ၂၀ ၊၄ ၊ ၂၀၁၈ |
| U THAR | Urea (In Bulk) ၁၀၀၀၀ ကုန်ချရန် | MALAYSIA | ၂၀ ၊၄ ၊ ၂၀၁၈ |
| ORIENG PLUTO | Steel ၆၄၇၃ ကုန်ချရန် | IRAN | ၂၀ ၊၄ ၊ ၂၀၁၈ |
| RISING SKY | Steel ၃၂၂၀၉ ကုန်ချရန် | CHINA | ၂၄ ၊၄ ၊ ၂၀၁၈ |
| GENIUS STAR 1X | Hotel Project Cargo ၄၅၈၆ ကုန်ချရန် | CHINA | ၂၄ ၊၄ ၊ ၂၀၁၈ |
| LEMANS EXPRESS | Units Vehicle (RO/RO) ၁၂၃၈ တန်ကုန်ချရန် | JAPAN | ၂၇ ၊၄ ၊ ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ANAN BHUN | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉ ၊၄ ၊ ၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉ ၊၄ ၊ ၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀ ၊၄ ၊ ၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀ ၊၄ ၊ ၂၀၁၈ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၁ ၊၄ ၊ ၂၀၁၈ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁ ၊၄ ၊ ၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၂ ၊၄ ၊ ၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂ ၊၄ ၊ ၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT. RIO DOYTONA | ဒီဇယ်ဆီ | - | ၁၉ ၊၄ ၊ ၂၀၁၈ |
| MT.GRATE PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၂၀ ၊၄ ၊ ၂၀၁၈ |
| MT.SK LINE-1 | P'Oil(In Bulk) | INDONESIA | ၂၀ ၊၄ ၊ ၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၂၀ ၊၄ ၊ ၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၂၀ ၊၄ ၊ ၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၂၀ ၊၄ ၊ ၂၀၁၈ |
| MT.OCEAN FALCON | ဒီဇယ်ဆီ | SINGAPORE | ၂၀ ၊၄ ၊ ၂၀၁၈ |
| MT.YU RU | ဒီဇယ်ဆီ | SINGAPORE | ၂၆ ၊၄ ၊ ၂၀၁၈ |
| MT.CORVUS | P'Oil(In Buld) | INDONESIA | ၂၇ ၊၄ ၊ ၂၀၁၈ |

# အမေရိကန်အတွက် အရေးပါသော အာဆီယံ

| သိန်းမြင့်ဝေ |

အာဆီယံသည် အမေရိကန်ပြည်ထောင်စုနိုင်ငံအတွက် အရေးပါနေရခြင်းမှာ အကြောင်းရင်း ၃ မျိုးကြောင့်ဖြစ်သည်။ ၎င်းတို့မှာ ပထဝီအနေအထားအရ မဟာဗျူဟာကျခြင်း (Geo-strategic)၊ စီးပွားရေးအရ အရေးပါခြင်း (Economic Importance) နှင့် နိုင်ငံရေးအရ အရေးပါခြင်း (Political Importance) တို့ဖြစ်သည်။

**ပထဝီဝင်အနေအထားမဟာဗျူဟာကျခြင်း**

အမေရိကန်ပြည်ထောင်စုနိုင်ငံသည် ကမ္ဘာပေါ်တွင် အင်အားအကြီးမားဆုံးနိုင်ငံ (Superpower) ဖြစ်သည်။ ထိုကဲ့သို့ အင်အားကြီးနိုင်ငံဖြစ်သောကြောင့် အရှေ့တောင်အာရှအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးကို စိတ်ဝင်စားမှုရှိသည်။

၁၀ နိုင်ငံပါဝင်သော အာဆီယံဒေသ၏ စုစုပေါင်းလူဦးရေသည် သန်း ၆၃၀ ရှိပြီး အမေရိကန်နိုင်ငံလူဦးရေ ထက် နှစ်ဆရှိပါသည်။ အရှေ့တောင်အာရှဒေသသည် သဘာဝသယံဇာတ ပေါများကြွယ်ဝပါသည်။ အာဆီယံ၏ GDP သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံရှိပြီး ကမ္ဘာ့သတ္တမမြောက်စီးပွားရေးအင်အားကြီးမားသော နိုင်ငံဒေသဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့စတုတ္ထမြောက်စီးပွားရေးအင်အားအကြီးမားဆုံးဒေသဖြစ်လာနိုင်သည်။

ကမ္ဘာ့အရေးပါဆုံးသော ရေလမ်းကြောင်းဖြစ်သည့် မလက္ကာရေလက်ကြားနှင့် စင်ကာပူတို့ကို ဖြတ်သန်းသွားသည့် ဒေသလည်း ဖြစ်သည်။ Lomlook ရေလက်ကြား၊ Sunda ရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်တို့သည် အပြည်ပြည်ဆိုင်ရာ သင်္ဘောလိုင်းများနှင့် ရေကြောင်းကုန်သွယ်ရေးအတွက် အလွန်အရေးပါသည်။

အာဆီယံ ၁၀ နိုင်ငံအနက် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သည် အမေရိကန်ပြည်ထောင်စုနိုင်ငံနှင့် မဟာမိတ်ဖွဲ့ထားသော နိုင်ငံများဖြစ်သည်။ အဆိုပါ နှစ်နိုင်ငံကို နေတိုးမဟာမိတ်မဟုတ်သော အဓိကကျသည့်နိုင်ငံများ (Major non-NATO Allies) အဖြစ် သတ်မှတ်ထားပါသည်။ အမေရိကန်သည် မလေးရှားအပြင် စင်ကာပူနိုင်ငံနှင့်လည်း စစ်ရေးအရ နီးစပ်သောချည်နှောင်မှုများ ပြုလုပ်ထားရှိပါသည်။ အမေရိကန်ပြည်ထောင်စုကာကွယ်ရေး ဦးစီးဌာန (US Defence Department) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ပါသည်။ ၂၀၁၅ ခုနှစ်တွင် အမေရိကန်နှင့် အာဆီယံတို့သည် ယင်းတို့၏ ဆက်ဆံရေးကို မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံများ (Strategic Partnership) အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခဲ့ကြသည်။

**စီးပွားရေးအရ အရေးပါမှု**

အမေရိကန်အတွက် အာဆီယံ၏ ဒုတိယမြောက် အရေးပါသောအချက်မှာ စီးပွားရေးဖြစ်သည်။ အမေရိကန်သည် အာဆီယံဒေသတွင် အမေရိကန်ဒေါ်လာ ၃၀၆ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပါသည်။ အမေရိကန်သည် အာဆီယံဒေသတွင် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ထက် ပိုမိုရင်းနှီးမြှုပ်နှံထားပါသည်။ အာဆီယံဒေသ၏ အမေရိကန်တွင် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံသာရှိပြီး နည်းပါးသောပမာဏဖြစ်ကြောင်း တွေ့ရသည်။ သို့သော်လည်း အာဆီယံ၏ အမေရိကန်တွင် ရင်းနှီးမြှုပ်နှံသော ပမာဏသည် တရုတ်၏ အမေရိကန်တွင် ရင်းနှီးမြှုပ်နှံသော ပမာဏထက် ပိုမိုများပြားနေပါသည်။

အာဆီယံသည် အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ စတုတ္ထမြောက် အများဆုံးကုန်သွယ်ဖက်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် အာဆီယံ-အမေရိကန်အပြန်အလှန်ကုန်သွယ်မှု (Two-way Trade) မှာ အမေရိကန်ဒေါ်လာ ၂၆၂ ဒသမ ၉ ဘီလီယံသို့ ရောက်ရှိမြင့်တက်ခဲ့သည်။ အမေရိကန်သည် အာဆီယံနှင့် ကုန်သွယ်ရာတွင် ဝန်ဆောင်မှု ကုန်သွယ်ရေး (Trade in Services) ၌ ပိုငွေပြလျက်ရှိပါသည်။ အာဆီယံသည်လည်း အမေရိကန်နှင့် ကုန်သွယ်ရာတွင် ကုန်စည်ကုန်သွယ်ရေး (Trade in Goods) ၌ ပိုငွေပြလျက်ရှိပါသည်။

အမေရိကန်သည် အာဆီယံသို့ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်ဖိုးတင်ပို့လျက်ရှိပြီး အမေရိကန် လုပ်သားများအတွက် အလုပ်အကိုင်ပေါင်း ငါးသိန်းခွဲခန့် ဖန်တီးပေးနေကြောင်း ခန့်မှန်းသိရှိရပါသည်။ အမေရိကန် ကုမ္ပဏီများ အထူးသဖြင့် အမေရိကန်နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ (US Multinational Corporations) သည် အာဆီယံဒေသတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ အာဆီယံဒေသ၏ စီးပွားရေးတိုးတက်မှုအလားအလာကောင်းများနှင့် ကြီးထွားလျက်ရှိသော လူလတ်တန်းစားအရေအတွက်က အမေရိကန်ကုမ္ပဏီများအတွက် စီးပွားရေး အခွင့်အလမ်းများကို ပိုမိုပေးစွမ်းနိုင်မည်ဖြစ်သည်။

သို့သော်လည်း အမေရိကန်ကုမ္ပဏီအချို့သည် အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှုဖြစ်သော အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) ကို အနည်းငယ် သံသယရှိဟန်တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရာတွင် အကောက်ခွန်မဟုတ်သော အဟန့်အတားများ (Non-tariff Barriers) ကျန်ရှိနေ သောကြောင့်ဖြစ်သည်။ ထို့ကြောင့် အာဆီယံ၏ တစ်ခုတည်းသောဈေးကွက် (Single Market) ကို ဖန်တီးခြင်းသည် မအောင်မြင်နိုင်ကြောင်းလည်း ထောက်ပြဝေဖန်ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ အာဆီယံသည် ကုန်သွယ်ရေးနှင့် စီးပွားရေးကို လွတ်လပ်ခွင့်ပြုခြင်းနှင့်အတူ အာဆီယံစီးပွားရေးပေါင်းစည်းမှုကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ လက်ရှိအာဆီယံသည် နှစ်စဉ် ၅ ရာခိုင်နှုန်းခန့်ဖြင့် စီးပွားရေးတိုးတက်လျက်ရှိပါသည်။ ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy)၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး (E-commerce)နှင့် အီလက်ထရောနစ် ငွေကြေးပေးချေမှုစနစ် (E-payment) တို့က အာဆီယံ၏ စီးပွားရေးကို ဆက်လက်တိုးတက်စေနိုင်သည်။ အကျိုးဆက်အနေဖြင့် အမေရိကန် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။

အာဆီယံခရီးသွားလုပ်ငန်းသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကဏ္ဍတစ်ခုဖြစ်သည်။ ၂၀၁၅ ခုနှစ် တွင် အမေရိကန်နိုင်ငံသား ၃ ဒသမ ၅ သန်းသည် အာဆီယံသို့ လာရောက်လည်ပတ်ခဲ့ကြပြီး အာဆီယံပြည်သူ ၈ သိန်းနီးပါးသည်လည်း အမေရိကန်သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

နောက်ဆုံးအနေဖြင့် အမေရိကန်ပြည်ထောင်စုနိုင်ငံသည် စင်ကာပူနှင့် လွတ်လပ်သောကုန်သွယ်မှုစာချုပ် ချုပ်ဆိုထားပြီး ဗီယက်နမ်နှင့် ကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုထားပါသည်။ ထို့ပြင် အာဆီယံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူညီချက်များ (Trade and Investment Framework Agreements) ချုပ်ဆိုထားသည်။ ဤသဘောတူစာချုပ်များအရ အာဆီယံ-အမေရိကန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်မည့် အလားအလာကောင်းများကို တွေ့ရသည်။

**နိုင်ငံရေးအရ အရေးပါမှု**

အမေရိကန်အတွက် အာဆီယံ၏တတိယမြောက်အရေးပါသောအချက်မှာ နိုင်ငံရေးဖြစ်သည်။ အာဆီယံသည် အရှေ့တောင်အာရှဒေသအတွင်း ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သည်မှာ ၅၁ နှစ်ရှိပြီဖြစ်သည်။ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအစည်းအဝေး၊ ဆွေးနွေးပွဲနှင့် အခမ်းအနားအမျိုးမျိုးကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ ဥပမာအားဖြင့် အမေရိကန်ပါဝင်ခဲ့သည့် အာဆီယံဒေသဆိုင်ရာဖိုရမ် (Asean Regional Forum)၊ အရှေ့တောင်အာရှထိပ်သီးအစည်းအဝေး (East Asia Summit) နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတို့ကို ကျင်းပနိုင်ခဲ့သည်။

စာမျက်နှာ (၂၂) သို့

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက် အရောင်းအဝယ်အေး

ယခုတစ်ပတ် သင်္ကြန်အခါကာလကျော်လွန်သွားသည့် အတွက် ပြည်ကြက်သွန်နီဈေးကွက်တွင် အရောင်းအဝယ်မှာ သင်္ကြန်မတိုင်ခင်ကာလနှင့်နှိုင်းယှဉ်ပါက အရောင်းအဝယ် အေးသွားကြောင်း သိရပါတယ်။

ယခင်ပုံမှန်ဈေးကွက်ဖြစ်တဲ့ ဒေသတွင်းဝယ်လက် သမားများ၊ အိတ်ဆွဲသမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည် နယ်တို့သို့ တင်ပို့မှု အပါအဝင်နေ့စဉ်တစ်ရက်ကို ဝင်ရောက်မှု ရဲ့ထက်ဝက်ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါ တယ်။ ပုံမှန်ဈေးကွက်အပြင် အချို့စားသုံးသူများမှာ မိမိ တတ်နိုင်သည့်ငွေကြေးပေါ်မူတည်၍ ယခုလိုကြက်သွန်နီ အထွက်လှိုင်ချိန် ဈေးနှုန်းလည်းချိုသာချိန်တွင် ဝယ်ယူ စုဆောင်းထားရှိမှုများ ပြည်ဈေးကွက်အတွင်း တွေ့ရှိနေရ ကြောင်းသိရှိရပါတယ်။ ဝင်ရောက်မှုအနေနဲ့ အောင်လံ၊ တောင်တွင်း၊ မကွေးစတဲ့ နယ်များမှ ကြက်သွန်နီအိတ် ၃၀၀ မှ ၄၀၀ ခန့်နေ့စဉ်ပုံမှန် ဝင်ရောက်မှုရှိနေပြီး သင်္ကြန်မတိုင်ခင် ကထက် ဝင်ရောက်မှု နည်းသွားတာတွေ့ရပါတယ်။ ဈေးနှုန်း အနေနဲ့ ပြည်ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် အရည် အသွေးပေါ်မူတည်၍ ကျပ် ၅၅၀ -၆၀၀-၇၀၀ စသည်ဖြင့် ခွဲခြားရောင်းချလျက်ရှိပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၉၀၀-၁၀၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၆၅၀-၇၀၀၊ (အသေးဆုံး) ကျပ် ၆၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိတဲ့ အတွက် ယခင်သင်္ကြန်အခါ မတိုင်မီကာလနှင့်နှိုင်းယှဉ်ပါက ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်မြင့်တက် သွားပြီး လက်လီဈေးနှုန်းများမှာတော့ ပြောင်းလဲမှုမရှိဘဲ ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

# မူဆယ်မှ ကြက်သွန်နီတင်ပို့မှုပို

ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေ ရိကန်ဒေါ်လာ သုည ဒသမ ၈၃၁သန်း တန်ဖိုးရှိကြက်သွန်နီတန် ၂၄၇၀ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ ခဲ့တဲ့ ၁၃၉၆ တန်နဲ့နှိုင်းယှဉ်ပါက ၁၀၇၄ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

ကြက်သွန်နီကို တိုးတက်တင်ပို့နိုင်ပေမယ့် ပြည်တွင်းစားသုံးမှုများပြားခြင်း၊ ပြည်တွင်းဈေးကြီးမြင့်ခြင်း၊ ပုပ်လွယ်တဲ့ ပစ္စည်းဖြစ်လို့ ပင်လယ်ရေကြောင်းမှတင်ပို့ ရန် ခက်ခဲခြင်းတို့ကြောင့် နယ်စပ်ကုန်သွယ်မှုနဲ့သာ တင်ပို့ရကြောင်း၊ နှစ်စဉ် မလေး ရှား၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ဂျပန်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့နေကြောင်း သိရပါတယ်။

**မော်မော်အောင်**

# ပြည်ကြက်သွန်ဖြူ(ပွဲရုံ)များ ဝယ်လက်နည်းနေ



ပြည်ဈေးကြီးနှင့် ပွဲရုံများတွင် ကြက်သွန်ဖြူအရောင်းအဝယ်နည်းလာတာ တွေ့ရပါတယ်။ တချို့ဒေသတွင်းဈေးသည်များ သင်္ကြန်ရက်အတွင်းဆိုင်များ ပိတ်ကာ နားတာကြောင့် ပွဲရုံများတွင် အိတ်အဆွဲနည်းလာကြောင်းသိရပါတယ်။ တချို့အရောင်းအဝယ်ဈေးသမားများကတော့ ပိတ်ရက်မနားဘဲ ဆက်လက် ရောင်းကြကြောင်းလည်း သိရတာကြောင့် ပွဲရုံများမှာ လက်လီဝယ်လက်သမားများ လောက်သာ အရောင်းအဝယ်ဖြစ်ပြီး ဈေးကွက်မှာ အရောင်းအေးနေတာဖြစ် ကြောင်းလည်း သိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ (ပွဲရုံဈေး) ရှမ်းစတစ် ပိဿာလျှင် ကျပ် ၂၂၀၀၊ ကျပ် ၂၄၀၀၊ ကျပ် ၂၆၀၀ နှင့် (ကြူကုတ်စ)ဈေးမှာ ကျပ် ၁၃၀၀ မှ ကျပ် ၁၄၀၀ ဖြစ်ကြောင်း တွေ့ရပါတယ်။ ဒေသတွင်းလက်လီ အရောင်းဈေးကတော့ (ရှမ်းစ) ကျပ် ၂၈၀၀ မှ ကျပ် ၃၀၀၀၊ (ကြူကုတ်စ) ကျပ် ၁၅၀၀ ဖြင့် ရောင်းချလျက်ရှိပါတယ်။ အရောင်းအဝယ်အေးတာကြောင့် ပွဲရုံတွင် တစ်ပတ်အတွင်း အိတ် ၂၀၀ နီးပါးခန့်သာ အရောင်းအဝယ် ဖြစ်ကြောင်း သိရပါ တယ်။

**နီနီဝင်း**

## မန်ကျည်း

# ပြည်မန်ကျည်းမှည့် ဈေးမကျဘဲရှိနေ

ယခုရက်ပိုင်း ပြည်မန်ကျည်းမှည့်ပွဲရုံများ ရခိုင်သို့ မန်ကျည်းမှည့်တင်ပို့မှုများရှိနေတာတွေ့ရပါတယ်။ သင်္ကြန်ရက်များတွင် ပြည်ဈေးကြီးနှင့်ပွဲရုံများပိတ်တာကြောင့် သင်္ကြန်ရက်မတိုင်မီ ရခိုင်၊ သံတွဲ၊ ရန်ကုန်သို့ အဝယ်ရှိလို့ ဆက်လက်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဒေသတွင်း အစေ့လွတ်မန်ကျည်းမှည့်ဈေးကျလာတာ သိပ်မတွေ့ရဘဲ ဈေးငြိမ်နေတာ တွေ့ရပါတယ်။

မန်ကျည်းမှည့်ပေါက်ဈေးတွေကတော့ (ပွဲရုံ ဈေး) အစေ့လွတ်တစ်ပိဿာ ကျပ် ၁၈၀၀ မှ ကျပ် ၂၀၀၀ ထိရှိပြီး (လက်လီ ဈေး) ဒေသတွင်းဈေးများမှာတော့ တစ် ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် ရောင်းချလျက်ရှိနေပါတယ်။ မန်ကျည်းမှည့်ဟာ ပြည်မှ ဒေသထွက်ကုန်တစ်မျိုးဖြစ်သော်လည်း ယခုနှစ်မှာနယ်အတင်ရှိနေတာကြောင့် ဈေးနှုန်း ကျလာတာမတွေ့ရဘဲ အမြင့်ဈေးနဲ့သာ ငြိမ်ပြီး အရောင်းအဝယ်ပြုလုပ်နေတာတွေ့ရပါတယ်။

**နီနီဝင်း**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မန်ကျည်းအများဆုံးတင်ပို့

ဧပြီလ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းနှစ်ပတ်အတွင်း မန်ကျည်း ၇၄၈၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ နိုင်ငံနဲ့တန်ချိန်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၃၉၈၀ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၅၉၈ တန်၊ အီရန်နိုင်ငံသို့ တန်၅၀၊ မလေးရှားနိုင်ငံသို့ ၁၀၂၃ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၇၂ တန်၊ စင်ကာပူနိုင်ငံသို့ ၁၂၈၇ တန်နဲ့ သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၃၅၀နဲ့ ထိုင်းနိုင်ငံသို့ ၁၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီသီတင်းပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၇၂၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

## နှမ်း

# နှမ်းတန်ချိန် ၄၀၀နီးပါးတင်ပို့

ဧပြီလ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းနှစ်ပတ်အတွင်း နှမ်း ၃၉၈ ဒသမ ၇၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံနဲ့ တန်ချိန်မှာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၁ ဒသမ ၂ တန်၊စင်ကာပူ နိုင်ငံသို့ ၁၀၀ ဒသမ ၅၂ တန်၊ အိန္ဒိယနိုင်ငံသို့ ၁၁၂ တန်နဲ့ မလေးရှားနိုင်ငံသို့ ၁၈၄ ဒသမ ၉၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ နှမ်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂၉၁၁၈၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# အရောင်းအဝယ်အေးနေတဲ့ ရှမ်းနှမ်း

ရှမ်းနှမ်းလည်းချင်းလိုပါပဲ သင်္ကြန်ပြီးစအချိန်မို့ ဈေးကွက်ကို အဝင်နည်း နေပါသေးတယ်။ အရောင်းအဝယ်ကလည်း သိပ်ပြီးမဖြစ်သေးပါဘူး။ သင်္ကြန် မတိုင်မီကာလမှာ ချင်း(စို)ကိုဝယ်ယူနေတဲ့ မြို့တွေကပဲ နှမ်းခြောက်ကိုဝယ်ယူခဲ့ တာကြောင့် တစ်ပတ်အတွင်းပိဿာချိန် ခုနစ်သောင်းသုံးထောင်ခန့် အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာလည်းအရောင်းအဝယ်ကသိပ်ပြီးမဖြစ်သေးပါဘူး။ ပြည်ပ ဝယ်လက်တွေကတော့ အမေးသာရှိပြီး အဝယ်ကတော့မရှိသေးပါဘူး။ ပြည်တွင်း သုံးတွေသာရှိပြီး လက်လီအမှုန့်ကြိတ်နဲ့ ပရဆေးဖော်ဖို့အတွက်သာ ဝယ်ယူမှုရှိနေ ပါတယ်။ နှမ်းဟောင်းကတော့ လက်ကျန်အနည်းငယ်သာ ကျန်ရှိတယ်လို့လည်း သိရှိရပါ တယ်။ ဒီတစ်ပတ်ရှမ်းနှမ်းပေါက်ဈေးက (တောင်ပို့လစ)တွေက အနိမ့် ဆုံးကျပ် ၁၀၀၀ မှ အမြင့်ဆုံးကျပ် ၁၇၀၀ နဲ့ ဆင်တောင်နှမ်းက ကျပ် ၂၅၀၀ဈေးရှိ ကြောင်း သိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# မူဆယ်မှ နှမ်းတန်သုံးရာကျော်တင်ပို့

ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၂၂၅၀၄ တန်ဖိုးရှိနှမ်းတက်(ရှမ်းစ) ၃၀၄ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ် က တင်ပို့ခဲ့တဲ့ တန် ၆၀၀ ကျော်နဲ့နှိုင်းယှဉ်ပါက ၂၉၆ တန်ကျော်လျော့နည်းတင်ပို့ ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ် ၉၆၅၇၉၀ ဈေးခန့်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၀၇၈၅၀ ဝန်းကျင်ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ချင်း

# ငြိမ်နေတဲ့ရှမ်းချင်း

သင်္ကြန်လွန်ကာလဖြစ်လို့ သီးနှံတွေအရောင်းအဝယ်က ခပ်အေးအေးသာ ဖြစ်နေပါတယ်။ ရှမ်းပြည်နယ်ရဲ့ဓလေ့အရ သင်္ကြန်ကာလတစ်လလုံး ပွဲရုံပိုင်ရှင်များ၊ တောင်သူများကအလှူအတန်းလုပ်နေတာကြောင့် သီးနှံဝယ်လိုအား၊ ရောင်းလို အားတွေကတန့်နေပါတယ်။ သင်္ကြန်မတိုင်မီက တောင်သူတွေထုတ်ရောင်းကြ တာကြောင့် အရာင်းအဝယ်အနည်းငယ်တော့ဖြစ်ခဲ့ပါတယ်။ ချင်း(စို)ကတော့ ဝယ်ယူနေကျမြို့တွေအပြင် ရန်ကုန်၊ မော်လမြိုင်၊ စစ်တွေစတဲ့မြို့တွေကပါ ဝယ်ယူ နေတာကြောင့် သင်္ကြန်ရက်မတိုင်မီကာလမှာ ချင်းပိဿာချိန်ပေါင်း တစ်သိန်း ရှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ပိဿာပေါက်ဈေးက ကျပ် ၄၀၀ မှ ကျပ် ၅၀၀ အထိ ဈေးရရှိခဲ့တယ်လို့သိရပါတယ်။ ယခုသင်္ကြန်ပြီး ကာလမှာတော့ ပွဲရုံတွေကလည်းစပြီး ဖွင့်ကာစဖြစ်လို့ အရောင်းအဝယ်က တော့သိပ်ပြီးမဖြစ်သေး ဘူးလို့လည်း ဒေသခံပွဲရုံတွေထံက သိရှိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်း(စို)တစ်ပိဿာပေါက်ဈေး အနိမ့်ဆုံးကျပ် ၂၀၀ မှ အမြင့်ဆုံးကျပ် ၄၀၀ နဲ့ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၇၀၀ မှ ကျပ် ၉၀၀ နဲ့ဈေးပြန်ဖွင့်တယ်လို့ သိရှိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# ချင်းတန်ချိန် ၂၀၀၀ကျော်တင်ပို့

ဧပြီလ၁ ရက်မှ ၁၄ ရက် သီတင်းနှစ်ပတ်အတွင်း ချင်း ၂၂၀၆ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံနဲ့ တန်ချိန်မှာ ဩစတြေးလျနိုင်ငံသို့ ၁ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၉၈၈ ဒသမ ၅ တန်၊ ဂျာမနီနိုင်ငံသို့ ၁၀ တန်၊ စင်ကာပူနိုင်ငံသို့ ၁၆၆ ဒသမ ၅ တန်နဲ့ သီရိလင်္ကာ နိုင်ငံသို့ ၄၀ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုသီတင်းပတ်အတွင်း ချင်းအစိုတင်ပို့သလို ချင်းခြောက်လည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ချင်းခြောက် ကို သီရိလင်္ကာနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့လည်းသိရပါတယ်။ ချင်းခြောက် တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၅၀၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းစိုတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၂၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေ ရိကန်ဒေါ်လာ ၅၅၂၇၆၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# qdkuf,fpufbD;wm,mESifh uRwfsm;ukefynfwGifwGif pwifxkwfvkyfzeDxL;jcif;jzifh pD;yGm;a&;atmifjrifaeonfh pyg;ESifhwm,mEStkuRwfpufkH






**သန်းထိုက်အောင်**

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသောနိုင်ငံများတွင် အရေးပါသော အရင်းအမြစ်တစ်ခုမှာ စွန့်ဦးတီထွင် လုပ်ငန်းရှင်များပင် ဖြစ်သည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များမှ ဈေးကွက်အတွင်းသို့ နည်းပညာအသစ်များ တင်သွင်းခြင်း၊ ထုတ်ကုန်အသစ်များ ရောင်းချခြင်းနှင့် ဈေးကွက်ပြိုင်ဆိုင်မှုမှတစ်ဆင့် ကုန်ပစ္စည်းအရည်အသွေးမြှင့်တင်နိုင်ခြင်းတို့မှာ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်း၏ အနုပညာတစ်ရပ်လိုပင်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ယနေ့ပြည်တွင်းတွင် အောင်မြင်စွာ စွန့်ဦးတီထွင်၍ စက်ဘီး၊ ဆိုင်ကယ်တာယာများ ထုတ်လုပ်ရောင်းချနိုင်အောင် ဆောင်ရွက်နေသော Flying Wheel Industries Co., Ltd ၏ စပါးနှံတာယာစက်ရုံအား သွားရောက်လေ့လာမှုကို တင်ပြလိုပါသည်။

အဆိုပါစက်ရုံသည် မန္တလေးမြို့တွင်အခြေစိုက်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တာယာများအား ဖြန့်ဖြူးရောင်းချလျက်ရှိပြီး၊ မန္တလေးတိုင်းဒေသကြီးတွင် အခွန်ထမ်းဆောင်မှုအများဆုံးကုမ္ပဏီ ၅၀ စာရင်းဝင်ဖြစ်ကာ မြန်မာနိုင်ငံတွင် ပထမဆုံးစက်ဘီး၊ ဆိုင်ကယ်တာယာများထုတ်လုပ်နိုင်ခဲ့သော ကုမ္ပဏီဖြစ်ကြောင်းကိုလည်း သိရပါသည်။

စပါးနှံတာယာစက်ရုံကို ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံထွက် ရော်ဘာကုန်ကြမ်းကို နိုင်ငံတကာသို့တင်ပို့ကာ ကုန်ချော ပြန်လည်ဝယ်ယူနေရသော အခြေအနေကို သွေဖည်၍ ပြည်တွင်း၌ပင် ဒေသထွက်ရော်ဘာဖြင့် တာယာထုတ်လုပ်နိုင်ရန် ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ စတင်တည်ထောင်ခဲ့ချိန်က တရုတ်နိုင်ငံအစိုးရပိုင် ဆန်းယီတာယာစက်ရုံနှင့် လက်တွဲလုပ်ကိုင်ခဲ့ပြီး ၎င်းတို့၏နည်းပညာဖြင့်စက်ရုံကို တည်ထောင်ခဲ့ခြင်းဖြစ်ကာ ပြည်တွင်းကုန်ကြမ်းရော်ဘာမှ ကုန်ချောဖြစ်သောတာယာများကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ကိုယ်တိုင်ရပ်တည်လာနိုင်ခဲ့ပြီးနောက် ဆန်းယီတာယာစက်ရုံနှင့် လက်တွဲဖြုတ်ကာ နိုင်ငံသားပိုင်တာယာစက်ရုံအဖြစ် ရပ်တည်နိုင်ခဲ့သော ကုမ္ပဏီလည်း ဖြစ်သည်။

**စာမျက်နှာ ၁၄ သို့**






## ခာတ်ဆီ/ဒီဇယ်

# ဧပြီလ သီတင်းနှစ်ပတ်အတွင်း ဒီဇယ်၊ ဓာတ်ဆီ တန်ချိန် နှစ်သိန်းကျော်ဝင်

ဧပြီ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၉၈၄၀၆၂ တန်ဖိုးရှိ ဓာတ်ဆီ ၄၆၈၄၂ ဒသမ ၈၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၉၈၃၃၃၃၄၃ တန်ဖိုးရှိ ဒီဇယ် ၁၇၃၀၇၂ ဒသမ ၇၁ တန်၊ စုစုပေါင်း ၂၁၉၉၁၅ ဒသမ ၅၅ တန် ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ မတ်လ နောက်ဆုံးပတ်အတွင်း တင်သွင်းခဲ့တဲ့ ဒီဇယ်၊ ဓာတ်ဆီ တန်ချိန် ၆၆၂၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၅၃၆၀၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၇၃ သန်းတန်ဖိုးရှိ Re-export ဒီဇယ် ၁၂၇၀၈ ဒသမ ၈၆၇၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၃၁၀၀၀ တန်ဖိုးရှိ Re-export ဒီဇယ် တန်ချိန် ၂၀၀၀ တင်ပို့ခဲ့ပြီး၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၁၈၄၂၀ တန်ဖိုးရှိ ဒီဇယ် ၈၃၃ ဒသမ ၄၂၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၀၇၆၃၅ တန်ဖိုးရှိ ဓာတ်ဆီ ၂၈၅ ဒသမ ၉၅ တန် တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၈၇၈၈၅၉ တန်ဖိုးရှိ ဒီဇယ် ၃၁၂၀ ဒသမ ၈၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်စျေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ စျေးနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာ ဒီဇယ် ၈၂၅ကျပ်၊ အောက်တိန်း(92) ၇၉၅ ကျပ်၊ အောက်တိန်း(95) ၈၃၅ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၃၅ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ ဧပြီ ၁၈ ရက်မှာ ဒီဇယ်ဝယ်စျေး ကျပ် ၁၇၆၀၀၀၊ ရောင်းစျေး ကျပ် ၁၈၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဧပြီ ၁၈ ရက်မှာ ဓာတ်ဆီဝယ်စျေး ကျပ် ၁၇၇၀၀၀၊ ရောင်းစျေး ကျပ် ၁၇၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် စျေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ စျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မန္တလေးစျေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာစျေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၉၁၀၊ ဒီဇယ် တစ်လီတာ ကျပ် ၈၆၀၊ အဆင့်မြင့် ဒီဇယ်တစ်လီတာ ကျပ် ၈၇၀၊ အောက်တိန်း (92) တစ်လီတာကျပ် ၈၇၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ ဧပြီ ၁၈ ရက်တွင် ဒီဇယ်ဝယ်စျေးကျပ် ၁၇၉၀၀၀၊ ရောင်းစျေး ကျပ် ၁၈၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဧပြီ ၂၀ ရက်တွင်ဝယ်စျေး ကျပ်၃၀၀၀ ၊ ရောင်းစျေး ကျပ် ၂၀၀၀ စျေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92) စျေးမှာ ဧပြီ ၁၈ ရက်တွင် ဝယ်စျေး ကျပ် ၁၇၂၀၀၀၊ ရောင်းစျေး ကျပ် ၁၇၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဧပြီ၂၀ ရက်တွင် ဝယ်စျေး ကျပ် ၃၀၀၀၊ ရောင်းစျေး ကျပ် ၂၀၀၀ စျေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ စျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(95)နဲ့ အောက်တိန်း(92)မှာ စျေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ်ကျပ် ၈၈၀၊ အောက်တိန်း(92) ၈၄၅ ကျပ်၊ အောက်တိန်း (95) ၈၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၉၀၀ ၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ပထဝီဝင်နိုင်ငံရေး အခြေအနေများကြောင့် ဒေါ်လာစျေးအပေါ် ရိုက်ခတ်မှုရှိ

ပြည်တွင်းငွေလဲစျေးကွက်သည် သင်္ကြန်ကာလပြီးဆုံးသည့် ဧပြီတတိယပတ်အတွင်းစျေးငြိမ်နေခဲ့ပြီး အရောင်းအဝယ်အေးခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၃၀ ကျပ်မှ အမေရိကန်ဒေါ်လာ ၁၃၂၈သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များ လာမည့်လအနည်းငယ်အတွင်း ဆွေးနွေးပွဲများပြုလုပ်လာမည့်သတင်းများ ထွက်ပေါ်လာခြင်းနှင့်အတူ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများက ကမ္ဘာ့စီးပွားရေးအခြေအနေကို စောင့်ကြည့်လာခြင်း၊ ဆီးရီးယားစစ်ပွဲကြောင့် အမေရိကန်-ရုရှား နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှုပေါ်ပေါက်လာခြင်းကြောင့် ဒေါ်လာစျေးမှာ နိုင်ငံတကာစျေးကွက်တွင် မျက်နှာပန်းမလှခြင်းဖြစ်ကြောင်း ပြည်တွင်းဒေါ်လာငွေကြေးအရောင်းအဝယ်စျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းစျေးကွက်တွင် ဧပြီ ၁၈ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၂၃ ကျပ်၊ ဝယ်စျေး ၁၃၂၅ ကျပ်ဖြင့် ဧပြီ ၂၀ ရက်အထိ စျေးငြိမ်သက်ခဲ့ပြီး အရောင်းအဝယ်အေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# မဟာသင်္ကြန်ကာလအပြီး ပြည်တွင်းရွှေစျေးမြင့်တက်

ဧပြီတတိယပတ် မဟာသင်္ကြန်ကာလအပြီးတွင် ပြည်တွင်းရွှေစျေးကွက်မှာ စျေးမြင့်တက်လာခဲ့ပြီး ကမ္ဘာ့ရွှေစျေးမှာလည်း ဆီးရီးယားစစ်ပွဲပေါ်ပေါက်လာမှုနှင့်အတူ စျေးနှုန်းမြင့်တက်ခဲ့ကြောင်း ပြည်တွင်းရွှေစျေးကွက်မှ စုံစမ်းသိရှိရသည်။ ဧပြီပထမပတ်က ကျပ် ၉၄၁၀၀၀ စျေးရှိခဲ့သော ပြည်တွင်းရွှေစျေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၄၆၀၀၀ သို့မြင့်တက်ခဲ့ကြောင်း သိရသည်။

"နောက်လည်း ရွှေစျေးကဆက်တက်ဖို့ အလားအလာရှိတယ်။ အမေရိကန်ရဲ့ ဆီးရီးယားစစ်ပွဲဆင်နွှဲလာမှုနဲ့ ကမ္ဘာ့ရေနံစျေးတွေ ပြန်တက်လာတာကရွှေစျေးကိုတက်ဖို့ အားဖြည့်ပေးလိုက်သလိုပဲ။ ရွှေက လောလောတယ် စိတ်ချရတယ်လေ။ ကမ္ဘာ့ရွှေစျေးဆိုရင် တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၃၆၅ လောက်အထိ တက်ဖို့မြင်တယ်။ အဝယ်များကြတာပေါ့"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေစျေးကွက်တွင် ဧပြီ ၁၈ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၄၅၀၀ ဝန်းကျင်ရှိခဲ့ရာမှ ဧပြီ ၁၉ ရက်တွင် ကျပ် ၉၄၉၀၀၀ သို့မြင့်တက်လာခဲ့ကာ ဧပြီ ၂၀ ရက်တွင် ကျပ် ၉၄၆၀၀၀ ဖြင့် စျေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေစျေးကွက်တွင်လည်း ဧပြီ ၁၈ ရက်က တစ်အောင်စလျှင် ၁၃၄၆ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဧပြီ ၁၉ ရက်တွင် တစ်အောင်စလျှင် ၁၃၄၇ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဧပြီ ၂၀ ရက်တွင် ၁၃၄၃ အမေရိကန် ဒေါ်လာသို့ ကျဆင်းခဲ့သည်။ **သန်းထိုက်အောင်**

# နယ်မြို့များတွင် ရင်းနှီးမြှုပ်နှံမှုအကောင့်ဖွင့်လှစ်နိုင်မည့်နည်းလမ်းများ အသိပေး

နယ်မြို့များရှိ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ရန်ကုန်စတော့အိပ်ချိန်း (YSX) ရှိ အစုရှယ်ယာများကို ဝယ်ယူလိုပါက ရင်းနှီးမြှုပ်နှံမှုအကောင့် (Securities Account) ဖွင့်လှစ်နိုင်မည့် နည်းလမ်းများကို ရန်ကုန်စတော့အိတ်ချိန်းက အသိပေးထုတ်ပြန်ထားသည်။

နယ်မြို့များတွင် ရင်းနှီးမြှုပ်နှံမှုအကောင့် (Securities Account) ကို နီးစပ်ရာဘဏ်ခွဲများတွင် ဖွင့်လှစ်နိုင်ကြောင်း၊ KBZSCအတွက် ကမ္ဘောဇဘဏ်(KBZ)၊ AYATSCအတွက် ရောဝတီဘဏ်(AYA)၊ CB Securities အတွက် သမဝါယမဘဏ်(CB)၊ AIS အတွက်ယူနိုက်တက်အမရာဘဏ်(UAB) တို့တွင်ဖွင့်လှစ်နိုင်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအကောင့် (Securities Account) ဖွင့်လှစ်မည်ဆိုပါက အမျိုးသားမှတ်ပုံတင်လက်မှတ်နှင့် သန်ခေါင်စာရင်းတို့ကို ယူဆောင်သွားရမည်ဖြစ်သည်။

"ကျန်ရှိနေသေးတဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company)တွေအတွက် ရင်းနှီးမြှုပ်နှံမှုအကောင့် (Securities Account) ဖွင့်လှစ်နိုင်တဲ့ ဘဏ်ခွဲကို နောက်ပိုင်းမှာ ဖော်ပြပေးပါမယ်။ နယ်မြို့တွေမှာ ရှယ်ယာအရောင်းအဝယ်ပြုလုပ်မယ်ဆိုရင် Securities Companies တွေကို ဖုန်းဆက်အရောင်းအဝယ် အော်ဒါတင်နိုင်သလိုOnlineနဲ့လည်း အရောင်းအဝယ်ပြုလုပ်နိုင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်စတော့အိတ်ချိန်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။ နယ်မှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်Online Trading က ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ခြင်းကြောင့် မိမိစာရင်းဖွင့်လှစ်စဉ်ကပင် Online Trading အသုံးပြုရန် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16-April | - | - | - | - | 934.00 |
| 17-Apri | - | - | - | - | 932.00 |
| 18-Apri | 16.71 | 3147.31 | 2403.24 | 6815.65 | 919.00 |
| 19-April | 17.22 | 3225.55 | 2575.59 | 6986.46 | 909.00 |
| 20-April | 17.16 | 3189.85 | 2404.12 | 6871.41 | 907.00 |

## Currency Exchange Rate

April 20, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 83.50 |
| CAD | Canada Dollars | 1.27 |
| CNY | China Yuan Renminbi | 6.28 |
| EUR | Euro | 0.81 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 66.01 |
| I DR | Indonesia Rupiahs | 13819.07 |
| JPY | Japan Yen | 107.65 |
| MYR | Malaysia | 3.89 |
| PKR | Pakistan Rupees | 115.66 |
| PHP | Philippines Pesos | 52.11 |
| RUB | Russia Rubles | 61.00 |
| SGD | Singapore Dollars | 1.31 |
| KRW | South Korea Won | 1066.24 |
| LKR | Sri Lanka Rupe | 156.37 |
| THB | Thailand Baht | 31.24 |
| GBP | United Kingdom Pounds | 0.71 |
| VND | VietnamDon | 22774.95 |

*Source:xe.com*

## World Gold Price

April-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | - | - | - |
| 17 | - | - | - |
| 18 | 1346 | 1344 | 1344 |
| 19 | 1355 | 1353 | 1353 |
| 20 | 1346 | 1344 | 1345 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-4- 2018 | - | - |
| 17-4- 2018 | - | - |
| 18-4- 2018 | 944.00 | 943.50 |
| 19-4- 2018 | 948.00 | 947.50 |
| 20-4- 2018 | 946.00 | 946.60 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 6.27 | 31.20 | 83.04 | 65.47 |
| 17 | 6.28 | 31.22 | 83.01 | 65.67 |
| 18 | 6.29 | 31.23 | 83.89 | 65.69 |
| 19 | 6.27 | 31.21 | 83.00 | 65.80 |
| 20 | 6.28 | 31.24 | 83.50 | 66.01 |

## Energy NYMEX

20-4-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 68.12 | -0.17 | -0.25 |
| Brent Crude Futr (USD/bbl) | 73.64 | -0.14 | -0.19 |
| Gasoline Rbob Fut (Cent/gal) | 207.83 | 0.09 | 0.04 |
| Natural Gas Futr (USD/MMBtu) | 2.67 | 0.01 | 0.53 |
| Heating Oil Futr (Cent/gal) | 210.88 | -0.08 | -0.03 |

## ဘိလပ်မြေ

# သီတင်းနှစ်ပတ်အတွင်း ဘိလပ်မြေတန်ချိန် ၈၀၀၀ကျော်ဝင်

ဧပြီလ၁ရက်မှ ၁၄ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၆၈၇၈၄ တန်ဖိုးရှိဘိလပ်မြေ ၈၄၁၉ ဒသမ ၄၀ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၃၃၆ တန်၊ ဂျာမနီနိုင်ငံမှ သုည ဒသမ ၉ တန်၊ မလေးရှားနိုင်ငံမှ ၈၀၀၇ ဒသမ ၅၀တန်နဲ့ ထိုင်းနိုင်ငံမှ ၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မတ်လနောက်ဆုံးသီတင်းပတ် ဘိလပ်မြေတင်သွင်းမှုတန်ချိန် ၁၈၄၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၀၀၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဧပြီလ၇ ရက်မှ ၁၃ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၈၃၀၀ကျော်ရှိပြီး ယခင်သီတင်းပတ်ကဘိလပ်မြေအဝင်မှာ တန်ချိန် ၉၅၁၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၂၀၀ ကျော် အဝင် လျော့ခဲ့တယ်လို့သိရပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀ ၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၅၀၊စိန်(ထိုင်း) ကျပ် ၅၇၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** သင်္ကြန်ပြီးကာလလုပ်ငန်းများလည်း ပြန်လည်လုပ်ကိုင်မှု မရှိသေးတာကြောင့် အရောင်းအဝယ်အေးသလို ဈေးလည်း ငြိမ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊အယ်လ်ဖာကျပ်၄၉၀၀၊ ဘလူး ဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရ ပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၄၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** သင်္ကြန်အပြီး ဆိုင်တွေလည်း အားလုံးမဖွင့်ကြသေးသလို လုပ်ငန်းလုပ်ကိုင်မှုတွေလည်းနည်းနေလို့ အရောင်းအဝယ်ပါးပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ်၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၄၀၀၊ နဂါး ကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ဧပြီလသီတင်းနှစ်ပတ်အတွင်း မြေသြဇာတန်ချိန် ၁၃၀၀၀ကျော်ဝင်

၂၀၁၈ ဧပြီလ ၁ ရက်မှ၁၄ရက်အထိ သီတင်းနှစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၈၇၀၆၂ တန်ဖိုးရှိ မြေသြဇာ ၁၃၃၄၈ ဒသမ ၁၅၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံများနဲ့တန်ချိန်မှာ ဘီလာရုစ်နိုင်ငံမှ ၁၀၁၇ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ တန်ချိန် ၈၉၇၊ ကနေဒါနိုင်ငံမှ တန်ချိန် ၂၁၀၀၊ ဂျာမနီနိုင်ငံမှ ၂၀၁၀ ဒသမ ၂၅ တန်၊ အီရန်နိုင်ငံမှ ၃၀၁၀ တန်၊ ကိုရီးယား နိုင်ငံမှ ၁၃၂၉ ဒသမ ၄၈၊ မလေးရှားနိုင်ငံမှ ၅၃၈ ဒသမ ၀၂၉တန်၊ နယ်သာလန်နိုင်ငံမှ ၅၄ ဒသမ ၇၂ တန်၊ နော်ဝေနိုင်ငံမှ ၈၄၁ ဒသမ ၇၃တန်၊ ထိုင်းနိုင်ငံမှ ၇၀၆ ဒသမ ၄၃၆ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၈၄၃ ဒသမ ၀၁ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ပိုတက်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ဖလော်ရာ၊ ယူရီးယား ၄၆%၊အော်ဂဲနစ်(အရည်)၊ ကွန်ပေါင်း(၁၂း၁၁း၁၈)၊ ကွန်ပေါင်း (၂၀း၁၀း၂၀)၊ ကွန်ပေါင်း(၁၃း၁၃း၂၁)နဲ့ ဓာတ်ဆားတို့ ဖြစ်ပါတယ်။

# အရောင်းအဝယ်အေးနေတဲ့ မြေသြဇာဈေးကွက်

ဧပြီလ ၇ ရက်မှ ၁၃ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၃၆၄၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၅၁၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၄၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊တောင်ကြီး၊မကွေးနဲ့ မန္တလေးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** သင်္ကြန်အပြီးကာလ ဆိုင်များလည်း အဖွင့်နည်းသေးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်အရောင်းအဝယ်က အေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**အရောင်းအေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** သင်္ကြန်အပြီးဒီတစ်ပတ်မှာ တချို့ဆိုင်များလည်း မဖွင့်သေးသလို ဝယ်သူပါးတယ်လို့သိရပါတယ်။ ဒါကြောင့်အရောင်းအဝယ် အေးသလို ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၀၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၈၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၈၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၇၃၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၄၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ်၁၈၅၀၀၊တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ်၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာအရောင်းအေးပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီအချိန်မှာဖွင့်တဲ့ ဆိုင်နည်းသလို ဝယ်သူလည်းပါးတယ်၊ လကုန်ပိုင်းလောက်မှာတော့ အရောင်းအဝယ်တွေ ပုံမှန်ပြန်ဖြစ်နိုင်တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ခန့်မှန်းပြောဆိုပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ (၄၆%တရုတ်)ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၀၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ ပိုတက် ကျပ် ၂၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၁၀၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ကျော်ဝင်

ဧပြီလ ၁ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း နို့ဆီ ၁၀၈၆ ဒသမ ၂၉၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၅၆ ဒသမ ၀၅၃ တန်၊ စင်ကာပူနိုင်ငံမှ ၉၁၉ ဒသမ ၂၉၆တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၀ ဒသမ ၉၄၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ တီးပေါ့၊ ဒွန်း၊ အိုကေ၊ ကောင်းဘဲလ်တို့ ဖြစ်ပါတယ်။

နို့မှုန့်က ပြင်သစ်နိုင်ငံမှ ၃ ဒသမ ၅၂၈ တန်၊ မလေးရှားနိုင်ငံမှ ၃၃ ဒသမ ၆၈၃တန်၊ နယူးဇီလန်နိုင်ငံမှ ၂၆၉ ဒသမ ၅ တန်၊ ပိုလန်နိုင်ငံမှ ၂၂ တန်နဲ့ စင်ကာပူနိုင်ငံမှ သုည ဒသမ ၃၀ တန်၊ စုစုပေါင်း ၃၂၉ ဒသမ ၀၁၁ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၄ မှ ၁၃/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၁/၃ မှ ၆/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၄·၀၀ | - | (+) | ၁၂၄·၀၀ |
| ၂။ | လွယ်ဂျယ် | ၃၃၀·၀၀ | - | (+) | ၃၃၀·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၇၂၉·၅၀ | ၂၅၁၂·၀၀ | (-) | ၁၇၈၂·၅၀ |
| ၅။ | တာချီလိတ် | ၁၀၀၀·၀၀ | ၄၁၀၀·၀၀ | (-) | ၃၁၀၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၆၁၂၅·၀၀ | ၂၉၀၀·၀၀ | (+) | ၃၂၂၅·၀၀ |
| | စုစုပေါင်း | ၈၃၀၈·၅၀ | ၉၅၁၂·၀၀ | (-) | ၁၂၀၃·၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၄ မှ ၁၃/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၁/၃ မှ ၆/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀၂၈၆·၃၅ | ၁၁၂၆၄·၅၀ | (-) | ၉၇၈·၁၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | ၉၉·၅၀ | (-) | ၉၉·၅၀ |
| ၄။ | ကန်ပိုက်တီး | ၆၇၀·၀၀ | ၄၄၀·၀၀ | (+) | ၂၃၀·၀၀ |
| ၅။ | မြဝတီ | ၁၀၄၃·၆၀ | ၂၀၂၉·၈၆ | (-) | ၉၈၆·၂၆ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၁၆၅၀·၀၀ | ၁၃၀၀·၀၀ | (+) | ၃၅၀·၀၀ |
| | စုစုပေါင်း | ၁၃၆၄၉·၉၅ | ၁၅၁၃၃·၈၆ | (-) | ၁၄၈၃·၉၁ |

ခင်မိုးသူ

## နှမ်း

# ဈေးဆက်ငြိမ်နေတဲ့ ပြည်နှမ်းဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးမှာသင်္ကြန် ကာလပြီးသွားပေမယ့် ဈေးပြောင်းလဲမှုမရှိဘဲငြိမ်နေတာ တွေ့ရပါတယ်။ ဈေးကွက်သို့ နွေနှမ်းအသစ်များဝင်ရောက်မှုမရှိသေး၍ အရောင်းအဝယ်အနည်းငယ်သာဖြစ်လျက်ရှိပါတယ်။ အချို့ပွဲရုံများဆိုလျှင် အရောင်းအဝယ်မဖြစ်လို့ ဈေးဖွင့်ထားခြင်းမရှိတာတွေ့ရပါတယ်။ ဝယ်လက်များကလည်း သင်္ကြန်ပိတ်ရက်နှင့်ရောပြီး နားနေကြသဖြင့် အရောင်းအဝယ်မဖြစ်တာတွေ့ရပါတယ်။ အချို့ပွဲရုံများကဖွင့်ထားသလို အချို့ပွဲရုံများကဖွင့်ထားပေမယ့် အရောင်းအဝယ်မဖြစ်တာတွေ့ရပါတယ်။ ပြည်ဈေးကွက်တွင် ဆီကြိတ်နှမ်းနီလက်ကျန်မှာ မရှိသလောက်ရှားသွားသဖြင့် တချို့ဆီစက်များမှာ ဆီကြိတ်ရန်နှမ်းကိုရှာဖွေပြီး ဝယ်ယူကြိတ်ခွဲနေတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၅၀၀၀ နှင့် စမုံနက်နှမ်းသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် ဈေးငြိမ်နေတာတွေ့ရပါတယ်။

ဝေဝေမင်း(ပြည်)

## မြေပဲ

# ဈေးဆက်လက်ကျဆင်းနေတဲ့ ပြည်မြေပဲဆန်ဈေးကွက်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မြေပဲဆန်ဈေးဆက်လက်ကျဆင်းနေတာတွေ့ရပါတယ်။ ဝင်ရောက်မှုမရှိပေမယ့် ဝယ်လက်အဝယ်နည်းသွားသဖြင့် ဈေးကျလာတာတွေ့ရပါတယ်။ သင်္ကြန်ပြီးစအချိန်ဖြစ်လို့ ဈေးကွက်ပျက်နေချိန် တချို့ပွဲရုံများက ဈေးဖွင့်ထားသော်လည်း အချို့ပွဲရုံများက ဈေးမဖွင့်ထားတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ မြေပဲဆီဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၁၉၀၀၊ (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၀၅၀ နှင့် မြေပဲလုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၁၅၀နှင့် (အဖြူ)တစ်ပိဿာလျှင် ၂၃၂၅ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးကျလာတာတွေ့ရပါတယ်။

ဝေဝေမင်း(ပြည်)

## စားအုန်းဆီ

# ပဲပုပ်ဆီဈေး မြင့်တက်မှုကြောင့် စားအုန်းဆီဈေး နံနက်ပိုင်းတွင် မြင့်တက်ပြီးမှ ပြန်လည်ကျဆင်း



အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေး မြင့်တက်မှုကြောင့် ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးမြင့်တက်ခဲ့ပြီးနောက် နေ့လယ်ပိုင်း ဈေးကွဲချိန်တွင် ဈေးတန့်သွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မလေးရှားနိုင်ငံ ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇူလိုင်အတွက် ချုပ်ဆိုသော စားအုန်းဆီ၏အခြေခံစံထား ဈေးနှုန်းမှာ နေ့လယ်ပိုင်းဈေးကွဲချိန်တွင် တစ်တန်ကို ၂၄၀၈ ရင်းဂစ်( အမေရိကန်ဒေါ်လာ ၆၁၉ ဒသမ ၅၀) နှုန်းဖြင့် ဈေးအတက်အကျ မရှိတန့်နေသည်။ နံနက်ပိုင်းကမူ စားအုန်းဆီဈေးမှာ သုညဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ကာ တစ်တန်ကို ၂၄၂၄ ရင်းဂစ်နှုန်းအထိရောက်ရှိခဲ့သည်။

ထိုနေ့ နေ့လယ်ဈေးကွဲချိန်က ရောင်းချရသော ပမာဏမှာ ၂၅တန်ရှိအတွဲ ၇၀၄၉ တွဲအထိ ရှိခဲ့သည်။

"ပြိုင်ဘက်ပဲပုပ်ဆီဈေးက နေ့အလိုက် မြင့်တက်လာတဲ့အတွက် ဈေးအဖွင့်မှာ စားအုန်းဆီဈေးမြင့်တက်ခဲ့ပါတယ်" ဟု ဧပြီ ၁၈ ရက်က ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေး သုညဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့တာကိုရည်ညွှန်း၍ ကွာလာလမ်ပူမှ ကြိုရောင်းကြိုဝယ် ကုန်သည်တစ်ဦးက ပြောသည်။

ဈေးကွက်တည်ငြိမ်နေပြီး အတက်အကျနည်းကြောင်း ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ကိန်းဂဏန်းများကို ရည်ညွှန်း၍ အခြားကုန်သည်တစ်ဦးက ပြောသည်။

မလေးရှားစားအုန်းဆီ တင်ပို့မှုသည် ဧပြီပထမလဝက်တွင် ငါးရာခိုင်နှုန်းမြင့်တက်ပြီး မတ်လအလားတူကာလနှင့် နှိုင်းယှဉ်ပါက ခြောက်ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း စစ်ဆေးရေးကုမ္ပဏီ AmSpec Agri Malaysia နှင့် ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Societe Generale de Surveillance တို့မှ နောက်ဆုံးရရှိသော ကိန်းဂဏန်းများအရ တွေ့ရသည်။

ကမ္ဘာတွင် စားအုန်းဆီ ဒုတိယအများဆုံးထုတ်သော မလေးရှားနိုင်ငံ၏ မတ်လထုတ်လုပ်မှုမှာ လအလိုက် နှိုင်းယှဉ်ပါက ၁၇ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၅၇ သန်း ရှိခဲ့ရာ မတ်လအတွင်း ထုတ်လုပ်မှုတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်ကြောင်း မလေးရှား စားအုန်းဆီဘုတ်အဖွဲ့က ပြောသည်။

ပဲပုပ်ဆီဈေးကွက်ဖြစ်သော အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် မေအတွက် ပဲပုပ်ဆီဈေးမှာ သုညဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်တွင် မေအတွက်ပဲပုပ်ဆီ ဈေးနှုန်းမှာ လည်း သုညဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသည်။ မေအတွက်ဒါလီယံ စားအုန်းဆီဈေးမှာ သုညဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် ဈေးကွက်ဝေစုရရှိရန် ယှဉ်ပြိုင်နေရသည့်အတွက် အခြားပြိုင်ဘက်ဆီများ၏ ဈေးအတက်အကျက စားအုန်းဆီဈေးနှုန်းကို ဂယက်ရိုက်ခတ်ခဲ့သည်။

စားအုန်းဆီဈေးသည် အမြင့်ဆုံးအဖြစ် တစ်တန်ကို ၂၄၃၃ ရင်းဂစ်အထိ ရောက်ရှိနိုင်ပြီး ထိုဈေးကို ဖောက်ထွက်ပါက တစ်တန်ကို ၂၄၇၆ ရင်းဂစ်အထိ ရောက်ရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ကုန်စည်နှင့်စွမ်းအင်လေ့လာစိစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၄-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၇၀၀ | ၅၇၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၈၀၀ | △ | ၁၉၀၀ | ၁၇၅၀ | ▽ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၈၀၀ | ၄၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၉၀၀ | ၂၀၀၀ | △ |
| မုံရွာ | ၄၅၀၀ | ၄၅၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၄-၂၀၁၈ US$/Ton

| အမျိုးအစား | ပြီလဒုတိယပတ် | ပြီလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၁.၅၀ | ၆၄၇.၅၀ | ▽ |
| RBD P.Olein | ၆၅၆.၅၀ | ၆၄၇.၀၀ | ▽ |
| RBD P.Stearin | ၆၅၈.၀၀ | ၆၄၉.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀-၄-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၇၉.၉၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၁.၂၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၀၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၂၁.၇၂၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၀-၄-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၂ ဒေါ်လာနှင့် USD ဈေး ၁၃၂၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၀-၄-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သား၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၂၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်တင်ပို့မှု အခြေအနေနှင့် အိန္ဒိယပဲမျိုးစုံ စိုက်ပျိုး ထုတ်လုပ်မှုဈေးကွက်အခြေအနေ

**ရှင်မင်းအုံ (တန့်ဆည်)**

**အိန္ဒိယနိုင်ငံအနေဖြင့် ကုလားပဲလုံးဖြူနှင့် ပဲနီကလေးတို့မှာ လာမည့်သီးနှံပေါ်ချိန်တွင် အထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည့်အတွက် တောင်သူလယ်သမားများ အကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် အဆိုပါပဲနှစ်မျိုးတင်သွင်းမှုအပေါ် သွင်းကုန်အခွန် ၃၀ ရာခိုင်နှုန်းစည်းကြပ်ရန် ၂၀-၁၂-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။**

မြန်မာနိုင်ငံ အနေဖြင့် အဓိက သီးနှံများအဖြစ် စပါး၊ ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့အား စိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုး ထုတ်လုပ်မှုတွင် စပါးသည် ၃၄ ရာခိုင်နှုန်း၊ ပဲမျိုးစုံ အနေဖြင့် ၂၀ ရာခိုင်နှုန်း၊ ဆီထွက်သီးနှံ ၁၆ရာခိုင်နှုန်းနှင့် စက်မှုသီးနှံများ စိုက်ပျိုး ထုတ်လုပ်ကြပါသည်။ ပဲမျိုးစုံ စိုက်ဧက ၏ ၆၆ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲတီစိမ်း၊ ပဲလွန်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့် အခြားပဲများ စိုက်ပျိုးကြပါသည်။ ပဲမျိုးစုံ စုစုပေါင်း စိုက်ဧက၏ ၅၄ ရာခိုင်နှုန်းသည် စစ်ကိုင်း၊ မန္တလေး၊ မကွေး တို့မှ ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ သီးနှံထွက်ကုန်များ၏ ပြည်ပပို့ကုန် ၄၀ ရာခိုင်နှုန်းကျော်မှာ ပဲမျိုးစုံကဏ္ဍဖြစ်၍ အိန္ဒိယနိုင်ငံသို့အဓိက တင်ပို့လျက်ရှိပြီး တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနိုင်ငံများ သို့လည်း တင်ပို့လျက်ရှိပါသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတွင် လယ်ယာကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး တောင်သူများ အနေဖြင့် Public Distribution System (PDS) အရ အထူးအခွင့်အရေး ရရှိသည့် ဆန်နှင့် ဂျုံကို စိုက်ပျိုးရန်နှင့် ဝါ၊ သကြားကဲ့သို့ ဝင်ငွေကောင်းသော သီးနှံများကို စိုက်ပျိုးရန် အများဆုံး စိတ်ဝင်စားကြပါသည်။

တောင်သူလယ်သမားများအနေဖြင့် ပဲစိုက်ပျိုးထုတ်လုပ်ရာတွင် ဈေးနှုန်းမတည်ငြိမ်ခြင်း၊ ပဲအမျိုးမျိုးမှာ PDS တွင် မပါဝင်ခြင်း၊ ရောင်းချရာတွင် MSP ဈေးနှုန်းအောက်သာ လျော့နည်းရရှိခြင်းစသည့် အခက်အခဲများ ကြုံတွေ့ကြရပါသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် Kharif ရာသီတွင် ပဲပိစပ်၊ ပြောင်းနှင့် စပါးတို့မှာ ဈေးကောင်းရရှိသဖြင့် ပဲစိုက်ပျိုးသည့်ဧက လျော့နည်းလေ့ရှိပါသည်။ နွေပဲများကို Punjab, Haryana, Western Utter Pradesh, Bihar တို့တွင် bonus crop အဖြစ် စိုက်ပျိုးကြပါသည်။

ကုလားပဲ (Chickpea)၊ ပဲစင်းငုံ (pigeon pea)၊ ပဲနီလေး (lentil)၊



ပဲတီစိမ်း (mung bean)၊ မတ်ပဲ (urad bean) နှင့် ပဲလုံး (field pea )တို့မှာ အိန္ဒိယနိုင်ငံတွင် အဓိကစိုက်ပျိုး၊ စားသုံးသည့်ပဲများ ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် ကုလားပဲကို အများဆုံးထုတ်လုပ်ပြီး စုစုပေါင်းပဲထုတ်လုပ်မှု၏ ၄၈ ရာခိုင် နှုန်း၊ ပဲစင်းငုံမှာ ၁၇ ရာခိုင်နှုန်း၊ မတ်ပဲ မှာ ၁၀ရာခိုင်နှုန်း၊ ပဲတီစိမ်းမှာ ၇ ရာခိုင်နှုန်းနှင့် အခြားပဲများမှာ ၁၈ ရာခိုင်နှုန်း အသီးသီးရှိပါသည်။

ပဲအမျိုးမျိုးမှာ သတ်သတ်လွတ် စားသုံးသူများအတွက် အသားဓာတ် ကြွယ်ဝစွာရရှိသည့် ရင်းမြစ်တစ်ခုဖြစ်၍ အိန္ဒိယနိုင်ငံ၏ စားသုံးမှုတွင် အဓိကကျသော စားသုံးသီးနှံတစ်မျိုး ဖြစ်ပါသည်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု အနေဖြင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ ပဲမျိုးစုံ အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် တန်ချိန်သန်း ၂၀ ထုတ်လုပ်ခဲ့၍ ကမ္ဘာ့စုစုပေါင်း ပဲမျိုးစုံထုတ်လုပ်မှု၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်း ရှိနေပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံအထွက်နှုန်း ၂၂ ဒသမ ၉ သန်းသို့ စံချိန်တင်မြင့်တက်ခဲ့ပြီး လာမည့်နှစ်တွင် သီးနှံအထွက်နှုန်း ဆက်လက် ကောင်းမွန်နိုင်ကြောင်း သိရှိရသော်လည်း လွန်ခဲ့သည့် ၂ နှစ်အတွင်း ရာသီဥတု မမှန်မှုကြောင့် ပဲအထွက်နှုန်း ကျဆင်းခဲ့ခြင်း၊ ပဲဈေးများ မြင့်တက်ခဲ့ခြင်းနှင့် ပဲတင်သွင်းမှု မြင့်တက်ခဲ့ခြင်းတို့ကြောင့် အစိုးရမှ ကြားဝင်ဆောင်ရွက်မှုများ ရှိခဲ့ပါသည်။

အိန္ဒိယ နိုင်ငံသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံသီးနှံ စိုက်ဧကသန်း ၄၀ စိုက်ပျိုး ထားပြီး ဆောင်းရာသီ (Rabi) ထွက်သီးနှံများ အထွက်နှုန်း မြင့်မားမည်ဟု ခန့်မှန်းထားသဖြင့် ကမ္ဘာ့ပဲဈေးကွက်ကိုလည်း ဂယက်ရိုက်ခတ်နိုင်ကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ကုလားပဲ၊ပဲနီလေး၊ ပဲလုံး (field peas)၊ မတ်ပဲနှင့် ပဲတီစိမ်း တို့ကို ဖေဖော်ဝါရီလလယ်မှ မတ်လ အတွင်း ရိတ်သိမ်းသွားမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲစားသုံးမှုမှာ တန်ချိန် ၂၂ သန်းခန့်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ပြည်တွင်း ပဲလိုအပ်ချက်မှာ တန်ချိန် ၃၂ သန်းသို့ ရောက်ရှိနိုင်ကြောင်းခန့်မှန်းထားပါသည်။ အိန္ဒိယ အစိုးရအနေဖြင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် National Food Security Mission–Pulses၊ Accelerated Pulses Production Programme(A3P)၊ Special initiatives for pulses and oilseeds in dry land areas of 60000 villages programme၊ Integrated Development of 60000 Pulses villages in Rainfed Areas၊ Special Plan to achieve 19+ million tonnes of Pulses production during Kharif 12-13၊ Macro Management of Agriculture (MMA) စသည့် အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံကို အများဆုံး တင်ပို့သည့် နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယအစိုးရမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့အား တင်သွင်းခွင့် အရေအတွက် ကန့်သတ်ခဲ့ရာ အဆိုပါ ပဲများကို မြန်မာနှင့် အရှေ့အာဖရိက နိုင်ငံများမှ အဓိကတင်သွင်းလျက်ရှိသဖြင့် အဆိုပါ ဒေသရှိပဲစိုက်တောင်သူများသည် အိန္ဒိယနိုင်ငံ၏ မူဝါဒအပြောင်းအလဲကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ကြရပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ကုလားပဲလုံးဖြူနှင့် ပဲနီကလေးတို့မှာ လာမည့် သီးနှံပေါ်ချိန်တွင် အထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည့်အတွက် တောင်သူလယ်သမားများ အကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် အဆိုပါပဲနှစ်မျိုး တင်သွင်းမှုအပေါ် သွင်းကုန်အခွန် ၃၀ ရာခိုင်နှုန်းစည်းကြပ်ရန် ၂၀-၁၂-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို့အပြင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစ၍ ပဲဝါလေးအပေါ် သွင်းကုန်ခွန် ၅၀ရာခိုင်နှုန်း ကောက်ခံခဲ့ခြင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကုလားပဲအား ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ လုပ်ဆောင်ချက်များကြောင့် ပဲတင်သွင်းမှု ကျဆင်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပဲမျိုးစုံ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၂၁၂ သန်းသာရှိခဲ့ပြီး ယခင်နှစ် အလားတူကာလက အမေရိကန် ဒေါ်လာသန်း ၅၁၀ တင်သွင်းခဲ့သဖြင့် တင်သွင်းမှု သိသိသာသာ ကျဆင်းခဲ့ပါသည်။ အိန္ဒိယအစိုးရ၏ စာရင်းဇယားများအရ ၂၀၁၇ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ပဲမျိုးစုံတင်သွင်းမှု အမေရိကန်ဒေါ်လာ ၂ဒသမ၇ ဘီလီယံရှိခဲ့ပြီး ၂၀၁၆ ခုနှစ် အလားတူကာလတွင် အမေရိကန် ဒေါ်လာ ၃ ဘီလီယံရှိခဲ့သဖြင့် တင်သွင်းမှု ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိ ရပါသည်။

အိန္ဒိယနိုင်ငံတွင် ရာသီဥတု ကောင်းမွန်ပြီး ဆောင်းသီးနှံများ စတင်ရိတ်သိမ်းလာပြီဖြစ်ခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ပဲထွက်ရှိမှု တိုးတက်လာမည့် အခြေအနေရှိခြင်းတို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပဲတင်သွင်းမှု ကန့်သတ်ချက်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်သည့် အလားအလာရှိသောကြောင့် အိန္ဒိယဈေးကွက်တစ်ခုထဲကို မှီခိုနေခြင်းအစား အခြားပဲစားသုံးသည့် ဈေးကွက်အသစ်များဖြစ်သည့် နီပေါ၊ ပါကစ္စတန်၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့လည်း ဈေးကွက်ချဲ့ထွင်သွားနိုင်ရေး အလေးပေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အခြေခံအဆောက်အဦရန်ပုံငွေတစ်ရပ်ကို တည်ထောင်ရမည့် အာဆီယံ

အာဆီယံနိုင်ငံအသီးသီး၌ဆောင်ရွက်မည့် အခြေခံအဆောက်အဦ စီမံကိန်းများနှင့်အတူ ရင်းနှီးမြှုပ်နှံသူများအပေါ် ထိခိုက်နစ်နာမည့် အခြေအနေများ လျှော့ချနိုင်ရေးတို့ကို စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်ပေးရန် ဧပြီ ၅ ရက်တွင် ကျင်းပခဲ့သည့် World Bank Singapore Infrastructure Finance Summit သို့ တက်ရောက်လာသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများက စိတ်အားထက်သန်မှုကို ပြသခဲ့ကြောင်း သိရှိရသည်။ အဆိုပါအစည်းအဝေးအား စင်ကာပူဘဏ္ဍာရေးဝန်ကြီး Mr.Heng Swee Keat က ဦးဆောင်ဆွေးနွေးခဲ့ပြီး ပိုမိုထိရောက်သည့် အစည်းအဝေးတစ်ခု ဖြစ်လာစေရန်အတွက် အာဆီယံနိုင်ငံများ၏ စုပေါင်းအားစိုက်ဆောင်ရွက်မှု လိုအပ်ပြီး နိုင်ငံတကာမှရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်ပူပန်မှုကို လျှော့ချပေးကြရန် အစည်းအဝေးက တောင်းဆိုခဲ့သည်။

အာဆီယံနိုင်ငံများသည် အခြေခံအဆောက်အဦ စီမံကိန်းများသို့ ငွေကြေးထောက်ပံ့ရေး၌ ပုဂ္ဂလိကအရင်းအနှီးဈေးကွက်ကို မြှင့်တင်ပေးရာတွင် အောင်မြင်မှုရှိသည့် သာဓကများ ရှိသဖြင့် အာဆီယံအခြေခံအဆောက်အဦဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ရန် အချိန်အခါရောက်လာပြီဖြစ်ကြောင်း စင်ကာပူဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ လွန်ခဲ့သည့်နှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံရှိ စွမ်းအင်ထုတ်လုပ်သည့် ကုမ္ပဏီများအနက် ဒုတိယအကြီးဆုံး ဖြစ်သော PT Paiton Energy ကုမ္ပဏီသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဘီလီယံ (စင်ကာပူဒေါ်လာ ၂ဒသမ ၆ ဘီလီယံ)တန်ဖိုးရှိသည့် စီမံကိန်းတစ်ခုအတွက် ဘဏ္ဍာရေးဘွန်းလက်မှတ်များကို ထုတ်ရောင်းခဲ့ရာ အမေရိကန်ဒေါ်လာ ၉ ဘီလီယံရရှိသည်အထိ ဆွဲဆောင်နိုင်ခဲ့ပါသည်။ ယင်းအခြေအနေသည် အလွန်ကြီးမားသော အခွင့်အလမ်းတစ်ခု ဖြစ်သော်လည်း အာဆီယံ၏ အခြေခံအဆောက်အဦကဏ္ဍသို့ ငွေကြေးထောက်ပံ့ရေးအတွက် ဆောင်ရွက်ပေးရန် များစွာကျန်ရှိနေသေးကြောင်း စင်ကာပူဘဏ္ဍာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့ပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း အာဆီယံ အခြေခံ အဆောက်အဦ ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် ပမာဏသည် အမေရိကန်ဒေါ်လာ၂ ဒသမ၈ထရီလီယံရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းထားသည်။ အာဆီယံသည် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် လုပ်ငန်းစီမံကိန်းများကို ထင်သာမြင်သာ ဖော်ထုတ်ပြသရန်လိုအပ်သည့်အပြင် ရင်းနှီးမြှုပ်နှံရန်ကောင်းမွန်သည့် ဒေသကြီးတစ်ခုအဖြစ် မြှင့်တင်ပေးရမည်ဖြစ်သည်။ အာဆီယံ စွမ်းအင်ကဏ္ဍ၌ ရေအား၊ နေရောင်ခြည် စွမ်းအင်၊ လေအားနှင့် စွန့်ပစ်အမှိုက် စသည့် ပြန်ပြည့်မြဲစွမ်းအင် စီမံကိန်းပေါင်း ၇၇ ခုရှိပါသည်။ ၂၀၁၄ခုနှစ်မှ၂၀၁၅ခုနှစ်အထိ အာဆီယံဒေသ၏ လျှပ်စစ်လိုအပ်ချက်သည် နှစ်စဉ် တိုးတက်မှု ၄ ရာခိုင်နှုန်းရှိသဖြင့် ကြီးမားသော အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ ထို့နောက် အာဆီယံဒေသ၌ မြို့ပြဖွံ့ဖြိုးမှု အလျင်အမြန် ကြီးထွားလာခြင်းနှင့် ကူးသန်းသွားလာမှု တိုးတက်လာခြင်းတို့ကြောင့် အာဆီယံ ပို့ဆောင်ရေးကဏ္ဍတွင် ပိုမိုထိရောက်သောပို့ဆောင်ရေးကွန်ရက်များ လိုအပ်လာပါသည်။ အာဆီယံ ဒေသကြီးတစ်ခုလုံး၌ လမ်းနှင့်တံတား စီမံကိန်းပေါင်း ၂၁၉ ခုရှိကြောင်း သိရှိ ရသည်။

အာဆီယံသည် ဒေသတွင်းရှိ အခြေခံအဆောက်အဦ စီမံကိန်းများအတွက် ဘဏ်လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် စီမံကိန်းအကျိုးအမြတ်ရရှိမှု မတည်မငြိမ်ဖြစ်ခြင်းကို လျှော့ချပေးပြီး သင့်တင့်သောအကျိုးအမြတ်ရရှိမှုကို အထောက်အပံ့ပြု၍ ပို့ဆောင်ရေးအခြေခံ အဆောက်အဦ စီမံကိန်းများ၌ ပုဂ္ဂလိက ကဏ္ဍပါဝင်လာအောင် ဆွဲဆောင်နိုင်မည်ဖြစ်သည်။အခြေခံ အဆောက်အဦစီမံကိန်းများမှ မျှော်မှန်းဝင်ငွေသည် ကုန်ကျစရိတ်ကို အပြည့်အဝမရနိုင်သည့်အခြေအနေတွင် နိုင်ငံ့အစိုးရများအနေဖြင့် စီမံကိန်းများသို့ စုပေါင်းရန်ပုံငွေဖြင့် ထောက်ပံ့ပေးခြင်း၊ အခြေခံ အဆောက်အဦအသုံးပြုခ တိုးမြှင့်ခြင်း စသည်တို့အား ဆောင်ရွက်ပေးခြင်းဖြင့်လည်း ပံ့ပိုးပေးနိုင်ပါသည်။ ဝင်ငွေသည် ကုန်ကျစရိတ် အပြည့်အဝကို ရရှိသည့် အခြေအနေတစ်ခု၌ ရှိသော်လည်း စီမံကိန်းအတွက် စွန့်စားရမှုမြင့်မားနေဆဲရှိတတ်သဖြင့် အစိုးရက အာမခံပေးခြင်းနှင့် စီမံကိန်းချေးငွေကို တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့်လည်း စွန့်စားရမှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

**ကျော်သူရ၊စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# SMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရ ကိုယ်စားလှယ်များနှင့် ထိုင်းအစိုးရ ဆွေးနွေးမည်

ကမ္ဘာ့ အီးကောမတ်စ်ဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်နေသည့် ဂျပန် SMEs လုပ်ငန်းများကို မြှင့်တင်ပေးရန်အတွက် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ အစိုးရကိုယ်စားလှယ်များသည် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် ဆွေးနွေးရန် ဧပြီ ၁၁ ရက်က ထိုင်းနိုင်ငံသို့ လာရောက်ခဲ့ကြောင်း သိရှိရသည်။

ထိုင်းနှင့် ဂျပန်နိုင်ငံတို့သည် SMEs ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအတွက် MoU ရေးထိုးခဲ့ပြီး နောက်ပိုင်း တွင် ဂျပန်နိုင်ငံအနေဖြင့် ထိုင်းအစိုးရ၏ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် SMEs မြှင့်တင်ရေး အစီအမံများကို သိရှိရန် ဆန္ဒပြင်းပြနေကြောင်း၊ ထိုင်းအစိုးရအနေဖြင့်လည်း အထွေထွေရွေးကောက်ပွဲမကျင်းပမီ တစ်နှစ်သာ ကျန်ရှိတော့သည့် ကာလအတွင်း နှစ်နိုင်ငံ SMEs သဘောတူညီချက်များအပေါ် ဆောင်ရွက်ချက်များကိုအရှိန်မြှင့်တင်ရန် လိုအပ်ကြောင်း၊ လက်ရှိအစိုးရ၏ SMEs ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ထားရှိမှု အစီအမံများကိုလည်း နောက်တက်လာမည့် အစိုးရအသစ်သို့ လွှဲပြောင်းပေးရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Somkid Jatsuripitak က ပြောကြား ခဲ့သည်။

ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၌ ပြည်တွင်းမှ SMEs လုပ်ငန်းစုစုပေါင်း ၂,၆၀၀ ခန့် ပူးပေါင်းပါဝင်နိုင်ရန် ထိုင်းအစိုးရက မျှော်မှန်းထားပြီး ဂျပန်နိုင်ငံမှ အဆင့်မြင့် အစိုးရကိုယ်စားလှယ်များနှင့် ဆွေးနွေးပြီးနောက်ပိုင်းတွင် ထိုင်းနိုင်ငံအနေဖြင့် CIV(Creative Industry Village) ကို အလေးထား ဆောင်ရွက်ရန်ရှိသည်။ CIV သည် ကျေးရွာများ၊ SMEs နှင့် တောင်သူလယ်သမားများ၏ဝင်ငွေကို တိုးတက်စေမည့် ဘတ် ၂၂ ဘီလီယံတန်ဖိုးရှိသော အစိုးရ၏စီမံကိန်းတစ်ခုဖြစ်ကာ ထိုင်းအစိုးရအနေဖြင့် ပြည်နယ် ၇၆ ခုရှိ ကျေးရွာစုစုပေါင်း ၁၆၀ ကို CIV များ ဖွံ့ဖြိုးတိုးတက်လာရန် မျှော်မှန်းထားသည်။

CIV သည် ကျေးလက်ဒေသကို ခရီးသွားကဏ္ဍနှင့် ချိတ်ဆက်ပေးသည့်အပြင် ကျေးလက်ဒေသနှင့် ယင်းဒေသရှိ လုပ်ငန်းများ အကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးခြင်းဖြစ်သည်။ စက်မှု ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့်ပြည်နယ်အသီးသီး၏ သတင်းအချက်အလက်များကို ရှာဖွေစုစည်း၍ ဒေသတစ်ခုစီ၏ ထွက်ကုန်များကို နိုင်ငံတစ်ဝန်းရှိ ခရီးသွားလုပ်ငန်းများနှင့် ချိတ်ဆက်ပေးသည့် အချက်အလက်များအဖြစ် ဖန်တီးပေးရမည်ဖြစ်သည့်အပြင် CIV အစီအစဉ်သို့ ဒေသခံလူငယ်များ ပူးပေါင်းပါဝင်လာရန်လည်း ထိုင်းအစိုးရက မျှော်မှန်းထားကြောင်း သိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## The 8th Coffee Expo Seoul

"The 8th Coffee Expo Seoul" ကို ၂၀၁၈ ခုနှစ် ဧပြီလ ၅ ရက်မှ ၈ ရက်အထိ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ COEX အဆောက်အအုံ တွင် ကျင်းပပြုလုပ်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံမှ ကော်ဖီထုတ်လုပ်သူများ အပါအဝင် နိုင်ငံတကာမှ ကော်ဖီထုတ်လုပ်သည့်ကုမ္ပဏီများ၊ သက်ဆိုင်ရာ အသင်းအဖွဲ့များမှ ၎င်းတို့၏ ကော်ဖီထုတ်ကုန်များ၊ ကော်ဖီနှင့်ဆက်စပ်သည့် ပစ္စည်းများကို ပြသခဲ့ကြသည်။ အဆိုပါ "The 8th Coffee Expo Seoul" ကို COEX နှင့် Korea Coffee Association တို့ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ကိုရီးယားနိုင်ငံ၏ ကော်ဖီထုတ်ကုန်များပြသသည့် ထိပ်တန်းပြပွဲများအနက်တစ်ခုဖြစ်ကာ အဆိုပါပြပွဲသို့ ပြည်တွင်း/ပြည်ပမှ ကုမ္ပဏီပေါင်း ၃၀၀ ကျော် ဝင်ရောက်ပြသခဲ့ပြီး လာရောက်ကြည့်ရှုသူနှင့် ဝယ်ယူသူပေါင်း ၄၅၀၀၀ ခန့် ရှိခဲ့ပါသည်။

အဆိုပါ "The 8th Coffee Expo Seoul"သို့ မြန်မာနိုင်ငံမှလည်း ဝင်ရောက်ပြသခဲ့ပြီး မြန်မာနိုင်ငံ ကော်ဖီ အသင်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Sithar Coffee Co.,Ltd မှ Managing Director ဦးမင်းလှိုင်က မြန်မာနိုင်ငံ ကော်ဖီအသင်းကိုယ်စားပြု ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ ကော်ဖီအသင်းမှ ဝင်ရောက်ပြသခဲ့သည့် ပြခန်းရှိ မြန်မာကော်ဖီများကို စိတ်ဝင်စားသူ များပြားခဲ့ကာ လာရောက်စုံစမ်းသူများသည် မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် ကော်ဖီကုမ္ပဏီများ၏ ဆက်သွယ်ရန်လိပ်စာများ တောင်းခံခြင်း၊ ကော်ဖီ အမြည်းသောက်သုံးခြင်း စသည်တို့ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

အဆိုပါ ပြပွဲနှင့်အတူ ကော်ဖီထုတ်ကုန်များ ကုန်သွယ်မှုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ COEX, Korea Coffee Association နှင့် ပါဝင်ပြသသည့် ကော်ဖီအသင်းအဖွဲ့များအကြား MOU ရေးထိုးသည့်အစီအစဉ်ကိုလည်း ထည့်သွင်းကျင်းပခဲ့ပြီး ယခုနှစ်တွင် အာဆီယံ နိုင်ငံများ အနက် မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့်အင်ဒိုနီးရှား ကော်ဖီတင်ပို့ရောင်းချသူများ အသင်းတို့မှ MOU အစီအစဉ်တွင်ပါဝင်ခဲ့သည်။ အဆိုပါ MOU အရ နှစ်နိုင်ငံအကြား ကော်ဖီကုန်သွယ်မှု မြှင့်တင်နိုင်ရေးနှင့် ကော်ဖီထုတ်ကုန်များကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန်၊ ကော်ဖီနှင့် ဆက်စပ်သည့် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရေး ဆောင်ရွက်သွားရန်၊ ကော်ဖီပြပွဲများ၊ ကော်ဖီကုန်သွယ်မှု မြှင့်တင်ရေး အစီအစဉ်များတွင် ပိုမိုပါဝင်နိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ထို့အပြင်"Coffee Expo Vietnam 2018" ကိုလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကိုရီးယားကော်ဖီအသင်း၊ ဗီယက်နမ်ကော်ဖီနှင့် ကိုကာအသင်းနှင့် COEX တို့ ပူးပေါင်းစီစဉ်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာမှ ကော်ဖီဆိုင်ရာ အသင်းအဖွဲ့များ၊ ကုမ္ပဏီများအနေဖြင့် ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

စာမျက်နှာ (၈) ဆိုင်ကယ်၊ စက်ဘီးတာယာနှင့် ...... မှအဆက်

စက်ရုံ၏ရင်းနှီးမြှုပ်နှံမှုမှာ သိန်း ၇၀၀၀ ဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး နေ့စားနှင့်အမြဲတမ်းဝန်ထမ်းစုစုပေါင်း ၅၀၀ ခန့်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကာ ကျား/မအချိုးမှာ ငါးဆယ်ရာခိုင်နှုန်းစီ ဖြစ်သည်။ အမျိုးသမီးဝန်ထမ်းများကို ထုပ်ပိုးသယ်ယူမှု၊ ကုန်စည်အရည်အသွေး စစ်ဆေးမှုဌာနများတွင် တာဝန်ယူဆောင်ရွက်စေပြီး စက်ရုံ၏ ဝန်ထမ်းထက်ဝက်ခန့်မှာ မန္တလေးမြို့ ဒေသခံများမဟုတ်ဘဲ မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်လုပ်ကိုင်နေသူများဖြစ်သည့်အတွက် တစ်ဖက်တစ်လမ်းမှ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်ခဲ့သည်။ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် လူမှုဖူလုံရေး အာမခံများလုပ်ပေးခြင်း၊ ရက်မှန်ကြေးပေးခြင်း၊ ဝန်ထမ်းသားသမီးများ၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှု ပညာသင်ယူမှုများကို ထောက်ပံ့ပေးခြင်း၊ သာရေး၊ နာရေးအသင်းနှင့် ငွေစုငွေချေးအသင်းများထူထောင်၍ ချေးငွေများ ထုတ်ချေးခြင်း၊ အားကစားပွဲများကျင်းပခြင်းနှင့် နယ်မှလာရောက်လုပ်ကိုင်သူများအတွက် အဆောင်နှင့် နေထိုင်စားသောက်မှုဆိုင်ရာပံ့ပိုးမှုများကို လုပ်ဆောင်ပေးနေကြောင်းကိုလည်း သိရသည်။ ထို့ပြင် စက်ရုံဝန်းကျင်၌ သဘာဝဘေးအန္တရာယ်များနှင့် ရေဘေး၊ မီးဘေးကြုံတွေ့လာပါက ဆန်၊ ဆီစသည်တို့ကို ထောက်ပံ့ပေးခြင်းနှင့် ၎င်းနေရာတို့အား စက်ရုံပိုင်ကားများဖြင့် သွားရောက်ကူညီပေးခြင်း၊ နှစ်စဉ်နှစ်တိုင်း ရေကြီး၊ မီးလောင်သော နေရာများသို့ သွားရောက်၍ လိုအပ်သော ထောက်ပံ့မှုများပြုလုပ်ပေးခြင်းအပြင် ရေရှားပါးရာ ဒေသများ၌ တစ်နှစ်လျှင် ရေတွင်းတစ်တွင်းနှုန်းဖြင့် လှူဒါန်းခြင်း၊ ပညာသင်ကြားရန် အခက်အခဲကြုံတွေ့နေသူများနှင့် မိဘမဲ့ကျောင်းများအား ကူညီ ထောက်ပံ့ပေးခြင်းအပြင် မီးအန္တရာယ် ကြုံတွေ့လာပါက မီးသတ်ကားများမှ အလွယ်တကူ လာရောက်၍ ယူဆောင်နိုင်ရန် ရေဂါလံနှစ်သောင်းခန့်ကို အဆင်သင့်ပြုလုပ်ပေးထားခြင်းနှင့် မီးသတ်ပိုက်ခေါင်း များကို လမ်းအထိ ထုတ်ပေးထားကြောင်းကိုလည်း သိရသည်။

ယာဉ်ယန္တရားသုံး တာယာဖြစ်စေ၊ မော်တော်ကားတာယာဖြစ်စေ၊ ဆိုင်ကယ်နှင့် စက်ဘီးတာယာဖြစ်စေ တာယာတစ်လုံးကို ထုတ်လုပ်တော့မည်ဆိုပါက အရေးကြီးဆုံးမှာရော်ဘာပင်ဖြစ်သည်။ မော်လမြိုင်ဒေသထွက် ရော်ဘာကို ပြန်လည်သန့်စင်ပြီးထွက်ရှိလာသော ရော်ဘာ(သို့)ပြုတ်မှာ နိုင်ငံတကာသို့ တင်ပို့နိုင်သည့် အရည်အသွေးရှိသောကြောင့် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မြန်မာနိုင်ငံထွက် ရော်ဘာကို ဝယ်ယူသုံးစွဲမှု များပြားလျက်ရှိသည်။ စပါးနှံတာယာထုတ်လုပ်ရာတွင်လည်း မော်လမြိုင်ရော်ဘာကို အသုံးပြုထုတ်လုပ်ခဲ့ကာ ၂၀၀၀ ခုနှစ် ပတ်ဝန်းကျင်မှစတင်ကာ ပြည်တွင်းဈေးကွက်အတွင်းသို့ စတင်ဖြန့်ချိ နိုင်ခဲ့သည်။ တာယာတစ်လုံးကိုထုတ်လုပ်ရာတွင် ပြန်လည်သန့်စင်ထားသော ရော်ဘာ(သို့) ပြုတ်ကို အဓိကအသုံးပြုရပြီး အခြားလိုအပ်သည့်ပစ္စည်းများဖြစ်သော ကာဗွန်၊ နန်းကြိုး၊ ဇကာစနှင့် မာကျော ကျစ်လျစ်စေသည့် ဓာတုဗေဒဆေးကို ထည့်သွင်းကာ ပေါင်းခံခြင်း၊ မိုလ်သွင်းခြင်းတို့ဖြင့် အဆင့်ဆင့်စနစ်တကျလုပ်ကိုင်ရကြောင်း လေ့လာသိရှိရပါ သည်။ ထုတ်လုပ်မှုအဆင့်ဆင့်တိုင်းတွင်လည်း အရည်အသွေးစစ်ဆေးမှုကို ဆောင်ရွက်ရပြီး အရည်အသွေး ကောင်းမွန်မှုမရှိပါက နိုင်ငံတကာ ထုတ်ကုန်များနှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်ရန်မဖြစ်နိုင်ပါ။ ပြည်တွင်းတွင် ဆိုင်ကယ်အသုံးပြုမှုများပြားလာသော ၂၀၀၆ ခုနှစ်ခန့်မှစ၍ ပြည်တွင်းဈေးကွက်အတွင်း ဆိုင်ကယ်သုံး တာယာလိုအပ်ချက်များပြားလာခဲ့သောကြောင့် စပါးနှံတာယာစက်ရုံသည် ဆိုင်ကယ်တာယာနှင့် ဆိုင်ကယ်တာယာကျွတ်ကိုလည်း ထုတ်လုပ်၍ ဈေးကွက်ထိုးဖောက်ရန်ကြိုးစားလျက်ရှိကြောင်း သိရသည်။ ၎င်းထုတ်လုပ်သော တာယာကျွတ်များသည် ယိုးဒယားထုတ် တာယာကျွတ်များနှင့် ဈေးကွက်ရောဓာတ်ခွဲခန်းရလဒ်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ထိုင်ဝမ်ပညာရှင်များနှင့်လက်တွဲ၍ ဆိုင်ကယ်တာယာကို ထုတ်လုပ်နေကြောင်း သိရသည်။ အဆိုပါ ထိုင်ဝမ်နည်းပညာရှင်များသည် ဂျပန်နိုင်ငံတွင် ပညာသင်ယူ၍ တာယာထုတ်လုပ်သည့် အတွေ့အကြုံရှိသူများဖြစ်သောကြောင့် မူလနည်းပညာမှာ ဂျပန်နည်းပညာဟုပင် ဆိုနိုင်ပါသည်။ အဆိုပါ စက်ရုံအား ဆိုင်ကယ်တာယာများကို နိုင်ငံခြားတင်ပို့ရန် ကမ်းလှမ်းမှုများရှိနေပြီး ၂၀၁၉ ခုနှစ်ခန့်တွင် နိုင်ငံခြားဈေးကွက်သို့ ပို့ဆောင်နိုင်ရန်ရည်ရွယ်ကြောင်း မေးမြန်းသိရှိရပါသည်။




ဆိုင်ကယ်တာယာနှင့် ဆိုင်ကယ်ကျွတ်များကို ပြည်တွင်းဈေးကွက်အတွင်း တင်သွင်းဖြန့်ချိပေးနိုင်ပြီဖြစ်သည့် စပါးနှံတာယာစက်ရုံသည် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် မော်တော်ကားတာယာထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတကာကုမ္ပဏီများနှင့် ဆွေးနွေးလျက်ရှိသည်မှာ မြန်မာနိုင်ငံ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ပြည်တွင်းတာယာဈေးကွက်အတွင်း တာယာအမှတ်တံဆိပ်ပေါင်း ၃၀ ကျော်ရောင်းချလျက်ရှိပြီး ဆိုင်ကယ်တာယာသုံးစွဲမှုမှာ တစ်လလျှင် အလုံးရေ ငါးသိန်းခန့်ရှိကာ စပါးနှံတံဆိပ်သည် Top 5 တွင် ပါဝင်ကြောင်းသိရသည်။ လက်ရှိအချိန်မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းများသည် အခက်အခဲများစွာကြုံတွေ့ရလျက်ရှိသည်။ စပါးနှံတာယာစက်ရုံအတွက် ကြီးမားသော အခက်အခဲမှာ မှောင်ခိုတာယာဈေးကွက်နှင့် ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်းသိရသည်။ အခွန်ရှောင်တိမ်းမှုများရှိသော မှောင်ခိုဈေးကွက်တွင် နိုင်ငံတော်အား အခွန်ဆောင်၍ လုပ်ကိုင်နေသော လုပ်ငန်းများသည် ဈေးကွက်ထိုးဖောက်မှုပိုင်းတွင်ရော ငွေကြေးပိုင်းတွင်ပါ များစွာနစ်နာလျက်ရှိသည်။ လက်ရှိစက်ရုံအနေဖြင့် တစ်လလျှင် စက်ဘီးတာယာလေးသောင်းကျော်၊ ဆိုင်ကယ်တာယာ ငါးသောင်းခန့်၊ ဆိုင်ကယ်ကျွတ် ခုနစ်ထောင်ခန့်ကို ထုတ်လုပ်ရောင်းချလျက်ရှိပြီး အရည်အသွေးမီ ရောင်းချနိုင်ရန်အတွက် ကြိုးစားလျက်ရှိသည်။ မှောင်ခိုဈေးကွက်တွင် ဈေးကစားမှုများ ဖြစ်ပေါ်နေပြီး ယခင်က ဆိုင်ကယ်တာယာတစ်လုံးလျှင် ကျပ်တစ်သောင်းကျော်ရှိရာ စပါးနှံတာယာမှ ကျပ်ခြောက်ထောင်ဖြင့် တင်သွင်းရောင်းချသဖြင့် ဈေးနှုန်း ထိန်းသိမ်းနိုင်မှုများ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင်နည်းပညာနှင့် ကျွမ်းကျင်သူရှားပါးခြင်း၊ လျှပ်စစ်မီးနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့ အားနည်းချက်များ ရှိနေသေးသည့် အခြေခံအဆောက်အဦ အခက်အခဲများသည် ပြည်တွင်းတွင် လာရောက် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတကာလုပ်ငန်းရှင်များအတွက် စဉ်းစားစရာ ဖြစ်နေခဲ့သည်။ သို့သော် စပါးနှံတာယာစက်ရုံကဲ့သို့ ပြည်တွင်းအခြေစိုက်နိုင်ငံသား လုပ်ငန်းရှင်များ ပေါ်ပေါက်လာခြင်းကြောင့် စားသုံးသူပြည်သူများအတွက် လိုအပ်သောကုန်စည်များကို ဈေးနှုန်းသက်သာစွာရရှိနိုင်ခြင်း၊ နိုင်ငံတကာအဆင့်မီ ကုန်စည်များကို သုံးစွဲနိုင်ခြင်း၊ အလုပ်အကိုင်ရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။ စပါးနှံစက်ရုံအနေဖြင့် ၂၀၁၅ ခုနှစ်မှ စ၍ ယနေ့ထိတိုင် တစ်လလျှင် ဆိုင်ကယ်တာယာပျမ်းမျှ ၄၀၀၀၀ ခန့်၊ ဆိုင်ကယ်ကျွတ် တစ်လ ပျမ်းမျှ ၁၅၀၀၀၀ ခန့်၊ စက်ဘီးတာယာ တစ်လပျမ်းမျှ ၆၅၀၀၀ ခန့်နှင့် ထော်လာဂျီတာယာ တစ်လပျမ်းမျှ ၃၀၀၀ ကျော်ခန့်ကို ထုတ်လုပ်လျက်ရှိရာ နှစ်စဉ်နိုင်ငံခြားငွေ ယိုစီးမှု လျော့စေရန် တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ သွင်းကုန်အစားထိုး၍ ပို့ကုန်အခြေပြု ဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာအတွက်လည်း အကျိုးကျေးဇူးရှိစေသည်မှာ မလွဲဧကန်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သကဲ့သို့ တစ်ဖက်မှလည်း ပြည်တွင်းလုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား မြေတောင်မြှောက်ပေးရန် အရေးကြီးလှပါသည်။ အရည်အသွေးမီ ပြည်တွင်းထုတ်ကုန်ပစ္စည်းများသည် နိုင်ငံခြားငွေယိုစီးမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ လက်ဝါးကြီးအုပ်မှုကိုလည်း ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအဆင့်မီပညာရှင်များ၊ ပညာရပ်များ၊ ဝန်ထမ်းများ၊ လုပ်သားများ အထူးလိုအပ်လျက်ရှိပြီး အခြေခံအဆောက်အဦများထဲမှ တစ်ခုဖြစ်သော လျှပ်စစ်မီးသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် အရေးကြီးလှပါကြောင်းနှင့် ဈေးကွက်မညီညွတ်မှုကိုဖြစ်ပေါ်စေနိုင်သော မှောင်ခိုဈေးကွက်နှင့် အခွန်တိမ်းရှောင်မှုများကိုလည်း အချိန်မီ ထိန်းချုပ်ရန် လိုအပ်နေပါကြောင်း စပါးနှံတာယာစက်ရုံကို လေ့လာမှုမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

♦ ♦ ♦ ♦ ♦





# လျှော်ဖြူစိုက်ပျိုး ဝင်ငွေတိုး

ဝင်းမောင်(မကွေး)

ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရာတွင် အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်ခရီးသွားလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း စသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအများအပြားရှိသည့်အနက် ယခုအချိန် အကောင်းဆုံးတစ်ခုကို ရွေးပါဆိုလျှင် စာရေးသူကတော့ စိုက်ပျိုးရေးလုပ်ငန်းကို ရွေးမိပေလိမ့်မည်။ စိုက်ပျိုးရေးတွင် ရာသီပေါ် သီးနှံနှင့် နှစ်ရှည်ပင်ဟူ၍ ၂ မျိုးခွဲ၍ရှိရာ ငွေကြေးတတ်နိုင်ပါက နှစ်ရှည်ပင်စိုက်ပျိုးခြင်းကိုသာလျှင် ရွေးစေချင်သည်။

ဒူးရင်း၊ ကျွဲကော၊ သရက်၊ လိုင်ချီး၊ ရော်ဘာ၊ လျှော်ဖြူ၊ ကျွန်း၊ တမလန်း၊ မဟော်ဂနီ စသည့် နှစ်ရှည်ပင်များစွာရှိသည့်အနက် အုပ်စုခွဲလိုက်ပါက စားသောက်ကုန်၊ စက်မှုကုန်ကြမ်းနှင့် အသုံးအဆောင် ပရိဘောဂဟူ၍ အုပ်စု ၃ မျိုး ကွဲသွားသည်။ စားသောက်ကုန် နှစ်ရှည်ပင်များဖြစ်သည့် ဒူးရင်း၊ သရက်၊ ကျွဲကော စသည့် အသီးစားပင်တို့တွင် အသီးအတွက် အပွင့်ပွင့်သော အချိန်တွင် မိုးရွာခြင်းအတွက် စိုးရိမ်ရခြင်း၊ အသီးသီးသော အချိန်တွင်လည်း ပိုး၊ ယင်များ ကြောက်ရခြင်း၊ အသီးရသော အချိန်တွင်လည်း ဈေးကောင်းမရမည်ကို စိုးရိမ်ရခြင်း၊ အသီးများ ဈေးကောင်းမရ၍ သိုလှောင်ထားမည်ဆိုသော်လည်း ပုပ်ရိပျက်စီးပြီး စိုက်ထုတ်ထားသော ငွေကြေးများ ဆုံးရှုံးမည်ကို ကြောက်ရခြင်း စသည်ဖြင့် နှစ်စဉ်စိတ်မပျော်ရွှင်စွာ အဆုံးသတ်နေရသည်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်ရော်ဘာပင်သည် ကြက်ပေါင်စေးခံယူ၍ ကုန်ကြမ်းသုံး၍ရသော်လည်း ဆေးဝါး၊ အလှကုန်များတွင် အသုံးမဝင်ခြင်း၊ ဆောက်လုပ်ရေး ပရိဘောဂအတွက် စိုက်ပျိုးသော ကျွန်း၊ တမလန်း၊ မဟော်ဂနီတို့သည် အနည်းဆုံး၁၂နှစ်မှ အနှစ် ၃၀ အကြာစောင့်ရခြင်းတို့ကြောင့် ရေရှည်အဆင်မပြေချေ။

စာရေးသူတို့ မြန်မာနိုင်ငံတွင် မကွေး၊ စစ်ကိုင်း၊ မန္တလေး စသည့် တိုင်းဒေသကြီးတို့တွင် နှစ်ရှည်လျှော်ဖြူပင်များ ဧကရာချီ စိုက်နေကြပြီဖြစ်သည်။ သို့သော် နှစ်ရှည်ပင်များထဲတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် မြန်မာ့မူရင်းမျိုးဖြစ်ကာ စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါး၊ အလှကုန် ၊ စက်မှုကုန်ကြမ်း၊ ပရိဘောဂ စသည့်အားလုံးတို့ကို ပေးစွမ်းနိုင်သော အပင်များထဲတွင် လျှော်ဖြူပင် စိုက်ပျိုး ခြင်းသည် ဝင်ငွေအကောင်းဆုံး ဖြစ်နေသည်ကို တွေ့ရမည်သာပင်။ အဘယ်ကြောင့်ဆိုသော် လျှော်ဖြူပင်မှရသော အစေးသည် ဆီကြိတ်ကာ ဆေးဝါးနှင့် အလှကုန်များတွင် အသုံးပြုနိုင်သည်။ လျှော်ဖြူပင်၏ ပင်စည်အသားသည် ကမ္ဘာ့အကောင်းဆုံးသော ကြိုးတပ်တူရိယာများ ထုတ်လုပ်ရာတွင် အသုံးပြုသည်ဟု မှတ်သားရသည်။

အထူးခြားဆုံးက လျှော်ဖြူပင်၏ အစေးဖြစ်သည်။ လျှော်ဖြူပင်၏ ပင်စည်မှရရှိသော အစေးသည် အဆင့်အမျိုးမျိုးရှိသည့်အလျောက် သုံးစွဲမှုများစွာလည်းရှိသည်။ အကောင်းဆုံး လျှော်ဖြူအစေးများကို စားသောက်ကုန်များဖြစ်သည့် ငှက်သိုက်၊ ဂျယ်လီ၊ အဖျော်ယမကာ၊ ဈေးကြီးသော အိန္ဒိယအသားတုံး၊ ယိုမျိုးစုံ၊ သွားရေစာနှင့် မုန့်အမျိုးမျိုး ပြုလုပ်ကြသည်။ ထို့နောက် ဆေးနှင့် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများ၊ အလှကုန်ပစ္စည်း၊ အထည်အလိပ်နှင့် ရက်ကန်းလုပ်ငန်း၊ စက္ကူပျော့ဖတ်နှင့် ပုံနှိပ်လုပ်ငန်း၊ သားရေနယ်လုပ်ငန်း၊ ရေနံဓာတုလုပ်ငန်း၊အထူးပြုဖန်ထည်-မှန်ထည်လုပ်ငန်း၊ ကားမှန်ပြုလုပ်ခြင်း၊ သောက်ဆေး၊ လိမ်းဆေးအမျိုးမျိုး ပြုလုပ်ခြင်း၊ အသားပွ ပရိဘောဂနှင့် တူရိယာများ ပြုလုပ်ခြင်း စသည်ဖြင့် နေရာမျိုးစုံတွင် များစွာအသုံးပြုနိုင်သော ပဒေသာပင် ဖြစ်နေသည်။

လျှော်ဖြူအစေး ဈေးနှုန်းသည် ၂၀၁၂ ခုနှစ်တွင် လျှော်ဖြူအစေး တစ်ပိဿာကို ကျပ် ၂၀၀၀ မှကျပ် ၈၀၀၀ ခန့်အထိသာ ဈေးရှိခဲ့သည်။ ၂၀၁၅ ခုနှစ်မှစ၍ တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ ကုန်သည်များမှ ဝယ်ယူကာ ကျပ် ၈၀၀၀ မှကျပ် ၃၀၀၀၀ အထိ ဈေးပေါက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အစေးထိပ်စ တစ်ပိဿာလျှင် ကျပ် ၇၀၀၀၀ အထိ ရာသီကုန်တွင် ဈေးရရှိခဲ့သောကြောင့် စိတ်ဝင်စားမှုများ မြင့်တက်လာခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အစေးထိပ်စ တစ်ပိဿာလျှင် ကျပ် ၉၀၀၀၀ နှင့် အလတ်စ တစ်ပိဿာလျှင် ကျပ် ၆၀၀၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်လာသောကြောင့် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်ဧကများစွာ စိုက်ပျိုးသူများ ပေါ်ပေါက်လာခဲ့သည်။

၂၀၁၈ခုနှစ် မတ်လ ၂၅ ရက်တွင် ကျင်းပခဲ့သော မကွေး စက်မှု ကုန်စည်ပြပွဲတွင် ထိုင်ဝမ်ကုန်သည်တစ်ဦးမှ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၄၀၀၀၀ ဈေးပေးဝယ်ယူခဲ့ပြီးသည့် နောက်ပိုင်းတွင် ရွှေလီမှကုန်သည်တစ်ဦးက ထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၇၀၀၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၆၀၀၀၀၊ အနိမ့်ဆုံး တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၀ မှ ကျပ် ၇၀၀၀၀ အထိ ဈေးကောင်းပေး ဝယ်ယူခဲ့သည်။ ကုန်သည်များကိုယ်တိုင် မြန်မာပြည်တွင်းရှိခြံများသို့ ကိုယ်တိုင်ကွင်းဆင်းလာရောက် ဝယ်ယူခြင်းကတော့ အချို့သော အစေးအရောင်းအဝယ် ပြုလုပ်သူများက လျှော်ဖြူစေးမဟုတ်သော အခြားသော အစေးများဖြင့် ရောနှောရောင်းချခြင်းကြောင့် ဖြစ်သည်ဟု ကုန်သည်တစ်ဦးက ပြောသည်။

လျှော်ဖြူအစေးအား ဆေးဝါးနှင့် စားသောက်ကုန်အတွက် ဝယ်ယူရာတွင် လျှော်ဖြူအစေးထုတ်သော ခြံသည် ဓာတုဆေးအသုံးပြု၍ အစေးထုတ်မထားခြင်း၊ ခြံ၏ တည်နေရာသည် ကားအသွားအလာ များသောလမ်းနှင့် အနည်းဆုံး ၅ မိုင်ခန့်ဝေးမှ လျှော်ဖြူစေးအား အမှုန့်ပြန်ကြိတ်သောအခါတွင် ဖုန်အနုမှုန့်ကလေးများ ကင်းရှင်းခြင်းတို့ကြောင့် ဈေးကောင်းပေးဝယ်ယူခဲ့ခြင်းကိုလည်း ထိုကုန်သည်မှ ရှင်းပြခဲ့သည်။

လျှော်ဖြူအစေး ဈေးကောင်းမရခင် ၂၀၁၂-၂၀၁၃ ခုနှစ် ဝန်းကျင်တွင် စီးပွားဖြစ် စတင်စိုက်ပျိုးခဲ့သော လူများကိုမေးကြည့်ရာ “ကျွန်တော်တို့ တစ်ပိဿာ ကျပ် ၅၀၀၀ ရရင်ကို တွက်ခြေကိုက်တယ်။ ပထမနှစ် မမြတ်ရင်နေ ကိစ္စမရှိဘူး။ ရွာကလူတွေကို တစ်နှစ်ပတ်လုံး အလုပ်ပေးနိုင်တယ်။ ဒုက္ခခံပြီး သူများနိုင်ငံကိုလည်း သွားပြီးအလုပ်လုပ်စရာ မလိုဘူး။ ကိုယ့်ရပ်ရွာမှာပဲ မိဘတွေ၊ မိသားစုတွေနဲ့ မခွဲဘဲ နေနိုင်တယ်။ နှစ်တိုင်းနှစ်တိုင်း အစေးထွက်နှုန်းကလည်း တစ်စတစ်စ တိုးလာတယ်။ ကျွန်တော်တို့လည်း ဝင်ငွေနှစ်ဆရတယ်။ ပြီးတော့ မိခင်ကမ္ဘာမြေရော၊ သဘာဝပတ်ဝန်းကျင်ရော စိမ်းလန်းစိုပြေတယ်”ဟု ပြောသည်။

“၂၀၁၂-၂၀၁၃ ခုနှစ်လောက်ကတည်းက ပရဟိတစိတ်နှင့် ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာက လူတွေအဆင်ပြေပါစေဆိုပြီး အကျိုး မမျှော်ဘဲ အရှုံးခံစိုက်ခဲ့တဲ့ လူတွေဟာ ၅ နှစ်၊ ၆ နှစ် အတွင်းမှာ မြေကြီးက ရွှေပင်ကြီးတွေ ပေါက်သလို ပြန်လည် ခံစားရမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်လောက်က တစ်နိုင်ငံလုံးမှာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးခဲ့တဲ့ လျှော်ဖြူဟာ ၂၀၁၇ ခုနှစ် မှာ တစ်နိုင်ငံလုံးမှာ ဧက ၂၅၀၀၀ ကျော်ထိ စိုက်ပျိုးမှု မြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့် ယခုငါးနှစ်သားဝန်းကျင် အစေးထုတ်ရတဲ့ ခြံတွေဟာ ယခုလက် ရှိ စိုက်ပျိုးသူတွေ အစေးမထုတ်ခင် နောက်ထပ် ၅ နှစ်၊ ၆ နှစ်လောက်အထိ သေချာပေါက် ဈေးကောင်းတွေရပြီး ယခင်စွန့်စားစိုက်ပျိုးသူတွေ ထားရှိခဲ့တဲ့ စိတ်ဓာတ်အတိုင်း တန်ပြန်စွာ လျှော်ဖြူပင်ကြီးက ရွှေစေး၊ ရွှေတုံးတွေ ရသလိုခံစားရမယ်ဆိုတာ လက်တွေ့မြင်နေရပါတယ်”ဟု လျှော်ဖြူဧက ၅၀၀ စိုက် မြိုင်မြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့ဈေးကွက် အနေအထားနှင့် လက်ရှိမြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အနေအထားအရ ဘက်စုံသုံး နှစ်ရှည်ပင်ဖြစ်သော လျှော်ဖြူစိုက်ပျိုးခြင်းနှင့် လျှော်ဖြူခြံများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းသည် ဈေးကွက်ခိုင်မာသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်ပါသည်။ မိမိရပ်ရွာဒေသရှိ လူများကိုလည်း မိဘ၊ မိသားစုနှင့် မခွဲဘဲ နေ့စဉ် ဝင်ငွေရအောင် လုပ်ဆောင်ပေးနိုင်ခြင်းနှင့် (Carbon Credit Prize)သဘာဝပတ်ဝန်းကျင် ပြန်လည်စိမ်းလန်းစိုပြေခြင်းကိုလည်း အထောက်အကူပြုပါသည်။

ထို့ကြောင့် စီးပွားရေးအရ အကျိုးအမြတ် များစွာရှိသည့် လျှော်ဖြူခြံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ လုပ်ကိုင်ကြရန် အကြံပေး တိုက်တွန်းအပ်ပါသည်။

စာမျက်နှာ (၃) ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ …… မှအဆက်

ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့ရာ UNCTAD အဖွဲ့ရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်မှ ဆက်လက်ပံ့ပိုး ကူညီပေးသွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းအသိ ပေးဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးပွဲကာလအတွင်း၌ ဂျပန်၊ ဆွီဒင်၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာ (ITC)၊ ကမ္ဘာ့ဘဏ်၊ USAID နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန် သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးမှုအစီအစဉ် (EIF) တို့မှ ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ E-Commerce လုပ်ငန်း စဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများအပါအဝင် ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC(IR)**

## မူဆယ်မှရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၅၂၂ သန်းတန်ဖိုး ရှိရေထွက်ကုန် ၂၁၅၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၂၅၆၀ ကျော်နဲ့နှိုင်းယှဉ်ပါက ၄၀၁ တန် လျော့နည်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၄ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးလေးခြောက်၊ ငါးစီဖောင်း၊ ကဏန်းနဲ့ ပုစွန်ဖွဲ့တို့ကို လျော့နည်းတင်ပို့ခဲ့တာကြောင့် ယခုလိုတန်ချိန်ရော တန်ဖိုးပါ လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေနဲ့ ကဏန်းတစ်တန်လျှင် ယွမ် ၆၇၂၀၀၊ ငါးရှဉ့် တစ်တန်လျှင် ယွမ် ၂၉၀၀၀ ဈေးရှိကြောင်း သိရှိပါတယ်။

**မော်မော်အောင်**

## သကြၤန်ကာလ ပရဆေးတင်ပို့မှုလျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၈ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ်ရှစ်မျိုးကို တန်ချိန်အားဖြင့် ၇၁၇ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၁၃၀၀ ကျော်နဲ့နှိုင်းယှဉ်ပါက ၅၈၃ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ ဆီးဆန်၊ နန္ဒင်းတက်၊ နေလဲစေ့၊ မာလာဥခေါင်း၊ ချဉ်ပေါင်ဖာလာ(အခွံပါ)၊ ၀ဥခြောက်နဲ့ ဖန်ခါးသီးခြောက်တို့ဖြစ်ပါတယ်။ သကြၤန်ကာလဖြစ်တာကြောင့် ယခုလိုပရဆေးတင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း သိရပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း ယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ အမေရိကန်ဒေါ်လာ ၂၁၀၅၆ တန်ဖိုးရှိ မိကျောင်းကွမ်းဖတ်စေ့ ၁၄ တန်တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် တစ်သောင်းကျော် တင်ပို့



မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီကုန်သွယ်ရေး စခန်းစုံမှ ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁၀ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၂၀၈၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၉၅၀၄ တန်၊ လွယ်ဂျယ်မှ ၂၄၅၄ တန်ကျော်၊ ချင်းရွှေဟော်မှ ၃၂တန်ခွဲနဲ့ ကန်ပိုက်တီမှ တန် ၉၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၁၇၃၆၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၅၂၈၆ တန် လျော့နည်းခဲ့ပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေးမှာ ၃၀၆၄၁၈ ကျပ်ရှိရာမှ ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်မှာ ၃၀၆၁၀ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားဝင်ရောက်မှု ၂၉၇ စီးရှိခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၃၂၆ စီး လျော့နည်းခဲ့ကြောင်း၊ ကုန် သယ်ယူခအနေဖြင့် မန္တလေး-မူဆယ် သယ်ယူစရိတ်နှုန်းထားမှာ ပြောင်း တစ်ပိဿာလျှင် (၆၅-၇၀) ယွမ် ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ ဝါဂွမ်း၊ ဘင်္ဂလားဒေ့ရှ်သို့ လဲမှို့တင်ပို့

ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၅၀၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၂၅ တန် တင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၅၀၁၅ တန်ဖိုးရှိ လဲမှို့(အစေ့ပါ) ခြောက်တန်နီးပါးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်မှာ ဝါဂွမ်းတစ်တန်ရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၂၂၀၀ ရှိပြီး မောင်တောမှာ လဲမှို့တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၅၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ လက်ဖက်ခြောက် ပုံမှန်တင်ပို့

ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၇၇၁၂ သန်းတန်ဖိုးရှိ ၅၆ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၅၅ တန်တင်ပို့ခဲ့လို့ မူဆယ်မှ လက်ဖက်ခြောက်ပုံမှန်တင်ပို့မှုရှိတာတွေ့ရပါတယ်။

လက်ဖက်ကို တရုတ်၊ ထိုင်ဝမ်နိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိပြီး ယခုအခါ ဈေးကွက်ပိုမိုကြီးမားတဲ့ အမေရိကန်၊ ဂျာမနီနဲ့ အီးယူနိုင်ငံများသို့လည်း တိုးချဲ့တင်ပို့ကြောင်း၊ ပြည်တွင်းအတွက်ရောင်းချပါက လက်ဖက်ခြောက်တစ်ပိဿာကို ကျပ်ငါးထောင်နီးပါးသာရရှိခဲ့ရာမှ ဂျာမနီနိုင်ငံသို့တင်ပို့ပါက ကျပ်တစ်သောင်းခွဲခန့် ရရှိမည်ဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေး စခန်းများမှ ဧပြီ ၇ ရက်မှ ၁၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၅၇၂၂ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင် တစ်ပတ်က ၉၈၇၀ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၁၄၈ စီးလျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်တို့မှ ဆိုင်ကယ်များ တင်သွင်းမှု သိသိသာသာ ကျဆင်းခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၄၉၂၁ စီး၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၉၆ စီး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိဆိုင်ကယ်ငါးစီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၅၅ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၃၁၂၃၅တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ ကန်ပိုက်တီမှ ၂၈၁၇၄ တန်နဲ့ လွယ်ဂျယ်မှ ၃၀၆၁ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်ကကန်ပိုက်တီမှ ၂၄၅၃၅ တန်နဲ့ လွယ်ဂျယ်မှ ၁၃၄၄ တန် စုစုပေါင်း တန်ချိန် ၂၅၈၇၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော ၅၃၅၆ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရ ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေး စခန်းမှလည်း အမေရိကန် ဒေါ်လာ ၃၃၉၉၄ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တာချီလိတ်မှ ယခင်တစ်ပတ်ကလည်း တန် ၁၀၀ တင်ပို့ခဲ့တယ်လို့ သိရပါ တယ်။

တရုတ်နိုင်ငံတွင် စိုက်ပျိုးမြေရှားပါးတဲ့အတွက် လာအိုနိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်ကာ ငှက်ပျောခြံလုပ်ငန်းများ လုပ်ကိုင်လာခဲ့ကြောင်း၊ နောက်ပိုင်းတွင် လာအိုနိုင်ငံ၏ တစ်သျှူးငှက်ပျောပို့ကုန်သည်တွေ ၁၀ ဆခန့် မြင့်တက်လာခဲ့ပြီး ထွက်ရှိသမျှ ငှက်ပျောအားလုံးကို တရုတ်နိုင်ငံသို့ တင်ပို့ကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဧပြီ ၇ ရက်မှ ၁၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၀၇ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၄၄၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၁၉ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၂၃ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးလျော့နည်းတင်ပို့ခဲ့ပေမယ့် တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးများပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇၁ သန်း တန်ဖိုးရှိ ကွမ်းသီး ၉၄၂ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၃၆ သန်း တန်ဖိုးရှိ ကွမ်းသီးတန် ၅၀၀ ခန့်ကို တင်ပို့ခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၅ သန်းတန်ဖိုးရှိစီးကရက်၊ နန့်ဖာလုံအမယ်စုံ၊ ပဲစင်းငုံတို့ကို ၁၈ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်းတန်ဖိုးရှိစောင်၊ တီရှပ်၊ ရေချိုငါးတို့ကို ၃၆ တန်တင်ပို့ခဲ့ တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဧပြီ ၇ ရက်မှ ၁၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၆၄ သန်း တန်ဖိုးရှိ ရေထွက် ကုန် ၇၁၅၆ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၅၉၆၆ တန် တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၉၀ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် လျော့နည်းတင်ပို့ခဲ့သော်လည်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်း ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၄၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၁၁၈ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၈၂၆ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ မွေးပုစွန်တို့ကို ၁၄၄၅ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၄၉၇ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြား ရေထွက်၊ ရေဘဝဲ၊ ကဏန်း၊ ပင်လယ်ငါးရှဉ့်တို့ကို ၅၅၉၂ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**



# စီးပွားရေးလုပ်ငန်းရှင် ကျင့်ဝတ်များ လိုက်နာခြင်းဖြင့် ဈေးကွက်ဝေစုရရှိခြင်း

**နိုင်ဦး၊ မြင့်မြင့်ချို**

ယနေ့မြန်မာနိုင်ငံသည် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသဖြင့် သွားလာရန် လမ်းတံတားများ ကောင်းလာသည်။ ဆက်သွယ်ရေးစနစ်များ ကောင်းလာသည်။ သတင်းအချက်အလက်များ အချိန်တိုအတွင်းရရှိလာသဖြင့် လူသုံး/အိမ်သုံးပစ္စည်းများထုတ်လုပ်ဖြန့်ဖြူး၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ မြန်ဆန်လာသည်။ ဝန်ဆောင်မှုလုပ်ငန်းတိုးတက်လာသည်။ "အချို့ပေါ် သကာရည်လောင်း" ဆိုသလို အစိုးရမှလည်း စီးပွားရေးလုပ်ငန်းများကိုအားပေးသည်။ သက်ဆိုင်ရာဌာနများမှ လည်းကောင်း၊ မီဒီယာများမှလည်းကောင်း သတင်းအချက်အလက်များစွာ ဖြန့်ဝေပေးလျက်ရှိနေသည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်သွက်လက်လာသည်။ အချိန်ကျုံ့လာသည်။ ခရီးကျုံ့လာသည်။ အကျိုးအမြတ်များစွာရရှိလာသည်။

ထိုသို့လမ်းဖွင့်ပေးခဲ့၍ လုပ်ငန်းရှင်များ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းပြင်းထန်လာသဖြင့် လုပ်ငန်းရှင်များသည် ဈေးကွက်ဝင်ရောက်နိုင်ရေး၊ ဈေးကွက်ဝေစုပိုမိုရရှိရေးစသည်တို့အတွက် ထုတ်လုပ်သောလူသုံး/အိမ်သုံးပစ္စည်းများ ပိုမိုကောင်းမွန်ရေး၊ ထုပ်ပိုးမှုပုံစံများကောင်းမွန်ရေးတို့အတွက် အပြိုင်အဆိုင် ကြိုးစားလာကြသည်။ အလားတူ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း စားသုံးသူများအားမက်လုံးအမျိုးမျိုးပေးကာ ဆောင်ရွက်လျက်ရှိနေကြသည်။ အများစုမှာစီးပွားရေးကျင့်ဝတ်အတိုင်း စားသုံးသူများအား စေတနာထားကာဆောင်ရွက်လျက်ရှိကြသော်လည်း "ဆွမ်းဆန်ထဲ ကွက်ချေးရောနေ" ဆိုသလို လူနည်းစုဖြစ်သော အချို့ပေါ်ပင်စီးပွားရေးလုပ်ငန်းရှင်များကြောင့် စားသုံးသူများထိခိုက်နစ်နာဆုံးရှုံးမှုများကြုံတွေ့လာရသဖြင့် စားသုံးသူများအား အကာအကွယ်ပေးရန်လိုအပ်လာပါသည်။

ထို့ကြောင့်ပင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄) ကိုပြဋ္ဌာန်းကာ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်း၊ စားသုံးသူအခွင့်အရေးများအပြည့်အဝရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အခြားတစ်ဖက်မှလည်း စီးပွားရေးလုပ်ငန်းရှင်များလူသုံး/အိမ်သုံးပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရေးအတွက် စစ်ဆေးပညာပေးခြင်းများဖြင့် အားပေးကူညီလျက်ရှိပါသည်။ လုပ်ငန်းရှင်များ စီးပွားရေးကျင့်ဝတ်များနှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များအား အဆိုပါဥပဒေတွင် ရှင်းလင်းလွယ်ကူစွာသတ်မှတ်ပြဋ္ဌာန်းထားပါသည်။

စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များနှင့် ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်-

(က) စီးပွားရေးလုပ်ငန်းများကို စီးပွားရေးကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်း။
(ခ) မိမိထုတ်လုပ်သော ကုန်စည်၊ ဝန်ဆောင်မှုအပေါ် ရှင်းလင်းမှန်ကန်သောသတင်းအချက်များပေးခြင်း။
(ဂ) စားသုံးသူများကို ခွဲခြားမှုမရှိဘဲဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း။
(ဃ) ရောင်းဝယ်/ထုတ်လုပ်သော ကုန်စည်/ ဝန်ဆောင်မှုများကိုသတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးများအပေါ် အခြေခံ၍ အာမခံချက်ပေးခြင်း။
(င) အရည်အသွေးစမ်းသပ်ရန် လိုအပ်သော ကုန်စည်/ ဝန်ဆောင်မှုများကို ဝယ်ယူခြင်းမပြုမီ စားသုံးသူအား စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း။
(စ) အာမခံပေးထားသည့် ကာလအတွင်း ကုန်စည်ကို စားသုံးခြင်း၊ ဝန်ဆောင်မှုကိုသုံးစွဲခြင်းကြောင့် ပျက်စီးဆုံးရှုံး၊ နစ်နာမှုများနှင့်ပတ်သက်၍ အာမခံချက်ပေးထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ခြင်း။
(ဆ) ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် သဘောတူညီထားသော သဘောတူညီချက်/ စာချုပ်ပါဝန်ခံကတိအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်း။
(ဇ) စားသုံးသူအငြင်းပွားမှုကို သက်ဆိုင်ရာမှ ဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ သက်ဆိုင်ရာစားသုံးသူအပေါ် ထိခိုက် နစ်နာစေရန်ပြောဆို၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကိုရှောင်ကြဉ်ခြင်း။

အထက်ပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအပြင် စီးပွားရေးလုပ်ငန်းရှင်များသည် လူသုံး၊ အိမ်သုံးပစ္စည်းများ ထုတ်လုပ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါတို့ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ဆောင်ရွက်ခြင်းမပြုရန်လည်းတားမြစ်ထားပါသည်-

(က) ကုန်စည်သတင်းအချက်အလက်၊ တံဆိပ် အမှတ်အသားပေါ်တွင် ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ အကျိုးသက်ရောက်မှု၊ အသားတင်အလေးချိန်၊ အသားတင်ထုထည်၊ စုစုပေါင်းပမာဏ၊ အရည်အသွေး၊ အဆင့်အတန်း၊ ဖွဲ့စည်းပုံ၊ ပြုလုပ်ပုံနည်းလမ်းပုံစံတို့နှင့် ကိုက်ညီမှုမရှိသောကုန်စည်။
(ခ) တံဆိပ်အမှတ်အသားပါ အချက်အလက်ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သောဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသောကုန်စည်။
(ဂ) အမည်၊ အရွယ်အစား၊ အသားတင်အလေးချိန်၊ထုထည်၊ ဖွဲ့စည်းပုံ၊ ညွှန်ကြားချက်၊ ထုတ်လုပ်ရက်စွဲနှင့် အမှတ်စဉ်၊ နောက်ဆုံး သုံးစွဲရမည့်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ကုမ္ပဏီအမည်၊ လိပ်စာ၊ ရောင်းချဖြန့်ဖြူးသူအမည်၊ အမှတ်တံဆိပ်၊ သတင်းအချက်အလက်နှင့် ကြိုတင်သတိပေးချက်တို့မပါရှိသော ကုန်စည်။
(ဃ) သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက်၊ ညွှန်ကြားချက်များကိုဖော်ပြထားခြင်းမရှိသောကုန်စည်။
(င) မူလထွက်ရှိသည့်နေရာ၊ ထုတ်လုပ်နေရာနှင့်စပ်လျဉ်း၍ မမှန်ကန်ဖော်ပြထားသောကုန်စည်။
(စ) ပြည်တွင်း၊ ပြည်ပ အသိအမှတ်ပြုဌာန၊ အဖွဲ့အစည်းတစ်ခုခုဝင်ထောက်ခံချက်အရဖြစ်စေ၊ သတ်မှတ်ထားသော စံသတ်မှတ်ချက်အရဖြစ်စေ ကိုက်ညီမှုမရှိသောကုန်စည်။
(ဆ) သက်ဆိုင်ရာအဖွဲ့အစည်းက သိပ္ပံနည်းကျသုတေသနပြုဆောင်ရွက်ချက်၊ တွေ့ရှိချက်အထောက်အထားများမရှိဘဲ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အာမခံချက်များဖော်ပြထားသောကုန်စည်။
(ဇ) သတ်မှတ်ထားသော စံချိန်စံညွှန်းများဖြင့် ကိုက်ညီမှုမရှိသောကုန်စည်။
(ဈ) ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်တွင် ဖော်ပြထားသောအခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ ကာလသတ်မှတ်ချက်၊ အကျိုးသက်ရောက်မှုတို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှု။
(ည) ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သောဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသောဝန်ဆောင်မှု။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များသည် ဝယ်ယူအသုံးပြုသူအား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ရောင်းချရန်ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းများအား အောက်ပါအခြေအနေများတွင် မပြုလုပ်ရန်တားမြစ်ထားပါသည်-

(က) ထုတ်ဖော်ညွှန်းဆိုထားသော အရည်အသွေး စံချိန်စံညွှန်း၊ ပုံစံ/နည်းလမ်း၊ ထူးခြားသောလက္ခဏာ၊ အသုံးပြုမှုတို့နှင့် ကိုက်ညီမှုမရှိသည့် ဈေးနှုန်းလျှော့ပေးထားသောကုန်စည်၊ အထူးဈေးနှုန်း လျှော့ပေးထားသောကုန်စည်၊ အထူးဈေးနှုန်းသတ်မှတ်ထားသော ကုန်စည်ဖြစ်ခြင်း။
(ခ) သစ်လွင်ကောင်းမွန်သော အခြေအနေတွင်မရှိသော ကုန်စည်ဖြစ်ခြင်း။
(ဂ) အခြားကုမ္ပဏီတစ်ခုခု၏ ကုန်စည်/ဝန်ဆောင်မှုကို ခိုင်မာသောထောက်ပံ့မှုနှင့် အာမခံမှုပြုခြင်း။
(ဃ) အသုံးမပြုနိုင်သော/ မရရှိနိုင်သောကုန်စည်၊ ဝန်ဆောင်မှုဖြစ်ခြင်း။
(င) အပြစ်အနာအဆာ ချွတ်ယွင်းချက်များကိုဖုံးကွယ်ထားသည့် ကုန်စည်/ဝန်ဆောင်မှုဖြစ်ခြင်း။
(စ) အခြားသော ကုန်စည်/ဝန်ဆောင်မှုများကို တိုက်ရိုက်/သွယ်ဝိုက်၍ ချိုးနှိမ်ဖော်ပြခြင်း။
(ဆ) သတင်းအချက်အလက် အပြည့်အစုံ ခိုင်မာမှုမရှိသော ချဲ့ကားဖော်ပြမှုများကို အသုံးပြုခြင်း။
(ဇ) မသေချာ၊ မရေရာသော ကတိကဝတ်ပြုမှုများဖြင့် ကမ်းလှမ်း၍ရောင်းချသော/ပေးအပ်သောကုန်စည်/ဝန်ဆောင်မှုဖြစ်ခြင်း။

အထက်ပါအချက်များအပြင် စားသုံးသူအားအောက်ပါအခြေအနေတစ်ခုခုကို အသုံးပြု၍ လိမ်လည်လှည့်ဖြားခြင်းမပြုရန်လည်း တားမြစ်ထားပါသည်-

(က) ကုန်စည်/ဝန်ဆောင်မှုသည် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီသည်ဟုမမှန်မကန်ဖော်ပြခြင်း။
(ခ) ကုန်စည်/ဝန်ဆောင်မှု၏ ချွတ်ယွင်းချက်ကို ဖုံးကွယ်ဖော်ပြခြင်း။
(ဂ) ကမ်းလှမ်းထားသော ကုန်စည်မဟုတ်ဘဲအခြားကုန်စည်ကို အစားထိုးရောင်းချခြင်း။
(ဃ) ကုန်စည်/ဝန်ဆောင်မှုအား အရောင်းမြှင့်တင်ရောင်းချခြင်းမပြုလုပ်မီ ဈေးနှုန်းတိုးမြှင့်ခြင်း။
(င) နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ ကျော်လွန်နေသော ကုန်စည်ကိုပြုပြင်မွမ်းမံ၍ ရောင်းချခြင်း၊ ရောနှောရောင်းချခြင်း။
(စ) အမျိုးအစားတူ၊ အရည်အသွေးနိမ့်ကုန်စည်ကို ရောနှောရောင်းချခြင်းနှင့် အမျိုးအစားမတူ စားသုံးရန်မသင့်သော ကုန်စည်ကို ရောနှောရောင်းချခြင်း။

**စာမျက်နှာ ၃၂ သို့**

# SHU SAN INDUSTRY COMPANY LTD




- ရန်ကုန်ရုံးချုပ် - အမှတ်(၉)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့။ Ph : 01-9664726, 01-9666246, 01-650912, 01-9669017, 01-9669018
- စက်သုံးဆီအရောင်းဌာန - အမှတ်(၁/၅)၊ ဆိပ်ကမ်းသာလမ်း၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုံ၊ ရန်ကုန်မြို့။ Ph : 09 5002458, 09 785002458


# MOE HTET GABAR

COMPANY LIMITED





**Address** : No. 151, Room (B-702, B-704), Myawaddy Bank Luxury Complex,
Bogyoke Aung San Street (Corner of Wardan Street), Lanmadaw Township, Yangon, Myanmar.


**Tel** : 01-212311, 212837, 2301468~70



ALPINE
Purified Drinking Water
PROMISES PURITY
www.facebook.com/AlpineDrinkingWater
09- 730 971 36, 09- 730 971 37


# Ease of Doing Business Ranking မြင့်မားစေရေးအတွက် Trading Across Border Indicator အထောက်အကူပြု အဖွဲ့ဝင်ဌာနများ၏ လက်ရှိအခြေအနေတွင် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြာမြင့်ချိန် ကုန်ကျစရိတ်နှင့် လုပ်ငန်းစဉ်အဆင့်များ (အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန - FDA)





ဆက်လက်ဖော်ပြပါမည်။

# ရေရှည်အကျိုးများမည့် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မြန်မာ့ထုတ်ကုန်များ ကုန်ကျစရိတ်လျှော့ကျစေရေး

မောင်လွင်ပြင်

ASEAN Economic Community

၂၀၁၈ ခုနှစ်သည် မြန်မာနိုင်ငံအဖို့ အေအီးစီဟုခေါ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်းကို အပြည့်အဝအကောင်အထည်ဖော်ရတော့မည့်နှစ်ဖြစ်သည်။ အပြည့်အဝအကောင်အထည်ဖော်ရတော့မည်ဟုဆိုရခြင်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းဟူသည် ၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့ပြီးသားဖြစ်၍ ဖြစ်သည်။ အာဆီယံဒေသတွင်း နိုင်ငံများသည် အာဆီယံဒေသတွင် စီးပွားရေး အသိုက်အဝန်းကြီးတစ်ခု (ဈေးကွက်ကြီးတစ်ခု) ပေါ်ပေါက်ရေး ၂၀၁၅ ခုနှစ်ကတည်းက စတင်မည်ဟုရည်မှန်းချက်ထားခဲ့ကြသည်။ ထို့ပြင် ရည်ရွယ်ချက်လေးချက်ဖြင့်လည်း စတင်နိုင်ခဲ့ကြသည်။ (၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများဒေသအား တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုများ၏ အခြေခံဒေသဖြစ်ရန်၊ (၂) ယှဉ်ပြိုင်ထုတ်လုပ် ရောင်းချနိုင်စွမ်း မြင့်မားသည့် စီးပွားရေးဒေသဖြစ်ရန်၊ (၃) မျှတသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်ဒေသဖြစ်ရန်၊ (၄) ကမ္ဘာ့စီးပွားရေးစနစ်တွင် အပြည့်အဝပါဝင်သောဒေသဖြစ်ရန် စသည့်ရည်ရွယ်ချက်များဖြစ်သည်။

သို့သော် မြန်မာနိုင်ငံက ယခု ၂၀၁၈ ခုနှစ်ကျမှ အပြည့်အဝ အကောင်အထည်ဖော်ရမည့်နှစ်ဖြစ်ရသနည်း။ အာဆီယံ ၁၀ နိုင်ငံ (တီမောလက်စ်တေနိုင်ငံကိုပါထည့်တွက်ထားသည်) တွင် အဖွဲ့ဝင်နိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရလွယ်ကူခြင်း အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ဥစ္စာခနပိုင်ဆိုင်မှုအခြေအနေစသည်များ မတူညီနိုင်ကြချေ။ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးကျဝင်ငွေကောင်းနေသော စင်ကာပူ၊ ဘရူနိုင်း၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား စသည့်နိုင်ငံများက ရှေ့တန်းရောက်နေပြီး မြန်မာအပါအဝင် ဖွံ့ဖြိုးမှုနိမ့်ကျပြီး ဆင်းရဲနွမ်းပါးစာရင်းထဲ ဝင်နေသော ကမ္ဘောဒီးယား၊ လာအိုစသည့်နိုင်ငံများက နောက်မှာအတော်လေးပြတ်ကျန်ရစ်နေသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး စုပေါင်းပြီး ဈေးကွက်ကြီးတစ်ခုဖြစ်အောင် ကြံစည်ကာမိမိတို့နိုင်ငံက ထုတ်လုပ်သည့်ထုတ်ကုန်များ ယှဉ်ပြိုင်ရောင်းချဖို့အရေး တန်းတူအခွင့်အရေး ပေးလိုက်၍မဖြစ်နိုင်ပေ။ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုအားကောင်းပြီး အာရှအဆင့်၊ ကမ္ဘာ့အဆင့်အတန်းဝင်အောင် ထုတ်လုပ်နိုင်သည့် နိုင်ငံများက ဈေးကွက်ကြီးကို လွှမ်းမိုးသိမ်းပိုက်သွားပေလိမ့်မည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း သဘောတူညီချက်အရ အာဆီယံအဖွဲ့ဝင်အသစ် နိုင်ငံများဖြစ်သည့် (စီအယ်လ်အမ်ဗွီနိုင်ငံများဟုလည်းခေါ်သည့်) ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံ လေးနိုင်ငံအား အထူးအခွင့်အရေးပေးသည့်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းထဲ မဝင်စေသေးဘဲ သုံးနှစ်အချိန်(အရှိန်) ယူစေကာ ၂၀၁၈ ခုနှစ်ကျကာမှ အာဆီယံစီးပွားရေးအသိုက်အဝန်းဈေးကွက်ကြီးထဲပါဝင်စေရေး အပြည့်အဝအကောင်အထည်ဖော်ပေးရမည့် အစီအစဉ်ဖြစ်လာရခြင်းဖြစ်သည်။ ထို့ကြောင့် ယခု ၂၀၁၈ ခုနှစ်သည် အဆိုပါလေးနိုင်ငံအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းကိုစွ အပြည့်အဝအကောင်အထည်ဖော်ပေးရတော့မည့်နှစ် ဖြစ်ရပေတော့သည်။ မဖြစ်မနေလည်းဆောင်ရွက်ရပေတော့မည်။

ထိုသို့ အထူးအခွင့်အရေး သုံးနှစ်တာပေးထားပါသော်မှ အဆင်သင့်ဖြစ်အောင် ပြင်ဆင်မထားနိုင်သေးသောနိုင်ငံအဖို့မှာကား အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုသည်ချည်းကို ကြောက်အားပိုချင်လည်း ပိုနိုင်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုသည့် စီးပွားရေးယှဉ်ပြိုင်မှုလှိုင်းဂယက်များက လာရောက်ရိုက်ခတ်နေပြီး သည်မှာက ဘာမျှပြင်ဆင်မထားရသေးဆိုလျှင်တော့ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ခြောက်လန့်ခြင်းကို အသေအချာခံရလိမ့်မည်ဖြစ်သည်။ ဆိုလိုသည်က အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စီးပွားရေးထုတ်ကုန်များ အပြိုင်ခင်းကြမည့် ဈေးခင်းကြီးဖြစ်သည်။ အာဆီယံဒေသသည် စားသုံးသူပြည်သူသန်း ၈၀၀ ကျော် မှီတင်းနေထိုင်ကြသော မက်စရာကောင်းသည့် ရပ်ဝန်းဒေသကြီးဖြစ်သည်။ မိမိတို့နိုင်ငံထုတ်ကုန်၊ သူများနိုင်ငံထုတ်ကုန်စသည့် ထုတ်ကုန်အချင်းချင်း အပြိုင်ခင်းကျင်းရောင်းချကြမည့် အရှေ့တောင်အာရှပွဲတော်ဈေးခင်းကြီးဟု တင်စားဆိုနိုင်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထုတ်ကုန်အချင်းချင်း အပြိုင်ရောင်းချရာတွင် ထုတ်ကုန်ပစ္စည်းချင်း တူသည်ဖြစ်စေ၊ အမျိုးအစားကွဲပြားသည်ဖြစ်စေ အရည်အသွေးကို ပြိုင်ဆိုင်ရောင်းချကြမည်ဖြစ်သည်။ နည်းပညာကို ပြိုင်ဆိုင်မည်ဖြစ်သည်။ ဈေးနှုန်းကိုပြိုင်ဆိုင်မည်ဖြစ်သည်။ ဝန်ဆောင်မှုကိုပြိုင်ကြမည်ဖြစ်သည်။ အမှတ်တံဆိပ်ကိုပြိုင်ကြမည်။ ဒီဇိုင်းမော်ဒယ်လ်ကို ပြိုင်ကြမည်။ နောက်ဆုံးအရေးအတွက်များများထုတ်လုပ်နိုင်ခြင်းကိုပြိုင်မည်။ စွန့်ဦးတီထွင်လိုစိတ်ကို ပြိုင်မည်။

ဤသို့ဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုသည့် အရှေ့တောင်အာရှဈေးကွက်ကြီးထဲတွင် အဖွဲ့ဝင်နိုင်ငံများ ထုတ်ကုန်ချင်းအပြိုင်ထုတ်လုပ်ခင်းကျင်းရောင်းချခြင်းနှင့်အတူ ယင်းပြိုင်ပွဲကြီးတွင် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခွင့်အလမ်းရှာဖွေခြင်းဉာဏ်ရည်ပြိုင်ပွဲလည်း ပါဝင်သွားမည်ဖြစ်သည်။ ပြည်သူလူထု၏ကုန်ထုတ်စွမ်းအားပြိုင်ဆိုင်ပွဲလည်း ပါဝင်သွားမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအကြား သိပ္ပံနှင့်နည်းပညာတိုးတက်မှုချင်း ပြိုင်ဆိုင်မှုလည်းပါဝင်သွားမည်ဖြစ်သည်ဟု ရှုမြင်ရပါသည်။ ယင်းသို့ပြိုင်ဆိုင်ခြင်းများသည် ကောင်းမွန်သောပြိုင်ဆိုင်ခြင်းများဖြစ်၍ အားပေးကြိုဆိုရပါမည်။ ယှဉ်ပြိုင်ပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် သေချာပေါက်ပါဝင်ကစားရပါလိမ့်မည်။ သို့သော်ယှဉ်ပြိုင်ပါဝင်ရမည်ဆိုသော်လည်း အဆင်သင့်မဖြစ်သေးလျှင်တော့ ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ဖို့ မဝံ့မရဲဖြစ်ရမည့်အပြင် သူများလာပြိုင်မည့်အရေး ရင်မဆိုင်ရဲသဖြင့် ကြောက်စိတ်ဝင်ရမည့် အနေအထားနှင့်လည်း ရင်ဆိုင်ရပေဦးမည်။ မြန်မာနိုင်ငံသည် အာဆီယံ စီးပွားရေးအသိုက်အဝန်းထဲ ဝင်ပြိုင်ရန် အဆင်သင့်ဖြစ်ပါပြီလား။

အာဆီယံ စီးပွားရေးအသိုက်အဝန်းထဲဝင်တော့မည်ဆိုလျှင် အာဆီယံနိုင်ငံ အချင်းချင်း လွတ်လပ်စွာကုန်သွယ်မှုဇရိယာကို ထူထောင်ခြင်းဖြစ်၍ အကောက်ခွန်ကင်းလွတ်ခွင့် အခွင့်အရေးရရှိတော့မည်ဖြစ်သည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်စသည့် စီအယ်လ်အမ်ဗွီ နိုင်ငံတို့သည် ယခု ၂၀၁၈ ခုနှစ်ကစပြီး အာဆီယံ အကောက်အခွန် လျှော့ချရေး အစီအစဉ်ကို လိုက်နာကြရတော့မည်ဖြစ်သည်။ အာဆီယံနိုင်ငံအချင်းချင်းကုန်သွယ်လျှင် အကောက်ခွန်လုံးဝပေးစရာမလိုတော့သည့် အခြေအနေရရှိတော့မည်။ ဤတွင်ပြည်တွင်း၌ကြောက်စိတ်တစ်ခုပေါ်လာသည်။ အာဆီယံလွတ်လပ်စွာကုန်သွယ်မှုကြောင့် ပြည်တွင်းဈေးကွက်ပျက်သွားမည်လား။ ပြည်တွင်းလုပ်ငန်းအချို့လုပ်ငန်းရပ်ဆိုင်းသွားရတော့မည်လား ဟူသောကြောက်စိတ်ဖြစ်သည်။ သို့သော် ထိုကြောက်စိတ်ကိုဖျောက်ပစ်ရမည်ဟု ပြည်တွင်းစီးပွားရေးပညာရှင်အချို့ကထောက်ပြနေသည်။ တကယ်တော့ အာဆီယံစီးပွားရေးအသိုက်အဝန်းဟူသည် ကြိုဆိုသင့်သောကိစ္စဖြစ်သည်။ ကြောက်လန့်နေစရာလည်းမလို။ ရေတိုစိန်ခေါ်မှုများရှိကောင်းရှိမည်ဖြစ်သော်လည်း ရေရှည်ကာလအတွက် တကယ့်ကိုအကျိုးရှိနိုင်သည့် အခွင့်အလမ်းဖြစ်သည်ဟုလည်း ဝေဖန်သုံးသပ်မှုရှိသည်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းက ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှု မက်လောက်စရာရှိနေသည်ဆိုသည်မှာ အာဆီယံနိုင်ငံအချင်းချင်း ကုန်သွယ်မှုပမာဏကိုကြည့်၍ ထောက်ပြခြင်းဖြစ်သည်။ အာဆီယံနိုင်ငံအချင်းချင်းကုန်သွယ်မှုသည် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၇၆ ဘီလီယံရှိခဲ့ရာက ၂၀၁၇ ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ ၅၂၀ ဒသမ ၉၆ ဘီလီယံအထိ ရှိလာခဲ့သည်။ ယင်းပမာဏသည် အာဆီယံစုစုပေါင်းကုန်သွယ်မှု၏ ၂၃ ဒသမ ၄၈ ရာခိုင်နှုန်းအထိ ရှိသည်ဟုလည်းဆိုသည်။ ယင်းသည် တစ်လုံးတစ်စည်းတည်းသော ဈေးကွက်ဖြစ်လာသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းကရသည့် အကျိုးကျေးဇူးဟုဆိုသည်။ ထို့ကြောင့် အာဆီယံကုန်သွယ်မှု စီးပွားရေးရပ်ဝန်းကြီးထဲသို့ ပါဝင်သင့်သည်ဟု ဆိုနေခြင်းဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံအဖို့ အာဆီယံ စီးပွားရေးအသိုက်အဝန်းထဲဝင်မည်ဆိုလျှင် ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ရပေမည်။ လောလောဆယ်မြန်မာနိုင်ငံစီးပွားရေး ကျဆင်းနေသည်။ စီးပွားရေးပြန်လည်နိုးထအောင် ပြန်လည်ဆောင်ရွက်ရမည်။ ထုတ်ကုန်ထုတ်လုပ်မှုများလည်း အဆတိုးမြှင့်ထုတ်လုပ်ရမည်။ မြန်မာ့ထုတ်ကုန်အချို့တွင် သူများနိုင်ငံထုတ်ကုန်နှင့် မယှဉ်ပြိုင်နိုင်သောအချက်တစ်ချက်ရှိနေသည်။ ယင်းမှာထုတ်လုပ်ရောင်းချမှုတွင် ကုန်ကျစရိတ်မြင့်နေသည့်ကိစ္စဖြစ်သည်။ ယင်းအချက်ကိုပြည်တွင်းစီးပွားရေးပညာရှင်အချို့ကလည်းထောက်ပြသည်။ ထိုင်းနိုင်ငံတွင် ထုတ်လုပ်ရောင်းချစရိတ်သည် ပစ္စည်းတန်ဖိုး၏ ရှစ်ရာခိုင်နှုန်းရှိနေချိန်တွင် မြန်မာ့ထုတ်ကုန်အချို့မှာတော့ ၄၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်ရောင်းချစရိတ်ရှိနေသည်ဟုလည်း ယှဉ်ထိုးပြောနေကြသည်။ ထိုသို့ထုတ်လုပ်ရောင်းချစရိတ် အဆမတန်မြင့်နေသောအခါ ဈေးကွက်တွင်ဈေးနှုန်းချင်းမယှဉ်နိုင်သည့် ပြဿနာကြုံတွေ့ရမည်မှာသေချာနေသည်။ ယခုအာဆီယံဈေးကွက်ကြီးထဲ မြန်မာ့ထုတ်ကုန်များ ပါဝင်ယှဉ်ပြိုင်ရောင်းချရေး အဓိကအဟန့်အတားဖြစ်နေသော ထုတ်လုပ်ရောင်းချကုန်ကျစရိတ်လျှော့နည်းရေးတာဝန်ရှိသူတို့ စီစဉ်ဆောင်ရွက်နေကြပြီဟူ၍လည်း သတင်းများကြားသိနေရပါကြောင်း တင်ပြလိုက်ရပါသည်။

Commerce ကာတွန်း



## အိုမန်နိုင်ငံတွင် ကုမ္ပဏီ သုံးခုအား စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ချိုးဖောက်မှုကြောင့် ဒဏ်ကြေးငွေချမှတ်

အိုမန်နိုင်ငံ Izki နှင့် Bahla ပြည်နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ချိုးဖောက်သည့်အတွက် စီးပွားရေးကုမ္ပဏီ သုံးခုအား တရားရုံးမှ စီရင်ချက်ချမှတ်ခဲ့သည်။ ပထမအမှုမှာ ပြည်တွင်းတွင် အိမ်အကူများကိုခန့်အပ်ပြီး ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်းသည့် တိုင်ကြားမှုဖြစ်ပြီး အဆိုပါကုမ္ပဏီမှခန့်အပ်ထားသော အိမ်အကူသည် တိုင်ကြားသူ၏ နေအိမ်တွင် အလုပ်လုပ်ကိုင်ရန် ငြင်းဆန်ခဲ့ပြီးနောက် ၎င်းကုမ္ပဏီသည် လိုက်နာဆောင်ရွက်ရမည့် အာမခံကိစ္စများကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ သက်ဆိုင်သူသို့ပြန်လည်ပေးအပ်ရမည့် ငွေပမာဏကိုလည်း ပေးအပ်ခြင်းမရှိသဖြင့် ငွေဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ တရားရုံးမှ ၎င်းကုမ္ပဏီအား သင့်လျော်သောဝန်ဆောင်မှုကို ပေးအပ်ခြင်းမရှိသဖြင့် ဒဏ်ကြေးငွေ Omani Rial (OMR) 100 ကို ချမှတ်ခဲ့ကြောင်း သိရသည်။

ဒုတိယအမှုမှာ စားသုံးသူတစ်ဦးမှ တိုင်ကြားသောအမှုကိစ္စဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီတစ်ခုသည် ပြတင်းပေါက်များ၊ တံခါးများနှင့် မီးဖိုချောင်သုံးပရိဘောဂများကို တပ်ဆင်နေရာချထားရန် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် တိုင်ကြားသည့်စားသုံးသူမှ အဆိုပါပစ္စည်းများကို တပ်ဆင်နေရာချပြီးသည့်အခါ ၎င်းပစ္စည်းများမှာ ကောင်းစွာအလုပ်မလုပ်ကြောင်း သတိမူမိသဖြင့် တိုင်ကြားခဲ့ခြင်းဖြစ်သည်။ တရားရုံးမှ အဆိုပါကုမ္ပဏီအား ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်စိတ်ချရမှုတို့မရှိသည့်အပြင် စာချုပ်ပါသဘောတူညီချက်များကို သင့်လျော်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ပြီး ဒဏ်ကြေးငွေ Omani Rial (OMR) 250 ကို ချမှတ်ခဲ့ကြောင်းသိရပါသည်။

တတိယအမှုမှာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပြည်သူ့အာဏာပိုင်အဖွဲ့အစည်းသည် စားသုံးသူတစ်ဦးထံမှ တိုင်ကြားမှုတစ်ခုကို လက်ခံရရှိခဲ့ပြီး အဆိုပါစားသုံးသူမှာ Izki ပြည်နယ်တွင် စီးပွားရေးကုမ္ပဏီတစ်ခုနှင့် ၎င်း၏ နေအိမ်အမိုးပေါ်တွင် ရေကို တားဆီးထိန်းသိမ်းသည့်ပစ္စည်း တစ်ခုကို တပ်ဆင်ပေးရန် သဘောတူညီခဲ့သည်။ သို့ရာတွင် အဆိုပါပစ္စည်းကို တပ်ဆင်ပြီးနောက် စားသုံးသူ၏ နေအိမ်တတိယထပ်မျက်နှာကြက်အမိုးတွင် ရေယိုစိမ့်မှုတစ်ခုဖြစ်ပွားခဲ့ရာ စားသုံးသူမှ သက်ဆိုင်ရာကုမ္ပဏီအား ငွေပြန်လည်အမ်းပေးရန် တောင်းဆိုခဲ့သည်။ သို့သော်ကုမ္ပဏီသည် တိုင်ကြားသူ၏အရေးဆိုမှုကို ငြင်းပယ်ခဲ့သဖြင့် တရားရုံးမှ အမှုကိုစုံစမ်းစစ်ဆေးခဲ့ပြီးနောက် ကုမ္ပဏီအား ဝန်ဆောင်မှုပေးအပ်ရန်ပျက်ကွက်ကြောင်း တွေ့ရှိရသဖြင့် ဒဏ်ကြေးငွေ Omani Rial (OMR) 100 ကို ချမှတ်ခဲ့ပါသည်။ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပြည်သူ့အာဏာပိုင် အဖွဲ့အစည်းသည် ကုန်သည်များနှင့် ကုန်ပစ္စည်းရောင်းချသူများအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ စည်းမျဉ်းများနှင့် ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို လိုက်နာဆောင်ရွက်ကြရန်နှင့် ကုန်စည်များနှင့်ဝန်ဆောင်မှုများကို အရောင်းမြှင့်တင် ဆောင်ရွက်ရာတွင် မှားယွင်းစွာနှင့် ထင်ယောင်ထင်မှားဖြစ်စွာ ကြေညာခြင်းများကို ရှောင်ရှားကြရန် တောင်းဆိုခဲ့ကြောင်း သိရပါသည်။ **မျိုးမျိုးထိုက်(စားသုံးသူ)**

## မကွေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ (၄/၂၀၁၈)ကြိမ်မြောက် တိုင်းစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို ဧပြီလ ၉ ရက်က စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ အဖွဲ့ဝင်စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းမှ အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်စွာဝင်းမှ လစဉ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများသာမက ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက် နေမှုအခြေအနေများအား Power Point များဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်များမှ အသီးသီး ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌမှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅ x ၅၀)ပေ | လျှာထိုးခင်း၊ အခန်းဖွဲ့ | ၆၀၀ သိန်း | အသင့်နေ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | ကွန်ဒို | ဒဂုံမြို့နယ်၊ ဈေးမြောက်လမ်း | ၂၂၀၀ စ/ပေ | MB (၁)၊ BR (၁) | ၂၀ သိန်း | ၁လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | ပုစွန်တောင်မြို့နယ်၊ ဒေါနလမ်း | (၁၄ x ၅၅)ပေ | မြေညီ၊ ဟောလ် | ၇၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း | (၁၅ x ၇၀)ပေ | မြေညီ၊ အခန်းဖွဲ့ | ၁၅၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း၊ | (၃၅ x ၄၅)ပေ | RC (၁) ထပ် | ၂၇၀၀ သိန်း | လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၆။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ BR (၂) (၇) လွှာ | ၁၅၅၀ သိန်း | လမ်းသန့်၊ အသင့်နေ၊ ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၇။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း | (၁၂.၅ x ၆၀)ပေ | (၅) လွှာ၊ ဟောလ် | ၇၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | မြေ | ရွှေပြည်သာမြို့နယ်၊ သံဒင်းရပ်ကွက် | (၂၀ x ၆၀)ပေ | မြေသီးသန့် | ၁၂၀ သိန်း | မြေသီးသန့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ညောင်နီရွာ | (၈၀ x ၈၀)ပေ | မြေသီးသန့်၊ ခြံကာပြီး | ၅၀၀ သိန်း | ရွာလယ် လမ်းမကြီးဘေး | ၀၉/၉၇၆၂၁၁၁၂၃ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလ်ဖတ် (၂၀၀၃) | H | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | နီဆန်း(လာတီယို) (၂၀၁၄) | ယာယီ | ၂၅၅ သိန်း | 1.2 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | နီဆန်း(ဆန်နီဆလွန်း) (၂၀၁၇) | P | ၂၆၀ သိန်း | 1.2 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ရက်တစ် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၃) | စတီ | ၂၆၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဖစ်ရှာတဲလ် (၂၀၁၂) | စတီ | ၂၆၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | အက်ဇီယို (၂၀၀၉) | I | ၂၆၀ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | တိုယိုတာဘီဘီ | G | ၁၄၆ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | နီဆန်းနတ် (၂၀၀၈) | H | ၁၄၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |

## စာမျက်နှာ (၆) အမေရိကန်အတွက် အရေးပါသော ·····မှအဆက်

အဆိုပါဆွေးနွေးပွဲများသည် လွတ်လပ်ပွင့်လင်းပြီး သီသန့်ကျင်းပခြင်းဖြစ်သောကြောင့် အပြန်အလှန် နားလည်မှုတိုးခြင်း၊ မသက်ာမှုနှင့် ယုံမှားသံသယလျော့ကျခြင်းတို့ကို ဖြစ်စေပါသည်။ ဤနည်းအားဖြင့် အာဆီယံသည် အာရှပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့ကို တည်ဆောက် ထိန်းသိမ်းနိုင်ခဲ့သည်။

အမေရိကန်နှင့် အာဆီယံတို့သည် သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များ (Non-traditional Security Challenges) ကိုလည်း လက်တွဲရင်ဆိုင် ဖြေရှင်းလျက်ရှိသည်။ သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များအဖြစ် မူးယစ်ဆေးဝါးနှင့် လူမှောင်ခိုကုန်ကူးမှု၊ အကြမ်းဖက်မှု၊ ဆိုက်ဘာတိုက်ခိုက်မှု (Cyber Attack)၊ နယ်စပ်ဖြတ်ကျော်မှုခင်း၊ ရာသီဥတုပြောင်းလဲမှု၊ ကူးစက်ရောဂါစသည်တို့ကို တွေ့ရှိရသည်။

အမေရိကန်နှင့် အာဆီယံတို့သည် တရားဥပဒေစိုးမိုးရေး၊ အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းရေး၊ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေ (International Law) လေးစားရေး စသည့် ကိစ္စရပ်များတွင်လည်း အမြင်ချင်းဖလှယ်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံ၏ အရေးပါမှုကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ အာဆီယံအဖွဲ့ကို လေးစားသောအားဖြင့်လည်းကောင်း ၂၀၁၆ ခုနှစ်တွင် အမေရိကန်-အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ (US-Asean Leaders' Summit) သို့ ဖိတ်ကြားခဲ့ပါသည်။ အဆိုပါထိပ်သီးဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားရှိ Sunnylands တွင် ကျင်းပခဲ့ပါသည်။

### ဆက်လက်ပူးပေါင်းမည့်အာဆီယံ-အမေရိကန်

အမေရိကန်၏ လက်ရှိသမ္မတ Donald Trump ဦးဆောင်သော အစိုးရသည် ယခင်အစိုးရက ချမှတ်ခဲ့သော အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ရေးပေါ်လစီများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် အမေရိကန်ဒုတိယသမ္မတ Mike Pence သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ လာရောက်လည်ပတ်ခဲ့ပါသည်။ အစိုးရစတက်သည့် ပထမနှစ်မှာပင်သမ္မတ Donald Trump သည် အာဆီယံခေါင်းဆောင် လေးဦးအား သမ္မတအိမ်ဖြူတော်သို့ဖိတ်ကြားခဲ့ပါသည်။ ထို့ပြင် Donald Trump သည် ၂၀၁၇ ခုနှစ်မှာပင် မလေးရှားနိုင်ငံ မနီလာမြို့တွင် ကျင်းပသည့် အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး (Asean-US Leaders' Summit) ကို တက်ရောက်ခဲ့သည်။ ယခု ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် Asean-US Summit သို့ အမေရိကန်ပြည်ထောင်စုနိုင်ငံသမ္မတ Donald Trump တက်ရောက်နိုင်ကြောင်းပါခင်ဗျား။

**Source: aseantoday**

# ပခုက္ကူမြို့နယ် လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဖွဲ့စည်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူ ရေးရာ ဦးစီးဌာနတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ ဧပြီလ ၁၈ ရက်က ပခုက္ကူ မြို့နယ်လျှော်ဖြူ စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းကို အလုပ်အမှုဆောင် ၂၁ ဦးဖြင့် ဖွဲ့စည်းရန် ဆွေးနွေးပွဲကျင်းပခဲ့ရာ ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်မှာရှိသော ကန်လှကျေးရွာ၊ အနောက်မန်ကျည်းကန်ကျေးရွာ၊ အနောက် ဘုန်းကံကျေးရွာ၊ လက်ပန်ကံကျေးရွာ၊ အနောက်ချောက်ကန် ကျေးရွာ၊ ကင်းကျေးရွာ စသည့်ကျေးရွာများမှ လျှော်ဖြူစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချသူ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးမှူးက အသင်းအဖွဲ့ ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်၊ ဒေသတွင်း ဈေးကွက်မှသည် ကမ္ဘာ့ဈေးကွက်အထိ ကောင်းမွန်သော ဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရေး၊ ပြည်ပပို့ကုန်အမယ်သစ်ဖြစ်သော နှစ်ရှည်ပင် အမျိုးအစား လျှော်ဖြူပင်သည် မြန်မာနိုင်ငံ အပူပိုင်းဒေသမှာ လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးလျှင် ပို၍ဖြစ်ထွန်းမည် ဖြစ်ကြောင်း၊ ၎င်းလျှော်ဖြူပင်သည် ပြုန်းတီးသွားသော သစ်တောများကို အစားထိုး ပြန်လည်စိမ်းလန်း စိုပြေရေးအတွက် ပြန်လည်အသုံးချပါက အောင်မြင်နိုင်သည်ဟု ယူဆရကြောင်း၊ မိမိတို့ဌာနသည် စားသုံးသူရေးရာ လုပ်ငန်းများ အပြင် ပြည်တွင်း ကုန်သွယ်မှုမြှင့်တင်ရေးအတွက် လုပ်ဆောင်နေကြောင်း၊ မြိုင်မြို့နယ်နှင့် ရေစကြိုမြို့နယ်တို့ တွင်လည်း လျှော်ဖြူအသင်း ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း၊ ပခုက္ကူ ခရိုင်အတွင်းရှိ မြို့နယ်များတွင် လျှော်ဖြူပင်များကို အင်တိုက်အားတိုက် စိုက်ပျိုးထားသည်ကို တွေ့ရှိရကြောင်း၊ နောင်အခါတွင် ဒေသခံတောင်သူများသည် လူမှုစီးပွား အဆင်ပြေနိုင်မည်ဟု ယူဆရကြောင်း၊ ပြည်ပဈေးကွက်ဝင် တိုင်းရင်းဆေး၊ ပရဆေးများကိုလည်း အများအပြား စိုက်ပျိုးစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသော လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်သူများမှ မိမိတို့ ပိုင်ဆိုင်သော စိုက်ပျိုးမြေများမှာ တစ်နှစ်မှတစ်သီးသာ စိုက်ပျိုး၍ရပြီး သီးနှံအထွက်နှုန်းနှင့် ဈေးနှုန်းမကောင်းခြင်းတို့ကြောင့် တောင်သူများ ကြွေးတင်ပြီး လူမှုစီးပွားအဘက်ဘက်မှ နိမ့်ပါးလာသည်ဖြစ်၍ နှစ်ရှည်ပင်ဖြစ်သော လျှော်ဖြူပင်ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ လျှော်ဖြူပင်သည် နောင်အနာဂတ်တွင် မိမိတို့အတွက်သာမက နိုင်ငံအတွက်ပါ အကျိုးအမြတ်များစွာ ဖြစ်ထွန်းနိုင်ကြောင်း၊ ၎င်းအပင်သည် သုံးနှစ်သားမှ ငါးနှစ်သားအတွင်း စတင်အစေးထုတ်ယူနိုင်ပြီး နေ့စဉ် ဝင်ငွေရစေနိုင်ကြောင်း၊ လျှော်ဖြူပင်တွင်သာမက ဓာတုဓာတ်ကြွင်းကင်းသော ဖန်လုံအိမ်စနစ်ဖြင့် အော်ဂဲနစ်သီးနှံများ စိုက်ပျိုးခြင်းအထိ မိမိတို့တောင်သူများ ရည်ရွယ်ထားကြောင်း၊ ဒေသခံတောင်သူများအား စိုက်ပျိုးရေး နည်းပညာများ ဖြန့်ဖြူးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံခြားသားများ၏ စိတ်ဝင်စားစရာ နေရာဖြစ်နိုင်သောကြောင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက်လည်း အကျိုးဖြစ်ထွန်းလာစေနိုင်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# တာထွက်ကောင်းတဲ့ စိန်တလုံး

မြန်မာ့စိန်တလုံး သရက်သီးဟာ ပြည်တွင်းမှာသာမက ပြည်ပမှာပါ နာမည်ကောင်းရနေတဲ့ သရက်သီးဖြစ်တဲ့အတွက် ဒီနှစ်သရက်သီး တင်ပို့မှုတွင် အနုသီးများ၊ မမှည့်သေးသော သရက်သီးများအား ဆေးတို့ခြင်းမှ ကင်းဝေးပြီး ဈေးကွက်မပျက်စေရန်အတွက် ဧပြီ ၁၅ ရက်မှ စတင်၍ ပြည်ပသို့ တင်ပို့မှုကို ခွင့်ပြုခဲ့ပြီး အရည်အသွေးကောင်းမွန်သော စိန်တလုံး သရက်သီးများ ဖြစ်တာနဲ့အညီ (၁၀၅) မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်နှင့် ပွဲရုံ များတွင် ရောင်းသူဘက်မှ မိမိကြိုက်ဈေးရောင်းချနိုင်ခဲ့သလို တရုတ်ဝယ်လက်ဘက်မှလည်း ဈေးမနှိမ်ဘဲ ဝယ်ယူခဲ့ကာ ရောင်းဈေးမှာ တစ်ကီလိုဂရမ်လျှင် အနည်းဆုံး ၆ ယွမ်မှ အများဆုံး ၁၀ ယွမ်ခန့် ရရှိခဲ့ပါတယ်။

သင်္ကြန်ကာလ ရောင်းချခြင်းဖြစ်၍ တင်ပို့မှုတန်ချိန် နည်းတယ်လို့ ထင်ရပေမယ့် သရက်သီး အဓိကထွက်ရှိရာ ကျောက်ဆည်ဒေသမှာ သင်္ကြန်မိုး ရွာသွန်းနေပြီဖြစ်တဲ့အတွက် မိုးနှင့်အတူ သရက်သီးများ ပိုမိုရင့်မှည့်လာမည်ဖြစ်ပြီး သရက်သီးရာသီတစ်လျှောက် အရည်အသွေးပြည့်မီတဲ့ သရက်သီးများ ဆက်လက်တင်ပို့နိုင်မှာ ဖြစ်တာကြောင့် တစ်ဖက်တစ်လမ်းမှလည်း နိုင်ငံဘဏ္ဍာ အခွန်ငွေ ကောက်ခံရရှိမှု တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် အရည်အသွေးမီတဲ့ စိန်တလုံး သရက်သီးတွေကို မူဆယ် (၁၀၅) မိုင်မှ တာထွက်ကောင်းကောင်းနှင့် တရုတ်နိုင်ငံသို့ စတင် တင်ပို့နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**သီးမာ(မူဆယ်)**

# ရှမ်း(တောင်)တွင် ထောပတ်သီးလက်ကျန် မရှိသလောက် နည်းပါး

ရှမ်း(တောင်)ဈေးကွက်တွင် ယခုလဆန်းပိုင်းကစပြီး ခြံစိုက် တောင်သူတွေဆီမှာ ထောပတ်သီး လက်ကျန် မရှိတော့ဘူးလို့ သိရပါတယ်။ ကုန်သည်/ပွဲစားတွေရဲ့ လက်ထဲမှာတော့ နှောင်းသီးအနည်းငယ် ကျန်ရှိနေပြီး ဈေးကောင်းရနေပါတယ်။ ထောပတ်သီး ဒေသတွင်း ဈေးနှုန်းတွေအနေနဲ့ပေါ် ဦးပေါ် ဖျားမှာ ကျပ် ၈၀၀ မှ ၁၀၀၀ ကြား၊ လှိုင်လှိုင်ပေါ် ချိန်မှာ ကျပ် ၃၀၀ မှ ၈၀၀ ကြားနဲ့ ယခုလို ရှားချိန်မှာတော့ ကျပ် ၁၂၀၀ မှ ကျပ် ၁၅၀၀ အသီးသီး ပေါက်ဈေးရှိနေပါတယ်။ ပြည်ပတင်ပို့မှုအနေနဲ့ ထိုင်းနိုင်ငံကို တစ်လုံးလျှင် ၄၂ဘတ်ဖြင့် တင်သွင်းမှုရှိခဲ့တယ်လို့ ထောပတ်ကုန်သည်တစ်ဦးထံမှ သိရှိရပါတယ်။ မကြာခင်ကာလအတွင်း ထောပတ်သီး လက်ကျန် ကုန်တော့မယ်လို့ ခန့်မှန်းသုံးသပ်ရပါတယ်။

**ထူး(တောင်ကြီး)**

# ရွှေဘိုခရိုင် ရေဦးမြို့ပေါ်ရှိ ဆေးဆိုင်များ၌ စိတ်ကြွဆေးနှင့် မူးယစ်ဆေးများ ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံအပါအဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၀ ရက် နံနက် (၁၀: ၀၀) နာရီအချိန်တွင်



စိတ်ကြွဆေးများနှင့် မူးယစ်ဆေးဝါးများ ရောင်းချမှုရှိ၊ မရှိကို ရေဦးမြို့ပေါ်ရှိ ဆေးဆိုင် ၁၀ ဆိုင်သို့ ဒုတိယအကြိမ် ရှောင်တခင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး စစ်ဆေးရာတွင် စိတ်ကြွဆေးများနှင့် မူးယစ်ဆေးဝါးများရောင်းချမှုမရှိသည်ကို စစ်ဆေးတွေ့ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအောင်ညွန့်က သက်တမ်းလွန်ဆေးဝါးများနှင့် မှတ်ပုံတင်အမှတ်မပါရှိသော ဆေးဝါးများ ရောင်းချခြင်းမပြုစေရန်အတွက်လည်းကောင်း၊ ကုတင်(၁၀၀) ဆံ့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်နိုင်က ထိန်းချုပ်ဆေးဝါးများ၊ ကန့်သတ်ဆေးဝါးများ၊ ရောင်းချခြင်းမပြုစေရန် အတွက်လည်းကောင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းဝင်းက ယခုကဲ့သို့ပင် နောင်တွင်လည်း စိတ်ကြွဆေးများနှင့် မူးယစ်ဆေးဝါးများကို ရောင်းချခြင်းမရှိစေရန်အတွက်လည်းကောင်း အသီးသီး အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရှိရပါသည်။

**အောင်ညွန့်(ရေဦး)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၂၃-၄-၂၀၁၈ မှ ၂၉-၄-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** ဆန်စပါး၊ ပိုးချည်၊ ပတ္တမြား၊ ရွှေတို့နှင့်ပတ်သက်၍အကျိုးအမြတ်များရရှိတတ်ပါသည်။ အချစ်ရေးတွင် အတွေးနက်နဲနေရာမှ တဖြည်းဖြည်းနှင့်စိတ်အေးစရာဖြစ်လာတတ်သည်။ အိမ်ထောင်ဖက်နှင့်ပတ်သက်သော စီးပွားဥစ္စာများကိုရရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ရုတ်တရက်အဖျားဝင်တတ်သည်။ ဦးနှောက်နှင့်ပတ်သက်သောရောဂါ ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်စတွင်ကုသခြင်းများ ပြုလုပ်သင့်ပါသည်။ **ယတြာ။ ။ဘုရားတွင်နှစ်သက်ရာ မုန့်လှူပါ။**




**တနင်္လာသားသမီးများအတွက်** လုပ်ငန်းခွင်အတွင်း တစ်ဦးနှင့်တစ်ဦးချစ်ခင်ကြင်နာမှုဖြင့် ဆက်ဆံနေရတတ်သည်။ ငွေကြေးအကျိုးအမြတ်တိုးတက်အောင်မြင်မှုရရှိလာလိမ့်မည်။ စိုက်ပျိုးရေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း အကျိုးပေးကောင်းလာတတ်သည်။ မျှော်လင့်နေသောချစ်ခွင့်ကို မည်သည့်အခါကြုံရမည်ကို ရင်ထဲမှာခံစားနေရလိမ့်မည်။ ကျန်းမာရေးတွင် ယခင်ဖြစ်ခဲ့သော ဝေဒနာလက်ကျန်များကို ပျောက်ကင်းစေရန် ကုသနေရတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်ရေချမ်းကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ဆောင်ရာတွင် လူမှုရေးနှင့်ရောထွေးလာတတ်သည်။ စီးပွားရေးအရ ဆက်ဆံရာတွင် အားနာစိတ်များနေတတ်သည်။ မုန့်မျိုးစုံ၊ အလှကုန်ပစ္စည်း၊ ယာဉ်အမျိုးမျိုးနှင့် ခရီးသွားလုပ်ငန်းတို့ အကျိုးပေးတတ်ပါသည်။ အတွေးအခေါ်ကောင်းများရှိသောကြောင့် ပညာရေးအောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးတွင် စိတ်ဖိစီးမှုဝေဒနာခံစားရမှုလေးများရှိနေတတ်ပါသည်။
**ယတြာ။ ။ဘုရားတွင် ဆီမီးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဘဝပေးဆပ်မှုအခြေအနေနှင့်လိုက်လျောညီထွေနေရတတ်သည်။ စီးပွားရေးတွင် ကူညီသူရှိလာလိမ့်မည်။ ဖိမ်ခံပစ္စည်းများ၊ ပညာရေးဝန်ဆောင်မှုများ အကျိုးပေးကံကောင်းတတ်သည်။ အချစ်ရေးတွင် မေတ္တာတရား၏တန်ဖိုးသိတတ်သူနှင့်ကြုံဆုံရလိမ့်မည်။ ကျန်းမာရေးတွင် အရေပြားတွင်ဖြစ်တတ်သော ဝေဒနာခံစားရတတ်ပါသည်။ သွေးနှင့်ပတ်သက်သောရောဂါဖြစ်တတ်သည်။
**ယတြာ။ ။ခရီးသွားသူကို ခရီးစရိတ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ပညာရေးနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများ အကျိုးပေးပါသည်။ စီမံခန့်ခွဲမှုပညာ၊ အကျိုးတူဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှုများရရှိပြီး ငွေကြေးအကျိုးအမြတ်ကံကောင်းလိမ့်မည်။ ပညာရေးကောင်းသည်။ အချစ်ရေးတွင် မမျှော်လင့်သောချစ်ခွင့်ကို ရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ကိုယ်လက်ကိုက်ခဲသော ဝေဒနာခံစားရမှုရှိတတ်ပါသည်။
**ယတြာ။ ။ဘုရားတွင် ကံ့ကော်ညွန့်လှူပါ။**



**သောကြာသားသမီးများအတွက်** ပိုးထည်၊ ကျောက်မျက်ရတနာများ၊ အစုစပ်လုပ်ငန်း၊ ကိုယ်စားလှယ်လုပ်ငန်းတို့ အကျိုးအမြတ်များရရှိ တတ်ပါသည်။ ပညာရေးကောင်းပြီး အချစ်ရေးတွင်သံယောဇဉ်တွယ်တာနေခြင်းကြောင့် ဆုံးဖြတ်ချက်ချရန်ခက်ခဲနေလိမ့်မည်။ အိမ်ထောင်ဖက်နှင့်ပတ်သက်၍စီးပွားများကိုရရှိတတ်သည်။ ကျန်းမာရေးအခြေအနေကောင်းမွန်မည်။ စိတ်ခွန်အားများလည်းမြင့်မားလာတတ်ပါသည်။
**ယတြာ။ ။ သံဃာတော်များအား စာအုပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် ကိုယ့်ကိုယ်ကိုအဓိကထားအားကိုး၍ သူတစ်ပါး၏အကူအညီကိုရယူလိုသောဆန္ဒမရှိတတ်ပေ။ အထည်အလိပ်လုပ် ငန်း၊ မုန့်မျိုးစုံလုပ်ငန်းတို့နှင့်ပတ်သက်၍ အကျိုးအမြတ်များရရှိတတ်သည်။ ဝန်ထမ်းဆိုလျှင် လုပ်ငန်းတာဝန်ဖြင့်ခရီးသွားရတတ်သည်။ ပညာရေး၊ မေတ္တာရေး၊ အိမ်ထောင်ရေးတို့သည် အသိတရားနှင့်သတိထားပြီး လေ့လာနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ရုတ်တရက်ရောဂါရရှိတတ်သည်။ အထူးသဖြင့် လေ၊ သလိပ်တို့နှင့်ပတ်သက်သောဝေဒနာသတိပြုသင့်ပါသည်။
**ယတြာ။ ။သူငယ်ချင်း၊ အပေါင်းအသင်းများကို လက်ဖက်ရည်တိုက်ပါ။**

# ဆော်ဒီအာရေဗျနိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

**ကျော်စိန်ဝင်း(ပြည်တွင်း၊ ပြည်ပ)**

**ယခင်တစ်ပတ်မှအဆက်**

**စားသောက်ကုန်တွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုအပေါ် ကိုင်တွယ်ဆောင်ရွက်ခြင်းဆိုင်ရာ ထုတ်ပြန်ကြော်ငြာချက်**

အစားအသောက်ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုအတွက် ကိုင်တွယ်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းတွေကို SFDA က ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှာ ကြော်ငြာချက် ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါကြော်ငြာချက်မှာ ပါဝင်တဲ့အချက်တွေကတော့ အမြင့်ဆုံးဓာတ်ကြွင်း ပါဝင်မှုသတ်မှတ်ချက် (MRLs) တွေနဲ့ ပတ်သက်လို့ ဆော်ဒီအာရေဗျနိုင်ငံနဲ့ GCC နိုင်ငံတွေရဲ့ စံချိန်စံညွှန်းတွေအားလုံးနဲ့ ကိုက်ညီမှုရှိရမှာဖြစ်ပါတယ်။ အကယ်၍ MRLs သတ်မှတ်ထားမှုမရှိတဲ့ ကိစ္စရပ်မျိုးမှာဆိုရင်တော့ Codex ရဲ့စံချိန်စံညွှန်းတွေနဲ့အညီ ဖြစ်ရမယ်လို့ဆိုပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံ၊ GCC နဲ့ Codex တို့မှာ ကိုးကားရန်မရှိတဲ့ MRLs ဆိုရင်တော့ အမေရိကန် (သို့မဟုတ်) ဥရောပသမဂ္ဂတို့ရဲ့စံချိန်စံညွှန်းတွေကို ရည်ညွှန်းဆောင်ရွက်မှာဖြစ်တယ်လို့ အဆိုပါကြော်ငြာချက်အရ သိရပါတယ်။ အကယ်၍ ပိုးသတ်ဆေး MRLs ဟာ အထက်မှာဖော်ပြခဲ့တဲ့ စံချိန်စံညွှန်းတွေအားလုံးနဲ့ ဆောင်ရွက်လို့မရတဲ့ အခြေအနေမျိုးမှာဆို ရင်တော့ အမြင့်ဆုံးပါဝင်နိုင်မှုအဆင့်ကို တစ်ကီလိုဂရမ်လျှင် သုည ဒသမ ၀၁ မီလီ



ဂရမ်အဖြစ် သတ်မှတ်တယ်လို့သိရပါတယ်။

ပိုးသတ်ဆေးဓာတ်ကြွင်းအမြင့်ဆုံးပါဝင်မှု ကန့်သတ်ချက်နဲ့ ပတ်သက်လို့မဖြစ်မနေ လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကိုလည်း SFDA က Circular အမှတ် ၁၄၁၈ နဲ့ ထုတ်ပြန်ခဲ့ပြီး ၎င်းအရ SFDA ရဲ့ညွှန်ကြားချက်အမှတ် ၃၉၆၅ မှာ ဖော်ပြထားသော ဆော်ဒီအာရေဗျနိုင်ငံတွင်းကို တင်သွင်းတဲ့စားသောက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကန့်သတ်ချက်များအား ကိုင်တွယ် ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့ အပြည့်အဝကိုက်ညီမှုရှိရမှာ ဖြစ်ပါတယ်။ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ မြန်ဆန်ဖို့အတွက် သဘော်ာတင်ပို့မှုတိုင်းမှာ ISO 17025 အရ နိုင်ငံတကာမှ အသိအမှတ်ပြုထားတဲ့ ဓာတ်ကြွင်းပါဝင်မှု တစ်ကီလိုဂရမ်လျှင် သုည ဒသမ ၀၁ မီလီဂရမ်ဖြစ်ကြောင်း ဓာတ်ခွဲခန်းများမှ စမ်းသပ်စစ်ဆေးချက်ရလဒ်များ ပူးတွဲတင်ပြရမှာ ဖြစ်ပါတယ်။

**ထုပ်ပိုးမှုနှင့် ကွန်တိန်နာဆိုင်ရာ လိုအပ်ချက်များ**

ထုပ်ပိုးမှုဆိုင်ရာ ပစ္စည်းများအားလုံးဟာ ဆော်ဒီအာရေဗျနိုင်ငံရဲ့သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရမှာဖြစ်ပါတယ်။ ထုပ်ပိုးမှုနှင့် ကွန်တိန်နာများဟာ သန့်ရှင်းရန်လိုအပ်ပြီး မသန့်စင်သောပစ္စည်းများပါဝင်မှုကို ခွင့်ပြုမှာမဟုတ်ပါဘူး။ ထုပ်ပိုးထားတဲ့ ပစ္စည်း၏ မူလပကတိအခြေအနေအတိုင်း ထိန်းသိမ်းထားရန် လိုအပ်ပြီး မပါဝင်သင့်တဲ့ အနံ့အသက်တွေ၊ အရသာတွေ ရောနှောပါဝင်နေ မှုမရှိရပါ။ အဏုဇီဝပစ္စည်းများ၊ ပိုးမွှားများ၊ ကြွက်ကဲ့သို့သော တိရစ္ဆာန်များ၊ ညစ်ပေမှုများကြောင့်ဖြစ်တဲ့ မသန့်ရှင်းမှုများမဖြစ်စေရန်လည်း ကာကွယ်ထားရှိရမှာဖြစ်ပါတယ်။ အစိုဓာတ်မပြန်ဖို့လိုအပ်တဲ့ စားသောက်ကုန်တွေမှာဆိုရင်လည်းစိုထိုင်းခြင်း၊ အစိုဓာတ်ပျံ့ခြင်းတို့ မရှိရန်လိုအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ၊ ဓာတုဆိုင်ရာအန္တရာယ်ရှိမှုများ မဖြစ်စေရန်လည်းကာကွယ်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

စားသောက်ကုန်ပစ္စည်းများတွင် ထုပ်ပိုးမှုပစ္စည်းများ၏ အစိတ်အပိုင်းများ ကူးပြောင်းရောနှောခြင်း၊ ပါဝင်ဓာတ်ပြုခြင်းများလည်း မဖြစ်ရန်လိုအပ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ထုပ်ပိုးမှုဟာ ဆေးဝါးဆိုင်ရာအသွင်သဏ္ဍာန်နဲ့မဖြစ်ရဘူးလို့ သိရပါတယ်။ ပလပ်စတစ်နဲ့ထုပ်ပိုးထားတဲ့ စားသောက်ကုန်တွေမှာဆိုရင်တော့ အောက်ဖော်ပြပါ တံဆိပ်ကပ်မှုဆိုင်ရာ သတင်းအချက်အလက်တွေကို ရေးသားဖော်ပြထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်-

(က) ပလပ်စတစ်ပစ္စည်းအမျိုးအစား
(ခ) အလေးချိန်၊ ဆံ့သောပမာဏ၊ အရေအတွက် (သို့မဟုတ်) ထုပ်ပိုးမှုပုံစံကို အခြေခံ၍ ရှုထောင့်များ
(ဂ) အစားအသောက်အဆင့်အတန်းဖော်ပြချက်
(ဃ) အသုံးပြုမှုအမျိုးအစားနှင့် ရည်ရွယ်ချက်
(င) အသုံးပြုရန်အညွှန်း
(စ) သတိပေးချက် (သက်ဆိုင်မှုရှိပါက)

**တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ**

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်မှုကောင်စီ (GCC) ရဲ့အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဆော်ဒီ အာရေဗျနိုင်ငံဟာ ၂၀၁၃ ခုနှစ်မှာ ပင်လယ်ကွေ့စံချိန်စံညွှန်းဖြစ်တဲ့ GSO 9 ကို အကောင်အထည်ဖော်ခဲ့ ပါတယ်။ ပြည်တွင်းထုတ်နှင့် တင်သွင်းလာတဲ့ ကြိုတင်ထုပ်ပိုးထားသော စားသောက်ကုန်များဟာ GSO 9:2013 မှာ ဖော်ပြထားတဲ့ တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်တွေနဲ့ကိုက်ညီရမှာ ဖြစ်ပါတယ်။ ကြိုတင်ထုပ်ပိုးထားတဲ့ စားသောက်ကုန်တွေပေါ်မှာတံဆိပ်ကပ်ဖော်ပြတဲ့အခါ အာရပ်ဘာသာစကား (သို့မဟုတ်) အာရပ်ဘာသာ စကားဘာသာပြန်ဆိုချက်တို့နဲ့ ဖော်ပြရမှာဖြစ်ပါတယ်။ တံဆိပ်ကပ်ရာမှာ ထုတ်ကုန်အမည်၊ ထုပ်ပိုးသူအမည်၊ ပင်ရင်းနိုင်ငံ (သို့မဟုတ်) ထုတ်လုပ်ရာနိုင်ငံ၊ ပါဝင်ပစ္စည်းများစာရင်း၊ ထုတ်ကုန်အသုံးပြုမှုဆိုင်ရာ ညွှန်ကြားချက်နှင့် စားသောက်ကုန်၏သက်တမ်း(shelf life) တို့ပါဝင်ရမှာဖြစ်ပါတယ်။

**စားသောက်ကုန်၏သက်တမ်း (Shelf Life)**

စားသောက်ကုန်ရဲ့သက်တမ်းကိုဖော်ပြရာမှာ ရှင်းလင်းပြီး အဓိပ္ပာယ်နှစ်ခွမဖြစ်စေတဲ့ ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲတို့ဖြင့်သာ ဖော်ပြနိုင်မှာဖြစ်ပါတယ်။ စားသောက်ကုန်၏သက်တမ်းကို ဖော်ပြရာမှာ ခွင့်ပြုထားတဲ့ဖော်ပြချက်တွေကတော့ သက်တမ်းကုန် ရက်စွဲ (Expiration Date)၊ အသုံးပြုရန်ရက်စွဲ (Use by date)၊ အသုံးပြုရန်သင့်လျော်သည် (Fit for from the day of production) ၊ မတိုင်မီအသုံးပြုရန် (Use before date)၊ သုံးလကျော်လွန်၍ သက်တမ်းကုန်ဆုံးမည့်ကာလရှိသည့် စားသောက်ကုန်များအတွက် ရောင်းချရက်စွဲ (Sell by date) စတာတွေဖြစ်တယ်လို့ သိရပါတယ်။ ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးမည့် ရက်စွဲတွေကို သုံးလ ထက်လျော့နည်းသည့် သက်တမ်းရှိစားသောက်ကုန်များအတွက် နေ့ရက်-လ-ခုနှစ်(Day-Month-Year) ဖြင့်ဖော်ပြရန်လိုအပ်ပြီး သုံးလထက်ကျော်လွန်သက်တမ်းရှိတဲ့ စားသောက်ကုန်တွေအတွက်ကိုတော့ လ-ခုနှစ် (Month-Year) နဲ့ပဲ ဖော်ပြရမှာဖြစ်ပါတယ်။ ရက်စွဲများကို ဖော်ပြရာမှာ စာလုံးထွင်းဖော်ပြခြင်း၊ မပျက်သည့်မင်ဖြင့် ထုပ်ပိုးမှု (သို့မဟုတ်) ထုတ်လုပ်သူ၏ မူရင်းတံဆိပ်အပေါ်တွင် တိုက်ရိုက်တံဆိပ်ရိုက်နှိပ်ဖော်ပြခြင်းတို့ဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးမည့်ရက်စွဲတို့ကို စတစ်ကာဖြင့်ကပ်၍ဖော်ပြခြင်းမျိုးကို ခွင့်မပြုပါဘူး။ ထုပ်ပိုးမှုတစ်ခုတည်းအပေါ်မှာ ထုတ်လုပ်ရက်စွဲ (သို့မဟုတ်) သက်တမ်းကုန်ရက်စွဲဟာ တစ်ခုထက်ပိုရှိမနေရပါဘူး။ ရက်စွဲများဟာ ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းများလည်းပြုလုပ်လို့ မရစေရန်လည်း လိုအပ်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

# ကျန်းမာတဲ့ကလေးလေး မွေးဖွားလာဖို့ ခေါင်းစဉ်ဖြင့် ကိုယ်ဝန်ဆောင်များအတွက် ကျန်းမာရေးဟောပြောပွဲ ကျင်းပ




'ကျန်းမာတဲ့ ကလေးလေး မွေးလာဖို့' ခေါင်းစဉ်ဖြင့် ကိုယ်ဝန်ဆောင်များအတွက် ကျန်းမာရေး ဟောပြောပွဲကို ဂရန်းဟံသာအင်တာနေရှင်နယ်ဆေးရုံတွင် ဧပြီလ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါပွဲတွင် ကိုယ်ဝန်ဆောင်များအတွက် သိရှိသင့်သည်များ၊ သတိထားရမည့် အစားအစာ၊ အနေအထိုင် အပြုအမူများ၊ မီးဖွားခါနီး ပြင်ဆင်ရမည့်အချက်များနှင့် ကိုယ်ဝန်ဆောင်များအတွက်သင့်တော်သည့် ယောဂလေ့ကျင့်ခန်းများကို ပြသပေးခဲ့သည်။

ထို့အပြင် ပွဲသို့တက်ရောက်လာသည့် မော်ဒယ် ခင်နန်းထိုက်ကလည်း ကိုယ်ဝန်ဆောင်များနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ ဆောင်ရန်ရှောင်ရန်များကို အခြားသော မိခင်လောင်းများထံ ဝေမျှပေးခဲ့သည်။

"ဗိုက်ထဲကရင်သွေးက ကိုယ့်အတွက် အားဆေးတစ်ခုပါပဲ။ ကိုယ့်ရင်သွေးအတွက်လည်း ကိုယ်ကိုးကွယ်တဲ့ ဘာသာအလိုက် ဘုရားတရားများများလုပ်ပေးကြပါ။ အစားအသောက်နဲ့ ပတ်သက်ပြီးတော့လည်း အာဟာရမျှတ ညီညွတ်အောင်စားကြပါ"ဟု ခင်နန်းထိုက်က ပြောသည်။

www.kalay.com.mm မှ ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ပွဲများကို လစဉ်ပြုလုပ်ပေးနေသလို ဝက်ဘ်ဆိုဒ်မှတစ်ဆင့် မိခင်များအတွက် ဗဟုသုတရစရာနှင့် ရှောင်ရန်ဆောင်ရန်များကို ဖော်ပြပေးနေကြောင်း၊ ဝက်ဘ်ဆိုဒ်၏ Tools ထဲမှတစ်ဆင့်လည်း သိရှိလိုသည်များကိုလည်း အခမဲ့ဝင်ရောက် လေ့လာနိုင်ကြောင်း သိရသည်။

ထို့အပြင် Community ထဲမှတစ်ဆင့် မိမိ၏အတွေ့အကြုံများကို ရေးသားနိုင်သလို သိလိုသည်များကိုလည်း မေးမြန်းနိုင်ကြောင်း၊ မေးမြန်းထားသည်များကိုလည်း သက်ဆိုင်ရာ ဆရာဝန်ကြီးများကိုမေးမြန်း၍ ပြန်လည် ဖြေကြားပေးမည်ဖြစ်ကြောင်း သိရသည်။

■

# 24 MP Selfie Camera တပ်ဆင်ထားသည့် Camon X Pro အား Tecno မှ မိတ်ဆက်

24 MP Selfie Camera တပ်ဆင်ထားသည့် Camon X Pro စမတ်ဖုန်းကို Tecno မှ ဈေးကွက်အတွင်း မိတ်ဆက်ခဲ့သည်။

အဆိုပါ စမတ်ဖုန်းတွင် 24 MP Selfie Camera နှင့် 16 MP ကျောဘက်ကင် မရာတပ်ဆင်ထားသည့်အတွက် ယခင်ထွက်ရှိပြီးသည့် ဖုန်းများထက် ပုံရိပ်ပြတ်သားမှု ၃၀ ရာနှုန်းပိုမိုကောင်းမွန်ကြောင်း သိရသည်။ မျက်နှာပြင်မှာ ၆ လက်မ အရွယ်အစားရှိပြီး Full Screen Display အသုံးပြုထားသည့်အပြင် သိုလှောင်မှုပမာဏ 64 GB ROM နှင့် 4 GB RAM တို့ပါဝင်ကြောင်း သိရသည်။ လျှင်မြန်မှုနှင့် စွမ်းဆောင်ရည်ပိုင်းအတွက် Mediatek Helio P23 Chipset ကို အသုံးပြုထားပြီး 16 Nano Meter Silicon နှင့် Image Signal Processing လုပ်ဆောင်ချက်များ ပါဝင်သည့်အတွက် ဘက်ထရီသက်တမ်းကိုလည်း ပိုမိုတာရှည်ခံစေကြောင်း သိရသည်။

Camon X Pro တွင် Dual ISP Image Processor ပါဝင်ပြီး အနက်ရောင်ပုံရိပ်ထွက်မှုနှင့် Noise Reduction လုပ်ဆောင်ချက်များကိုလည်း ယခင်ထက် ၂၀ ရာခိုင်နှုန်း တိုးမြှင့်ထားကြောင်း၊ ယင်းအတွက်ကြောင့် ဓာတ်ပုံရိုက်သည့်အခါတိုင်း စိတ်ကျေနပ်မှုရစေသည့်အပြင် Portrait Background လုပ်ဆောင်ချက်ဖြင့် လှပသော Selfies ရုပ်ပုံများကို ရိုက်ကူးနိုင်မည်ဖြစ်သည်။

Tecno Mobile ၏ General Manager ဖြစ်သူ Mr. Stephen HA က "Tecno အနေနဲ့ မိမိတို့ရဲ့ ထုတ်ကုန်တွေကို တစ်စုံတစ်ယောက်အတွက် အဆင်ပြေလွယ်ကူစေရန် တီထွင်ထုတ်လုပ်ထားတာမဟုတ်ဘဲ သုံးစွဲသူတွေ အားလုံးရဲ့ အမူအကျင့်တွေ၊ ကြိုက်နှစ်သက်မှုတွေ၊ လိုအပ်မှုတွေ စတာတွေကို လေ့လာဆန်းစစ်ပြီး နေ့စဉ်လူနေမှုဘဝတွေမှာ အပြည့်စုံဆုံးနဲ့ အသုံးဝင်ဆုံး ဖြစ်စေနိုင်ဖို့ ကြိုးစားထားပါတယ်။ သုံးစွဲသူတွေနဲ့ အံဝင်ခွင်ကျဖြစ်စေဖို့ အသေးစိတ် လေ့လာဆန်းစစ်ပြီး ဖန်တီးထုတ်လုပ်ထားတာကလည်း ပြိုင်ဖက်တွေနဲ့ ကွာခြားတဲ့အချက်ပါပဲ" ဟု ပြောသည်။

Tecno Mobile အမှတ်တံဆိပ်သည် စတင်တည်ထောင်ခဲ့သည့် အချိန်မှစပြီး ယနေ့ထက်တိုင် ဆန်းသစ်မှုနည်းပညာများကို ဖန်တီးတီထွင် အသုံးပြုနေပြီး သုံးစွဲသူများအတွက် ဈေးနှုန်းချိုသာ၍ ပိုမိုလွယ်ကူ အဆင်ပြေနိုင်သည့် ထုတ်ကုန်တစ်ခုလည်း ဖြစ်သည်။

■




# လူငယ်သင်တန်းကျောင်းသို့ရောက်သည့် ကလေးများအနက် လူသတ်မှု၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှု၊ မူးယစ်ဆေးဝါးအမှုများနှင့် ရောက်ရှိသူများပြား

လူငယ်သင်တန်းကျောင်းသို့ရောက်ရှိလာသည့် ကလေးများတွင် လူသတ်မှု၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှု၊ မူးယစ်ဆေးဝါးအမှု စသည့်အမှုများဖြင့် ရောက်ရှိလာသူ ကလေးသူငယ်များများပြားလာကြောင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ သိရသည်။

"ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှာ ပြစ်မှုကျူးလွန်ထားတဲ့ ကလေးသူငယ်တွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လွှဲပြောင်းလာတဲ့ လမ်းပျော်ကလေးသူငယ်တွေကို ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။ အဲဒီကလေးငယ်တွေထဲမှာ လူသတ်မှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုနဲ့ မူးယစ်ဆေးဝါးအမှုတွေနဲ့ ရောက်လာတဲ့ကလေးတွေ တိုးပွားလာတာကိုတွေ့ရပါတယ်။ စစ်ဆေးတွေ့ရှိမှုတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အကြံပြုတိုက်တွန်းချက်များနဲ့အတူ ပေးပို့သွားမှာပါ" ဟု မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါကလေးသူငယ်များ ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ စိတ်နဲ့ခံစားမှုများ ဆန်းစစ်ခြင်း၊ စာရိတ္တပြုပြင်တိုးတက်မှုများ ဆန်းစစ်လေ့လာခြင်းများကိုပါ ဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးမှုခရီးစဉ်တွင် မြန်မာနိုင်ငံ စိတ်ပညာရှင်များအသင်းမှ ဦးအုန်းလှိုင်နှင့် ဒေါက်တာသန်းချစ်တို့ကိုဖိတ်ကြားပြီး စိတ်ပညာရှုထောင့်မှ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငယ်စဉ်မှစတင်၍ ကလေးသူငယ်အခွင့်အရေးကို အပြည့်အဝ မခံစားခဲ့ရသည့်ကလေးများသည် လိုအပ်ချက်များစွာနှင့် ကြီးပြင်းခဲ့ကြပြီး ပြစ်မှုအမျိုးမျိုးကို ကျူးလွန်မိတတ်ကြကြောင်း၊ အဆိုပါ ကလေးငယ်များ၏ အနာဂတ်ဘဝသာယာဖြောင့်ဖြူးရေးအတွက် ပြန်လည် ပဲ့ပြင်ထိန်းကျောင်းပေးရမည့် လူငယ်သင်တန်းကျောင်းများသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ကလေးသူငယ် အခွင့်အရေးနှင့် ပတ်သက်၍ အလုပ်ရုံ ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ ကော်မရှင်ဥပဒေနှင့်အညီ ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ချောစု စုစည်းသည်

# ထင်သလောက် အသက်ဝင်မှုမရှိသေးသည့် အိမ်ခြံမြေဈေးကွက်

ပြီးခဲ့သည့်နှစ်များ (၂၀၁၆-၂၀၁၇) ထဲက အရောင်းအဝယ်အေးစက်ခဲ့သည့် အိမ်ခြံမြေဈေးကွက်သည် ယခုနှစ်တွင်လည်း ထင်သလောက် အသက်ဝင်မှု မရှိသေးကြောင်း မြန်မာ့အိမ်ခြံမြေဝန်ဆောင်မှု စာရင်းစစ်အသင်းမှသိရသည်။

ထိုကဲ့သို့ အိမ်ခြံမြေဈေးကွက် နှစ်ချီအေးစက်နေရခြင်းမှာ အစိုးရမူဝါဒများ၊ ဥပဒေ အပြောင်းအလဲများပေါ်တွင် များစွာ မူတည်နေကြောင်း၊ အရောင်းအဝယ်အေးစက်နေသော်လည်း အငှားဈေးကွက်မှာ ပုံမှန်လည်ပတ်နေကြောင်း သိရသည်။

ဟသ်ာအိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းမှ မမော်က "အရောင်းအဝယ်ဖြစ်နေတာက အနိမ့်ဆုံး သိန်း ၂၀၀ ဝန်းကျင်လောက်ပဲရှိတယ်။ ဒါတောင် အခုဆို သိန်း ၂၀၀ ဝန်းကျင်တွေ ရန်ကုန်မှာ တော်တော်လေးရှားပါးသွားပြီ။ ဝယ်လက်တွေကလည်း အဝယ်သိပ်မလိုက်တော့ဘူး။ အရောင်းအဝယ် အခြေအနေက ယခင်အစိုးရနဲ့ အခုအစိုးရသစ်မှာ သိပ်ပြီးကွာခြားသွားတာတော့ မရှိပါဘူး။ အခုလို အေးနေတာတွေက အဓိကအနေနဲ့ ဥပဒေအသစ်နဲ့လည်း ဆိုင်မယ်ထင်တယ်။ ပိုင်ဆိုင်မှုဥပဒေအသစ်ထွက်ပေါ်မလားဆိုတဲ့ အချက်တွေကြောင့်လည်း ပါတယ်။ အခုအစိုးရလက်ထက်မှာတော့ ဝယ်လက်တွေက အရမ်းပါးသွားတယ်။ အများဆုံးဖြစ်နေတာကတော့ အငှားဈေးကွက်ပါပဲ"ဟု ပြောသည်။

လက်ရှိ ပြင်ဆင်ရေးဆွဲနေသည့် အိမ်ခြံမြေ ဥပဒေမူကြမ်းမှာ အခန်း (၁၃)ခန်းပါရှိပြီး အကျိုးဆောင်၏ လုပ်ပိုင်ခွင့်နှင့် ဝယ်လိုသူပြည်သူတို့၏ ရပိုင်ခွင့်များအပြင် လုပ်ပိုင်ခွင့်များကို မျှမျှတတဖြစ်စေရန်အတွက် ဥပဒေရေးရာ အကြံပေး ကော်မတီတွင် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အိမ်ခြံမြေဈေးကွက်မှာ သိန်းရာကျော်ဝန်းကျင်နှင့် နေရာဒေသအလိုက် တန်ဖိုးအသီးသီးတည်ရှိနေပြီး ယခုလက်ရှိတွင် လူလတ်တန်းစားများအတွက် သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် သိန်း ၃၀၀ကျော်နှင့် သိန်း ၄၀၀ ကြားတွင် ရှိနေကြောင်း သိရသည်။

ယခင်က အိမ်ခြံမြေဈေးကွက်မှာ ရင်းနှီးမြှုပ်နှံမှုကို ဦးတည်ဆောင်ရွက်ခဲ့သည့်အတွက် ဈေးကွက်ပိုမိုမြင့်တက်လာမှုများရှိကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်းမှ သိရသည်။

Vol: 18, No.16 Monday April 23 2018

# သက်မွေးပညာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး



ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင် သက်မွေးပညာ သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး မြန်မာနိုင်ငံကုန်သည်/ စက်မှုအသင်းချုပ်၊ ဂျာမနီမှ GIZ၊ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီများနှင့် ရွှေပြည်သာမြို့နယ် စက်မှုဇုန်များ အတွင်းရှိစက်ရုံအလုပ်ရုံများမှ ကိုယ်စားလှယ်များသည် ရွှေပြည်သာမြို့နယ်အစိုးရစက်မှုလက်မှုသိပ္ပံ၌ ဧပြီလ ၁၁ ရက်နေ့က တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စက်ရုံအလုပ်ရုံများ၏လုပ်ငန်းလိုအပ်ချက်အပေါ် အခြေခံ၍ သက်မွေးပညာဘာသာရပ်များကို စနစ်တကျရွေးချယ်ဖွင့်လှစ်ရေး၊ စက်ရုံအလုပ်ရုံများနှင့် ချိတ်ဆက်ကာ စက်မှုလက်မှု သိပ္ပံကျောင်းများမှ ကျောင်းသား/သူများကို သက်ဆိုင်ရာ လုပ်ငန်းခွင်၌ လုပ်ငန်းခွင်ဝင်လက်တွေ့ လေ့ကျင့်ပေးရေး၊ လုပ်ငန်းခွင်ရှိ လုပ်သားများကို စက်မှုလက်မှုသိပ္ပံများတွင် အရည်အသွေးမြှင့် လေ့ကျင့်ပေးနိုင်ရေး၊ လက်တွေ့ လေ့ကျင့်မည့်သက်မွေးပညာ ကျောင်းသား/သူများကို လေ့ကျင့်သင်ကြားပေးနိုင်မယ့် သင်တန်းနည်းပြ စီစဉ်ထားရှိရေး၊ စက်ရုံအလုပ်ရုံများ၌ တိုက်ရိုက်သင်ကြားနိုင်ဖို့အတွက် In-Company Training များ၊ နည်းပြဆရာဖြစ် သင်တန်းများ ဖွင့်လှစ်ရေး၊ စက်ရုံအလုပ်ရုံများနှင့် သက်မွေးပညာကျောင်းများ အကြား ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်မည့် Industrial Coordinator များကို သင်တန်းပေး မွေးထုတ်ရေးစသည့် ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကနဦးလုပ်ငန်းအနေနဲ့ စက်မှုဇုန်များအတွင်း စက်ရုံအလုပ်ရုံတွေရဲ့ လုပ်သားလိုအပ်ချက်ကို အတိအကျသိနိုင်ဖို့ စစ်တမ်းကောက်ယူမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနဲ့ နိုင်ငံတကာအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်မယ့် ဒီလုပ်ငန်းစဉ်ရဲ့ Pilot Project ကို ကုန်သည်/ စက်မှုအသင်းချုပ်က ငွေကြေးထောက်ပံ့ပေးနိုင်ရေး ဆွေးနွေးခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးက ပြောကြားသည်။

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် အနေဖြင့် UMFCCI TVET Institute ကို တည်ထောင်ဖွင့်လှစ်ပြီး သက်မွေးပညာသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေကြောင်း သိရသည်။

■

# iGreen MEGA EXPO အိမ်ရာအထူးအရောင်းပြပွဲကြီး ဧပြီလကုန်တွင် ပြုလုပ်မည်

iMyanmarHouse.com မှ ကြီးမှူးကျင်းပသည့် iGreen MEGA EXPO အိမ်ရာအထူးရောင်းပြပွဲကြီးကို ရန်ကုန်မြို့၊ နိုဗိုတယ်ဟိုတယ်၌ ဧပြီ ၂၈ ရက်နှင့် ၂၉ရက်တို့တွင် မနက် ၉နာ ရီမှ ညနေ ၆နာရီထိ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ အိမ်ရာစီမံကိန်းများဖြစ်သော Royal Thukha ၊ Mya Kanthar ၊ 123 Parami ၊ Maharswe ၊ 71 Yadanar ၊ Nawarat ၊ 202 Baho ၊ Royal Thiri ၊ Aung Myitta ၊ Sein Lae Aung ၊ 239 Condo ၊ 151 Mini ၊ 38 Kantaw ၊ 4 Strand နှင့် 9 Residence တို့ရှိ အိမ်ရာတိုက်ခန်းများကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကိုးမြို့နယ်ကတော့ လှိုင်၊ မရမ်းကုန်း၊ ကမာရွတ်၊ စမ်းချောင်း၊ အင်းစိန်၊ ရန်ကင်း၊ သဃ်န်ကျွန်း၊ တာမွေနဲ့ ကြည့်မြင်တိုင်တို့က အိမ်ရာစီမံကိန်းတွေ ဖြစ်ပါတယ်။ ဒီပွဲမှာ ထူးခြားတာကတော့ အိမ်ခန်းတန်ဖိုးရဲ့ ငါးရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ အထူးသက်သာခွင့်တွေရရှိနိုင်မှာဖြစ်သလို AYA Bank နဲ့ ချိတ်ဆက်ပြီး ၁၅ နှစ်အရစ်ကျဝယ်ယူနိုင်မည့်အစီအစဉ်တွေလည်း ပြုလုပ်ပေးထားပါတယ်"ဟု iMyanmarHouse .com တည်ထောင်သူ ကိုနေမင်းသူက ပြောသည်။

iGreen MEGA EXPO တွင် တန်ဖိုး ကျပ်သိန်း ၈၀၀ ကျော်မှ စသော တိုက်ခန်းပေါင်း နှစ်ရာကျော်ကို ရောင်းချပေးသွားမည်ဟု သိရသည်။

# Huawei Nova 3e ပန်းရောင်ကို ပြည်တွင်းဈေးကွက်သို့ တင်သွင်း

Huawei Nova 3e ပန်းရောင်ကို သင်္ကြန်ကာလပြီးဆုံးချိန်မှ စတင်ကာ ပြည်တွင်းဈေးကွက်အတွင်းသို့ စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း Huawei Technologies (Yangon) Co.,Ltd မှ သိရသည်။

၂၀၁၈ ခုနှစ် မတ်လအတွင်း Huawei Nova 3e ကို အနက်ရောင်နှင့် အပြာရောင်နှစ်မျိုးကိုသာ ရောင်းချခဲ့သော်လည်း လူကြိုက်များခဲ့ခြင်းကြောင့် ယခု အရောင်အသစ်ဖြစ်သော ပန်းရောင်ကိုပါ ထပ်မံတင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

Huawei၏ Marketing Director မခင်ရတနာဝင်း က "သုံးစွဲ သူတွေ Nova 3e ကို အရမ်းအားပေးကြတာတွေ့ရလို့ အရမ်းကို ဝမ်းသာရပါတယ်။ ကျွန်မတို့ရဲ့ Nova Series ၊ Y Series ဖုန်းတွေက ဈေးနှုန်းအသင့်အတင့်နဲ့ High End ဖုန်းတွေမှာ ပါဝင်တဲ့ Features ၊ Specifications တွေနဲ့ အများကြီး မကွာခြားအောင် ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒီ Nova 3e ဆိုရင်လည်း လူငယ်တွေအကြိုက်တွေ့မယ့် Full Veiw Display ၊ လှပတဲ့ ရုပ်ထွက်အရောင်တွေနဲ့အတူ ထုတ်လုပ်ထားပါတယ်။ Nova 3e က လူငယ်တွေ တကယ်အကြိုက်တွေ့နေတဲ့ ဖုန်းတစ်လုံးဖြစ်လို့ မိန်းကလေးတွေ အထူးအကြိုက်တွေ့မယ့် ပန်းရောင်ကိုပါ ဒီတစ်ခေါက် ထပ်တိုးတင်သွင်းတာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့အပြင် Huawei နှင့် Telenor Myanmar ကလည်း အထူးအစီအစဉ်အနေဖြင့် Huawei Nova 3e ဝယ်ယူသူများမှ ဖုန်းငွေကျပ် ၅၀၀၀ ဖြည့်သွင်းလျှင် အင်တာနက်ဒေတာ 1GB ၊ ဖုန်းငွေ ကျပ် ၁၀၀၀၀ ဖြည့်သွင်းလျှင် အင်တာနက်ဒေတာ 2GB ကို အခမဲ့ရရှိမည်ဖြစ်ပြီး သုံးစွဲနိုင်သည့် ပရိုမိုးရှင်းကာလမှာ ၁ နှစ်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံ စီးပွားရေးအခြေအနေများကို ဖော်ပြထားသော The Report : Myanmar 2018 ထုတ်ဝေ

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများနှင့် အခြေခံအဆောက်အဦများအကြောင်း အဓိကဖော်ပြထားသော The Report : Myanmar 2018 အစီအရင်ခံစာကို Oxford Business Group က ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သတင်းရရှိ သည်။

The Report : Myanmar 2018 အစီရင်ခံစာကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံ)၊ Win Consulting and The Law Firm နှင့် Kelvin Chia Yangon တို့က ပူးပေါင်းစီစဉ်ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

"နည်းဗျူဟာအရ အချက်အခြာကျတဲ့တည်နေရာ၊ နိုင်ငံတကာနဲ့ ထိတွေ့မှုမရှိသေးတဲ့ပြည်တွင်းဈေးကွက်၊ များပြားလှတဲ့သဘာဝသယံဇာတများဟာ မြန်မာနိုင်ငံရဲ့ အားသာချက်ဖြစ်ပါတယ်။ စီးပွားရေးအခြေအနေအရ စိန်ခေါ်မှု များစွာရှိနေသေးသော်လည်း ရင်းနှီးမြှုပ်နှံသူတွေကြားမှာတော့ စိတ်ဝင်စားမှုတွေ ရှိနေတုန်းပါပဲ။ မြန်မာနိုင်ငံအနေနဲ့ ဥပဒေပြဋ္ဌာန်းမှုတွေ အတည်တကျဖြစ်အောင် အာရုံစိုက်လုပ်ဆောင်နေပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ထိရောက်နိုင်စွမ်းမြင့်မားအောင် ဆောင်ရွက်နေသည့်အပြင် စီးပွားရေးတိုးတက်အောင် တစိုက်မတ်မတ် လုပ်ကိုင်နေပါတယ်။ ဒီထက်ပိုပြီးလုပ်စရာတွေ ရှိနေသေးပေမယ့် မြန်မာနိုင်ငံက သူရဲ့လုပ်နိုင်စွမ်းကို သက်သေပြခဲ့ပြီးဖြစ်သလို နိုင်ငံရဲ့ ဈေးကွက်အားသာချက်တွေလည်းရှိနေသေးတာကြောင့် စီးပွားရေးခေါင်းဆောင်တွေအနေနဲ့ မြန်မာနိုင်ငံကို သတိထားမိမှာအသေအချာပါပဲ"ဟု Oxford Business Group ၏ အယ်ဒီတာချုပ် Oliver Cornork က ပြောသည်။

အဆိုပါအစီရင်ခံစာအား Oxford Business Group ၏ သုတေသနအဖွဲ့က ခြောက်လကြာလေ့လာချက်များအပေါ် အခြေခံ၍ ထုတ်ဝေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ macroeconomics၊ အခြေခံအဆောက်အဦ၊ ဘဏ်လုပ်ငန်းနှင့် အခြားသောကဏ္ဍအလိုက် တိုးတက်မှုများအပါအဝင် နိုင်ငံ၏ စီးပွားရေးကဏ္ဍတစ်ခုလုံး၏ ဦး တည်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ခန့်မှန်းချက်များပါဝင်ကြောင်း သိရသည်။

■

# အူရီဒူးမြန်မာမှ အကောင်းဆုံး ရာသက်ပန်စီးပွားဖက်အစီအစဉ် စတင်မိတ်ဆက်

အူရီဒူးမြန်မာ၏ စီးပွားဖက်ကိုယ်စားလှယ်ကြီးများအကြား ချိတ်ဆက်ပေးထားသည့် အကောင်းဆုံး ရာသက်ပန် စီးပွားဖက်အစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအခမ်းအနားတွင် ဝန်ဆောင်မှု အရည်အသွေးပြည့်မီခြင်းအပေါ် မူတည်ရွေးချယ်ထားသော မြန်မာနိုင်ငံအနှံ့အပြားမှ အူရီဒူးကိုယ်စားလှယ်ပေါင်း ၁၀၀၀၀၀ကျော်ကို ရေရှည်လက်တွဲဆောင်ရွက်မှုခိုင်မြဲစေရန် ရည်ရွယ်ပြီး အကောင်းဆုံး ရာသက်ပန် စီးပွားဖက် အစီအစဉ်ကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ Chief Sales and Distribution Officer ဒေါ်ထားသန့်ဇင်က "အူရီဒူးအနေနဲ့ စီးပွားဖက်ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပြီး အောင်မြင်မှုအတွက် နောက်ထပ်တက်လှမ်းဖို့ အတွက်ဖြစ်ပါတယ်"ဟု ပြောကြားသည်။




ယခုအစီအစဉ်တွင်ပါဝင်သည့် ကဏ္ဍသုံးမျိုးမှာ အရောင်းကိုယ်စားလှယ်ကြီးများအတွက် Diamond Club၊ ဖြန့်ချိရေး ကိုယ်စားလှယ်ကြီးများအတွက် Ruby Club နှင့် ဖြန့်ချိရေးနှင့် အရောင်း တာဝန်ခံများအတွက် Sapphire Club အဖြစ် သတ်မှတ်ထားပြီး ယင်းအစီအစဉ်များအားလုံးမှ လုပ်ငန်းအနေအထားပေါ်မူတည်ပြီး ချမှတ်ထားသော လုပ်ငန်းဆောင်ရွက်နိုင်မှုအညွှန်းနှင့် ချမှတ်ထားသော လုပ်ငန်းစဉ်တစ်ခုချင်းစီအပေါ် အောင်မြင်မှုများအတွက် အမှတ်များ ပေးအပ်သွားမည် ဖြစ်ကြောင်း၊ ရမှတ်များအပြင် နေ့စဉ်၊ လစဉ်နှင့် သုံးလတာ အရောင်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုနိုင်သည့် အက်ပလီကေးရှင်းကို အူရီဒူးက တီထွင်ပေးခဲ့ကြောင်း သိရသည်။

နေ့စဉ်၊ လစဉ်နှင့် သုံးလတစ်ကြိမ် ဆောင်ရွက်ချက်များအပေါ် အခြေခံပြီး အူရီဒူး၏မိတ်ဖက်ကိုယ်စားလှယ်ကြီးများအနေဖြင့် သုံးလတစ်ကြိမ်ရမှတ်များကို စုစည်းကာ ဆုများကိုထုတ်ယူနိုင်မည်ဖြစ်သလို ရမှတ်များကို တစ်နှစ်လုံးစာ ထိန်းသိမ်းပြီး ဆုကြီးများကို ရယူနိုင်မည်ဖြစ်ပြီး ဆုအမျိုးအစားများ အဖြစ် အိမ်သုံးလျှပ်စစ်ပစ္စည်းများမှ စတင်ကာ စပီကာများ၊ ဟန်းဆက်နှင့် Tablet များ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ကားများပါဝင်ကြောင်း သိရသည်။

■

သန်းထိုက်အောင်-စုစည်းတင်ပြသည်




| မြို့ | ၂၃-၄ -၂၀၁၈(တနင်္လာ) | ၂၄-၄-၂၀၁၈(အင်္ဂါ) | ၂၅-၄-၂၀၁၈(ဗုဒ္ဓဟူး) | ၂၆-၄-၂၀၁၈(ကြာသပတေး) | ၂၇-၄-၂၀၁၈(သောကြာ) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၆°F | ၄၀% ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၁°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | ၅၀% ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မန္တလေးမြို့ | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | ၅၀% ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၁°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၃၅°C/၉၅°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| လားရှိုး | နေသာ ၃၄°C/၉၃°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F |
| ကျိုင်းတုံ | နေသာ ၃၆°C/၉၆°F | နေသာ ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | ၆၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၃၁°C/၉၂°F | ၃၀% ၃၄°C/၉၄°F | ၂၀% ၃၁°C/၉၂°F | ၈၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၁၁°C/၅၁°F | တိမ်အသင့်အတင့် ၁၂°C/၅၃°F | တိမ်အသင့်အတင့် ၇°C/၄၄°F | တိမ်အသင့်အတင့် ၁၃°C/၅၅°F | တိမ်အသင့်အတင့် ၉°C/၄၈°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၃°F | ၂၀% ၃၄°C/၉၃°F | ၄၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F |
| ဘားအံ | ၅၀% ၃၇°C/၉၈°F | ၅၀% ၃၆°C/၉၇°F | ၅၀% ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F |
| တောင်ငူ | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | ၄၀% ၃၈°C/၁၀၁°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၈°C/၁၀၀°F |
| မုံရွာ | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၂°F |
| ပုသိမ် | နေသာ ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F |
| မြိတ် | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၂၀% ၃၃°C/၉၁°F | ၂၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| စစ်တွေ | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F |
| မကွေး | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | ၅၀% ၃၉°C/၁၀၃°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F |
| ဖလမ်း | ၆၀% ၂၇°C/၈၂°F | နေသာ ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၂°F |

# မုတ်သုံမိုး ပုံမှန်ရွာသွန်းမည်ဟု အိန္ဒိယမိုးလေဝသ ဌာနခန့်မှန်း

အိန္ဒိယနိုင်ငံ၏ မုတ်သုံမိုး ရွာသွန်းမှုမှာ ၉၇ ရာခိုင်နှုန်းရှိနိုင်ပြီး အတက်အကျ ငါးရာခိုင်နှုန်းသာရှိနိုင်သည်ဟု အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းကြောင်း brink wire ဝက်ဘ်ဆိုက် သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ပျမ်းမျှ မိုးရွာသွန်းမှု သို့မဟုတ် ကာလရှည်ပျမ်းမျှရွာသွန်းမှု (LPA) မှာ ၈၉ စင်တီမီတာရှိခဲ့သည်။ သို့ရာတွင် ပုံမှန်အားဖြင့် ဇွန် ၁ ရက်မှ စက်တင်ဘာ ၃၀ အထိ ကြာမြင့်သော မုတ်သုံရာသီ၏ အခြေအနေကို ဇွန်လရောက်မှသာ ရှင်းလင်းစွာ ခန့်မှန်းနိုင်ကြောင်း အိန္ဒိယ မိုးလေဝသဌာနကပြောသည်။ ပုဂ္ဂလိက မိုးလေဝသခန့်မှန်းရေးဌာနဖြစ်သော Skynet ကမူ ၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ပုံမှန်မုတ်သုံမိုးရရှိမည်ဟု ခန့်မှန်းထားသည်။

ယခင်နှစ်နှစ်က ပုံမှန်မိုးရွာသွန်းမှုကြောင့် ၂၀၁၆-၁၇ ခုနှစ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုနှုန်းသည် ၆ ဒသမ ၈ ရာခိုင်နှုန်းပိုမိုခဲ့ပြီး ၂၀၁၇-၁၈ ခုနှစ်တွင် သုံးရာခိုင်နှုန်းပိုမိုမည်ဟု ခန့်မှန်းထားသည်။

ဇွန်တွင် မုတ်သုံမိုးရွာသွန်းသည်နှင့် မိုးရေကိုမှီခိုရသောဒေသများတွင် မိုးစိုက်သီးနှံများကို စတင်စိုက်ပျိုးမည်ဖြစ်သည်။ မုတ်သုံရာသီအတွင်း ပုံမှန် မိုးရွာသွန်းမည့် အလားအလာမှာ အမြင့်ဆုံးဖြစ်ပြီး မိုးနည်းမည့် လက္ခဏာအလားအလာ နိမ့်ကျနေကြောင်း ခန့်မှန်းချက်များအရ သိရသည်။

ပုံမှန်ရွာသွန်းမှုမှာ အထူးသဖြင့် အရှေ့ အိန္ဒိယအပါအဝင် တစ်နိုင်ငံလုံး၌ဖြစ်နိုင်ပြီး တောင်ပိုင်းကျွန်းဆွယ်၊ အရှေ့မြောက် အိန္ဒိယတို့တွင် သာမန်အောက်ကျဆင်းမည့် အလားအလာ အနည်းငယ်သာရှိနေသည်။

ကာလရှည်ပျမ်းမျှ မိုးရွာသွန်းမှု (LPA) ၏ ၉၆ ရာခိုင်နှုန်းမှ ၁၀၄ ရာခိုင် နှုန်းအကြား မိုးရွာသွန်းပါက ပုံမှန်ရွာသွန်းမှုအဖြစ် သတ်မှတ်ပြီး ၁၀၄ မှ ၁၁၀ ရာခိုင်နှုန်းအကြားရွာသွန်းပါက ပုံမှန်အထက်ဟု သတ်မှတ်၍ ၁၁၀ ရာခိုင်နှုန်းအထက် ရွာသွန်းပါက မိုးများသည်ဟု သတ်မှတ်သည်။ အိန္ဒိယနိုင်ငံတွင် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့တွင် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး ယင်းနှစ်များကို ခြောက်သွေ့သော နှစ်များအဖြစ် သတ်မှတ်သည်။

ညဏ်တင်

# မီးခိုးမြူ တိုက်ဖျက်ရေးတွင် ရှေ့မတိုးနောက်မဆုတ် အခြေအနေဖြစ်နေကြောင်း တရုတ်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ပြောကြား

ရာသီဥတု ဆိုးရွားမှုက မီးခိုးမြူ လျှော့ချရေး ကြိုးပမ်းမှုများကို အတားအဆီးဖြစ်နေသည့်အတွက် တရုတ်နိုင်ငံ၏ လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးစစ်ပွဲမှာ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဧပြီ ၁၉ ရက်က ပြောကြားချက်ကို ထရီဗွန်းဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် မတ်လအတွင်းက လေထုညစ်ညမ်းမှုမှာ လေးပုံတစ်ပုံ ပိုမိုခဲ့ကြောင်း၊ ဧပြီတွင် အဆိုပါဒေသ၌ မီးခိုးမြူဒဏ်ကို ထပ်မံခံစားခဲ့ရကြောင်းနှင့် ယင်းသို့ဖြစ်ရခြင်းမှာ လေထုလှုည့်ပတ်မှု အားနည်းသည့်အတွက်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော လုပ်ငန်းများဖြစ်သည့် သံမဏိစက်ရုံများနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းများအတွက် စံနှုန်းများ သတ်မှတ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းတို့အပြင် ဥပဒေချိုးဖောက်သော အသေးစားစီးပွားရေးလုပ်ငန်းများကို ပိတ်သိမ်းခြင်းများ ပြုလုပ်ခဲ့သဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းတွင် တရုတ်နိုင်ငံ၏ လေထုညစ်ညမ်းမှုစံနှုန်းကို ရည်မှန်းချက်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ အသေးစား စီးပွားရေးလုပ်ငန်း ၆၂၀၀၀ ကို ပိတ်သိမ်း၍ လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသော အရင်းအမြစ်များကို ဖယ်ရှားခဲ့ကြောင်း၊ အဆိုပါအကြောင်းရင်းမှာ အဆုတ်ကို ဒုက္ခပေးသည့် PM25 ဟုခေါ်သော ဓာတ်ငွေ့များ ထုတ်လွှတ်ရာတွင် ယင်းတို့ကြောင့်ဖြစ်ပွားမှုမှာ ၃၀ ရာခိုင်နှုန်းရှိကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လျူယူဘင်းကပြောသည်။

မီးခိုးမြူတိုက်ဖျက်ရေးလုပ်ငန်းမှာ ပိုမိုခက်ခဲလျက်ရှိကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်ထားသည်။

ညဏ်တင်

# ပခုက္ကူခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပခုက္ကူခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၄/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီလ ၁၀ ရက်တွင် ပခုက္ကူခရိုင်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့်အတူ စားသုံးသူ ရေးရာ ဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပခုက္ကူခရိုင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ခရိုင်အတွင်းရှိစားသုံးသူ ပြည်သူများ သက်တမ်းစေ့ ကျန်းမာစွာနေနိုင်ရန် အရည်အသွေးကောင်းမွန်ပြီး အန္တရာယ်ကင်းသော အစားအသောက်များ၊ ဆေးဝါးများကို ဘေးအန္တရာယ် မရှိအောင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များနှင့် သက်တမ်းလွန်နေသော ဆေးဝါးများ တွေ့ရှိပါက ပထမအကြိမ် သတိပေး လက်မှတ်ရေးထိုးစေပြီး ဒုတိယအကြိမ် ဝင်ရောက်စစ်ဆေး၍ တွေ့ရှိသည့်အခါ သိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ဆေးဝါးအတုများ၊ ရောင်းချမှုတွေ့ရှိလျှင် အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈ (က)အရ ငြိစွန်းလျှင် အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးသန်းဦးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပါဝင်သော စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များ တားမြစ်ချက်များအကြောင်းကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး ရန်ကုန်မှ မြိုင်သို့ သကြ်န်ကာလ ကားလက်မှတ်ရောင်းချသော ဈေးနှုန်းများနှင့်ပတ်သက်၍ မြိုင်မြို့နယ်တွင် တိုင်ကြားမှုတစ်ခုဖြစ်ခဲ့၍ ကားဂိတ်များတွင် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ စားသုံးသူနှင့် လုပ်ငန်းရှင်များအကြား နစ်နာဆုံးရှုံးမှုများရှိပါက မိမိတို့ရုံးတွင် ဖွင့်လှစ်ထားသည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) သို့ တိုင်ကြားနိုင်ကြောင်း၊ ပြည်တွင်း ကုန်သွယ်မှု မြှင့်တင်ရေး ဆောင်ရွက်မှုအနေဖြင့် ပြည်သူလူထုသို့ ကွင်းဆင်း ဟောပြောရာတွင် ပြည်သူများ ဝင်ငွေရရှိရေး အတွက် လျှော်ဖြူ နေလဲစေ့နှင့် အခြား ဈေးကွက်ဝင် သီးနှံများ ပြောင်းလဲစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ယခင်လ လုပ်ဆောင်ချက်များနှင့် ယခုလဆောင်ရွက်မည့် စီမံချက်များ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း စဉ်များကို ဆွေးနွေးခဲ့ပြီး ဌာနဆိုင်ရာများအနေဖြင့်လည်း ပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာဌာန အသီးသီးတို့ကလည်း ဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူဇာကျော်(ပခုက္ကူ)**

# ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၏ ၄/၂၀၁၈ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ၄/၂၀၁၈ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီလ ၁၁ ရက် နံနက် ၁၀ နာရီတွင် ယင်းမာပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးအောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ အတွင်းရေးမှူးယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးအောင်မင်းက မိမိတို့ဌာန၏ မတ်လလုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေ၊ သကြ်န်ကာလ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မော်တော်ယာဉ်ကားဂိတ်၊ အဝေးပြေး ကားဂိတ်များသို့ ဝန်ဆောင်မှု မှန်ကန်စေရေးများကို ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်နှင့် မင်းတိုင်ပင် ကျေးရွာတို့တွင် သက်ဆိုင်ရာ မိတ်ဖက်ဌာနများဖြင့် ပူးပေါင်း၍ကွင်းဆင်း ဆောင်ရွက်ခဲ့ပြီး ရှေ့ဆက် စားသုံးသူ အကာအကွယ် ပေးရေး အသိပညာပေး ဟောပြောပွဲ ၅ ကြိမ်၊ ဆာလင်းကြီး မြို့နယ်တွင် ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုကို ဆောင်ရွက် မှုအခြေအနေများ၊ ပုလဲမြို့နယ်တွင် လုပ်ငန်းရှင် တွေ့ဆုံခြင်းများ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာန ဦးကျော်ဌေးနိုင်ကလည်း ကနီမြို့ပေါ် ရှိ အလှူပွဲတစ်ခုမှ အစာအဆိပ်သင့်မှု ဖြစ်ပွားခြင်းအတွက် အလှူတွင် ချက်ပြုတ်သော ဟင်းသီးဟင်းရွက်၊ ဆန်များကို စစ်ဆေးရန် တိုင်းအဆင့်မှ ယူဆောင်သွားသည်မှာ အဖြေမရရှိသေးကြောင်း ဆွေးနွေးခဲ့သည်ဟု သတင်းရရှိပါသည်။

**ခိုင်မို့မို့ (မြင်းမူ)**

# ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတွင် တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာန စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လစဉ်ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၉ ရက်က အစည်းအဝေးခန်းမ (၂)တွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ တိုင်းဦးစီးမှူးရုံးရှိ အရာထမ်း၊ အမှုထမ်းများ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ စားသုံးသူကိုယ်စားလှယ်၊ ဥပဒေပညာရှင်၊ ကျွမ်းကျင်ပညာရှင်၊ ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများ စနစ်တကျပြေးဆွဲရေးကော်မတီ၊ ရေယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးကြီးကြပ်မှု ကော်မတီ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းခွဲ၊ ဧရာဝတီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်ပိုင်ရှင်၊ ဖိတ်ကြားထားသူများ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များတက်ရောက်ခဲ့သည်။

တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဥပဒေဆိုင်ရာအကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ရာတွင် ၂၀၁၄ ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖြင့် လစဉ်အစည်းအဝေးများ မပျက်မကွက် ဆောင်ရွက်လျက်ရှိရာ ယခုဆိုရင် (၂၆) ကြိမ်တိုင်ခဲ့ပြီး အစည်းအဝေးမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ပြန်လည်သုံးသပ် ခြင်း၊ တက်ရောက်လာသည့်အဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ် အသီးသီးတွင် စာသင်ကျောင်း၊ ဈေး၊ ရပ်ကွက်များမှာ စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်း၍ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်၍ ညှိနှိုင်း စေ့စပ်ဖျန်ဖြေပေးခြင်း၊ ဆက်စပ်ဌာနများမှ စိစစ်ပေးခြင်း၊ ဈေးကွက်နှင့် အလုပ်ရုံများတွင် တားမြစ်ကုန်ပစ္စည်း၊ ကုန်စည်အတု၊ ကုန်စည်အရော၊ မူမမှန်ထုတ်လုပ်မှု ဖြစ်စဉ်အပါအဝင် ဈေးကွက် စုံစမ်းစစ်ဆေးခြင်း၊ Market Surveillance ကို ဆောင်ရွက်ခြင်း၊ ဒါ့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြေညာထားသော ကုန်ပစ္စည်းများ၊ ဆက်စပ်ဌာနများမှ တားမြစ်ထားသော ကုန်ပစ္စည်းများစာရင်းကိုလည်း စာသင်ကျောင်း၊ ဈေး၊ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များ၊ ဆက်စပ်မိတ်ဖက်ဌာနများ၊ အရပ်ဖက်အဖွဲ့အစည်းများသို့ သတင်းအချက်အလက်များ ဖြန့်ဝေပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က (၂၅) ကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ယခု (၂၆) ကြိမ်မြောက် အစည်းအဝေးတွင် ဗဟိုကော်မတီသို့ တင်ပြရန်နှင့် အတည်ပြုရန်အချက်များနှင့် ဆက်လက်ဆောင်ရွက်ရန် အချက်များကို ဖတ်ကြားရှင်းလင်း၍ တက်ရောက်လာသူများမှ ဝိုင်းဝန်း ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

**ရောမြေ(ပုသိမ်)**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၄/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေး ခန်းမတွင် ဧပြီလ ၁၀ ရက်က ကျင်းပခဲ့ပြီး အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ပါတယ်။


အစည်းအဝေးတွင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးမှ ယခင်လက ကျင်းပခဲ့သည့် (၃/ ၂၀၁၈) လုပ်ငန်း ညှိနှိုင်း အစည်း အဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရွှေဘိုခရိုင် CICC သို့ တိုင်ကြားထားသည့် အချိုးရည်ကိစ္စများ၊ သကြ်န်ကာလ ရုံးပိတ်ရက်အတွင်း ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေးအတွက် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကြိုတင်စိစစ်ခြင်း နှင့် အသိပညာပေးခြင်း ဆောင်ရွက်မှု အစီအစဉ်များ၊ အီလက်ထရောနစ် စီးကရက်များ ရွှေဘိုမြို့တွင် ရောင်းချနေမှုအခြေအနေနှင့် အန္တရာယ်များအကြောင်း ဆွေးနွေးခဲ့ပြီး တိုင်ကြားထားသည့် အချိုရည်ဗူးနှင့် ပတ်သက်၍လည်း အဖွဲ့ဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင်(ရွှေဘို)**



ကမ္ဘာကျော်
စားသောက်ကုန်၊ ဆေးဝါး၊ ရေသန့် နှင့်
ဓာတုဗေဒကုန်ကြမ်း ရောင်းဝယ်ရေး
Sodium Hydrosulfite
Potassium Permanganate
Ferric Chloride
Sodium Citric BP
Citric Acid
Sulphur Powder
Benzoic Acid
Potassium Chloride BP
Caustic Soda
CMC
အမှတ် (၁၁၁)၊၂၇လမ်း (အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
Ph : 01-378613,381169,09-73246652,09-5082816,09-250506751
Email:kabarkyawchemical@gmail.com


ALLWIN
CO., LTD
ALLWIN
OTTO
No.325, Pansodan Road (Upper Block),Kyauktada Tsp, Yangon
No. (274,276), Seikkanthar Street, Kyauktada Tsp, Yangon
Ph : 248239, 09421163941
E-mail:allwin.otto@gmail.com


Wholesales, Retail Sales နှင့် Corporate Credit Sales များအား
အထူးဝန်ဆောင်မှုပေး၍ ရောင်းချလျက်ရှိပါသည်။
MAX ENERGY CO., LTD.
Office 01 255819 ~ 838 Ext : 710
info@maxenergy.com.mm
www.maxenergy.com.mm / www.facebook.com/maxenergymyanmar


Annawa Trade Park Marine Co.,ltd
Office: NO 104, Yadanar Theingi St,Industrial Zone (7)
Hlaing Thar Yar Tsp
Ph :645232,09513 4233, Fax;645189
Email;unnawar@gmail.com


Pro
Pre
biotics
Innolac
Diarrhoea • Dispepsia • Constipation
Korean "Kimchi" Lac.
Family
ဝမ်းလျော၊ ဝမ်းချုပ် အစာမကြေခြင်းအတွက်
LIN MIN THU


(Neurotropic vitamins)
Stadneuron®
Each film-coated tablet contains:
Vitamin B1 100mg
Vitamin B6 200mg
Vitamin B12 200mcg
LIN MIN THU Company Limited


## အပြောင်းအရွှေ့ သတင်းတိုများ

- မန်စီးတီးနည်းပြ ဂွာဒီယိုလာက လက်စတာအသင်းမှ တောင်ပံကစားသမား မာရက်ဇ်ကိုပေါင် ၆၅သန်းဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

- ဂျူဗင်တပ်အသင်းသည် မန်ယူအသင်းမှ ထွက်ခွာတော့မည့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာနှင့် ချယ်လ်ဆီးနှင့် အနာဂတ် မသေချာတော့သည့် တိုက်စစ်မှူး မိုရာတာတို့ကို ခေါ်ယူလိုကြောင်း သိရသည်။

- မန်ယူအသင်းသည် ဝက်ဖို့ဒ်အသင်းမှ အသက် ၂၀ သာရှိသေးသည့် တိုက်စစ်မှူး ရီချာလီဆင်ကို ပေါင်သန်း ၄၀ ပေး၍ ခေါ်ယူရန်ပြင်ဆင်နေသည်။ ထို့ပြင် နာပိုလီအသင်းမှ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကိုလည်း ခေါ်ယူသွားမည်ဟု မော်ရင်ဟိုက ပြောကြားထားသည်။

## အာဆင်နယ်အသင်းမှ ထွက်ခွာတော့မည်ဟု အာစင်ဝင်းဂါး အတည်ပြုပြောကြား



အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ် ရာသီကုန်တွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၆၈ နှစ်ရှိပြီဖြစ်သည့် အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းနှင့်အတူ ၂၂ နှစ်လက်တွဲခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ရာသီအနည်းငယ်ကပင် အသင်း၏ရလဒ်ဆိုးရွားမှုများကြောင့် ဝေဖန်မှုမြင့်တက်ခဲ့သူဖြစ်သည်။




အာစင်ဝင်းဂါးက 'ကျွန်တော့်အနေနဲ့ရာသီကုန်မှာ အသင်းကထွက်ခွာတော့မယ် ဆိုတာကို အတည်ပြု ပြောကြားလိုပါတယ်။ ကျွန်တော် အာဆင်နယ်အသင်းနဲ့ လက်တွဲခဲ့တာ ၂၂ နှစ်ရှိခဲ့ပါပြီ။ ဒီအချိန်တွေအတောအတွင်းမှာ အာဆင်နယ်အသင်းနဲ့အတူ အားပေးတဲ့ပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ဘဝတစ်လျှောက်လုံး အာဆင်နယ်အသင်းကို ဆက်လက်အားပေးသွားမှာပါ။ အာဆင်နယ်အသင်းကို ချစ်ခင်တဲ့သူတွေက အသင်းရဲ့တန်ဖိုးကို မြှင့်တင်ပေးခဲ့တာလို့ ကျွန်တော်နားလည်ပါတယ်။ တစ်ချိန်ချိန်မှာ အဆုံးသတ်မှုက ရှိလာမယ်ဆိုတာက သဘာဝပါပဲ'ဟု ပြောကြားလိုက်သည်။ အာဆင်နယ်အသင်းသားများအနေဖြင့် အာစင်ဝင်းဂါးကို ဂုဏ်ပြုသည့်အနေဖြင့် ယူရိုပါလိဂ်ဖလားကိုရယူပေးနိုင်ရန် ကြိုးစား သွားမည်ဖြစ်ကြောင်း၊ အာဆင်နယ်အသင်းသည် ဧပြီ ၂၆ ရက်တွင် ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့အဝေးကွင်းပွဲစဉ်အဖြစ် အက်သလက်တီကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## ပေါင်သန်း ၁၄၀ ရလျှင် ပေါ့ဂ်ဘာကို လက်လွှတ်မည်

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို အရောင်းဈေးကွက် တင်လိုက်ပြီဖြစ်ပြီး ၎င်းကစားသမားအတွက် ပေါင်သန်း ၁၄၀ ရလျှင် လက်လွှတ်သွားမည်ဟုပြောကြားလိုက်သည်။ ပေါ့ဂ်ဘာသည် ဂျူဗင်တပ်အသင်းမှ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီးယခုအချိန်တွင် နည်းပြမော်ရင်ဟိုနှင့် အဆင်မပြေမှုများဖြစ်လာခြင်းကြောင့် ၎င်းကစားသမားကို လာမည့်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် ရောင်းထုတ်သွားတော့မည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြာလိုက်ခြင်းဖြစ်သည်။

ပေါ့ဂ်ဘာ၏ အေးဂျင့်ဖြစ်သူ မီနိုရာအိုလာကပေါ့ဂ်ဘာကိုပီအက်စ်ဂျီ၊ ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ မန်စီးတီးနှင့် ချယ်လ်ဆီးအသင်းတို့က အပြိုင်အဆိုင်ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေကြောင်း ပြောကြားလိုက်ပြီး




မကြာမီရက်သတ္တပတ်အတွင်းမှာပင် တရားဝင်ကမ်းလှမ်းမှုများ ပြုလုပ်လာဖွယ်ရှိနေကြောင်း ဆိုလာခဲ့သည်။ မန်ယူအသင်းက ပေါ့ဂ်ဘာကိုပေါင်သန်း ၁၄၀ ဈေးခေါ်ထားသော်လည်း အရောင်းအဝယ်မှာ ပေါင်သန်း ၁၂၀ နှင့် ၁၄၀ ကြားတွင် ဖြစ်ဖွယ်ရှိနေကြောင်း သုံးသပ်မှုများရှိနေသည်။

**ဟန်နေသစ် စုစည်းသည်**

## မိခင်ပုံကို တက်တူးထိုးမည်ဟု နေမာပြောကြား

ဒဏ်ရာပြဿနာကြောင့် အနားယူနေရသည့် နေမာက မိမိ၏ညာဘက်ခြေထောက်တွင် မိခင်ပုံကို တက်တူးထိုးမည်ဖြစ်ကြောင်းထုတ်ဖော်ပြောကြားလိုက်သည်။

ဒဏ်ရာရနေသည့် ညာဘက်ခြေထောက်ပြန်လည် ကောင်းမွန်လာပါက ယင်းခြေထောက်တွင် ၎င်း၏မိခင်ပုံတက်တူးကို လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ထိုးသွားမည်ဖြစ်ကြောင်း ၎င်း၏ အင်စတာဂရမ်တွင် ရေးသားထားသည်။

နေမာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပီအက်စ်ဂျီအသင်းက မာဆေးလ်အသင်းကို ၃-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် ညာဘက်ခြေထောက် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နေမာက 'ကျွန်တော့်ရဲ့ ဒဏ်ရာအခြေအနေကတိုးတက်မှုတော့ရှိပါတယ်။ ဒါပေမဲ့ လမ်းလျှောက်နိုင်ရုံကလွဲပြီး ဘယ်လိုလေ့ကျင့်ခန်းမျိုးကိုမှ မလုပ်နိုင်သေးပါဘူး။ လာမယ့် မေ ၁၇ ရက်မှာ အသင်းနဲ့အတူ အပေါ့စားလေ့ကျင့်ခန်း ပြန်ဆင်းနိုင်ဖို့ မျှော်လင့်ထားပါတယ်'ဟုပြောကြားခဲ့သည်။

ထို့ပြင် နေမာက လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲကို ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်ကစားလိုကြောင်း၊ ယင်းပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားရန် ဆန္ဒပြင်းပြနေကြောင်း ထပ်မံပြောကြားလိုက်သည်။



## ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမည့်သတင်းကို သီယာဂိုဆေးလ်ဗား ငြင်းဆို




ပီအက်စ်ဂျီအသင်း နောက်ခံကစားသမား သီယာဂိုဆေးလ်ဗားသည် ယခုနှစ်ရာသီကုန်တွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ပြင်သစ်အခြေစိုက် သတင်းစာများ၏ ရေးသားဖော်ပြမှုကို ၎င်းကစားသမားက ငြင်းဆိုလိုက်သည်။

ဘရာဇီးလ် နောက်ခံကစားသမား သီယာဂိုဆေးလ်ဗားသည် အသက် ၃၃နှစ်ရှိပြီဖြစ်သော်လည်း ပီအက်စ်ဂျီအသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းရှိနေသည်။ ၎င်းကစားသမားသည် ၂၀၁၂ခုနှစ်ကပင် အေစီမီလန်အသင်းမှ ယူရို ၄၂ သန်းဖြင့် ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

သီယာဂိုဆေးလ်ဗားသည် လက်ရှိအချိန်တွင် ပီအက်စ်ဂျီအသင်းကို အကောင်းဆုံး ဦးဆောင်မှုပေးနေသည့် အသင်းခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။

'ကျွန်တော်အသင်းက ထွက်ခွာမယ်ဆိုတဲ့သတင်းက ဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ ဘယ်သတင်းစာ၊ ဘယ်ဂျာနယ်လစ်နဲ့မှ ကျွန်တော်တွေ့ဆုံပြောကြားထားခြင်းလည်းမရှိပါဘူး။ အသင်းနဲ့ စာချုပ်သက်တမ်းက မကုန်သေးသလို ပီအက်စ်ဂျီအသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ဖို့ဆိုတာပဲ ကျွန်တော့်ခေါင်းထဲမှာရှိပါတယ်။ အခု ကျွန်တော့်အသက် ၃၃ နှစ်ရှိပါပြီ။ နောက် နှစ်နှစ်ဆိုရင် ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သက်တမ်း ကုန်ဆုံးမှာဖြစ်သလို ကျွန်တော့်အသက်ကလည်း ၃၅ နှစ်ရှိလာမှာပါ။ ဒီအချိန်မှာ ကျွန်တော်ကောင်းကောင်းကစားနိုင်ဦးမလားဆိုတာကိုမသိသေးပါဘူး'ဟု သီယာဂိုဆေးလ်ဗားက ပြောကြားသည်။

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

| ရွှေစင်ဦး |

**ယခင်တစ်ပတ်မှအဆက်**

**၃၊၂။ ကြိုတင်သတ်မှတ်ချက်များနှင့် ဥပဒေဆိုင်ရာအခြေခံ။**

EU GSP မှ အကျိုးခံစားလိုပါက အောက်ပါ ကြိုတင်သတ်မှတ်ချက် လေးခုနှင့် ကိုက်ညီရန်လိုအပ်သည်

(က) ကုန်ပစ္စည်းများသည် EU GSP ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများနှင့်အညီ မြန်မာနိုင်ငံတွင် ပင်ရင်းစတင်ခြင်း ဖြစ်ရမည်။

(ခ) ပင်ရင်းနိုင်ငံဆိုင်ရာ ခိုင်လုံသည့် သက်သေအထောက်အထားကို တင်ပြရမည်။ (ပင်ရင်းနိုင်ငံဆိုင်ရာသက်သေခံ လက်မှတ်ပုံစံ (A) သို့မဟုတ် ငွေတောင်းခံလွှာကြေညာချက်)

(ဂ) အခြေခံအားဖြင့် မြန်မာနိုင်ငံမှ အီးယူသို့သယ်ယူပို့ဆောင်ချိန်တွင် ပြောင်းလဲခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းတို့ ပြုလုပ်ထားခြင်းမဖြစ်ရပါ။

(ဃ) အကျိုးခံစားမည့်နိုင်ငံသည် စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာရန်လိုအပ်သည်။ (တစ်နည်းအားဖြင့် အရည်အချင်းပြည့်မီသည့် အာဏာပိုင်များက ပုံစံ (A)ကို ထုတ်ပေးရန် ကြေညာခြင်းနှင့် ပင်ရင်းနိုင်ငံဆိုင်ရာ သက်သေအထောက်အထားများကို စစ်ဆေးအတည်ပြုပေးရာ၌ စီမံအုပ်ချုပ်မှုပိုင်းမှ ပူးပေါင်းဆောင်ရွက်ခြင်း)

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဥရောပသမဂ္ဂ (အီးယူ) သည် အထူးကုန်သွယ်မှု ကင်းလွတ်ခွင့် (GSP)အရ ထည့်သွင်းသည့် ကုန်ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံဆိုင်ရာစည်းမျဉ်းများ (ROO) ကို ပြန်လည်ပြင်ဆင်သည့် စည်းမျဉ်းစည်းကမ်းအသစ်ကို တရားဝင်လက်ခံအတည်ပြုခဲ့သည်။ ၎င်းစည်းမျဉ်စည်းကမ်းအသစ်သည် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် စတင်တက်ရောက်ခဲ့ပြီး အခြေခံအားဖြင့် အောက်ပါ အဓိက မူသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည်။

- * ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများနှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ရန်နှင့် ပိုမိုရိုးရှင်းလွယ်ကူစေရန်။
- * အဆင်းရဲဆုံး(ဖွံ့ဖြိုးမှုအနည်းဆုံး) နိုင်ငံများအား ပိုမိုလိုက်လျောပေးထားသည့်ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ခွင့်ပြုပေးရန်။ (ဥပမာ- ပင်ရင်းနိုင်ငံ မဟုတ်သည့် အခြေခံကုန်ပစ္စည်းကို အသုံးပြုခြင်း၊ အဆင်းရဲဆုံးနိုင်ငံများ(ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ)တွင် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပိုမို အသုံးပြုခွင့်ပြုခဲ့သည်၊ (ဥပမာ- စတင်ပြုလုပ်ခြင်းမဟုတ်သည့် ပင်ရင်းကုန်ပစ္စည်းများ) GSPသို့ GSP+ စည်းမျဉ်းများအောက်တွင် သွင်းကုန်များအတွက် သက်ဆိုင်သောစည်းမျဉ်း၊ စည်းကမ်းများကို နှိုင်းယှဉ်ခြင်းဖြင့်)
- * ၂၀၁၇ ခုနှစ်မှစ၍ မှတ်ပုံတင်ထားသည့်ကုန်ပစ္စည်းတင်ပို့သူ (REX) အစီအစဉ်ဖြင့် မိမိဘာသာသက်သေခံလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းစဉ်ကို မိတ်ဆက်ပေးရန်။

**၃၊၃။ ရာနှုန်းပြည့် ပြည်တွင်းထုတ်လုပ်ရရှိသည့်ကုန်ပစ္စည်းများ။**

အခြေခံအားဖြင့် ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာ စည်းမျဉ်းများ နှစ်မျိုးနှစ်စား ရှိပါသည်။

ပထမအမျိုးအစားမှာ နိုင်ငံတစ်နိုင်ငံအတွင်း အပြည့်အဝထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည်။ ဖြစ်ရပ်အများစုတွင် ဤစည်းမျဉ်းသည် အခြေခံကျသည့် ပစ္စည်းများနှင့် သဘာဝထွက်ကုန်များအတွက်သာ အကျုံးဝင်ပြီး ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် အကျုံးမဝင်ပါ ။ EU GSP က အောက်ပါတို့ကို အကျိုးခံစားခွင့်ရှိသည့် နိုင်ငံတွင် အပြည့်အဝ ရရှိသည်ဟု မှတ်ယူမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

(က) ၎င်း၏မြေ သို့မဟုတ် ပင်လယ်ကြမ်းပြင်မှ တူးဖော်ရရှိထားသည့် တွင်းထွက်ပစ္စည်းများ။

(ခ) ၎င်းနိုင်ငံတွင် စိုက်ပျိုး(သို့မဟုတ်) ရိတ်သိမ်းသည့်အပင်များနှင့် ဟင်းသီးဟင်းရွက်များ။

(ဂ) ၎င်းနိုင်ငံတွင် မွေးဖွားကြီးပြင်းသည့် သက်ရှိတိရစ္ဆာန်များ။

(ဃ) ၎င်းနိုင်ငံတွင် မွေးမြူသည့် သက်ရှိတိရစ္ဆာန်များမှ ရရှိသည့် ကုန်ပစ္စည်းများ။

(င) ၎င်းနိုင်ငံတွင်မွေးဖွား၊ ကြီးပြင်း၊ သတ်ဖြတ်ခံရသည့် တိရစ္ဆာန်များမှ ရရှိသည့်ကုန်ပစ္စည်းများ။

(စ) ၎င်းနိုင်ငံတွင် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းမှ ရရှိသည့် ကုန်ပစ္စည်းများ။

(ဆ) ၎င်းနိုင်ငံတွင် မွေးမြူပေါက်ဖွားသည့် ငါး၊ ပုဇွန်၊ ကဏန်း၊ ကမာနှင့် အခြားရေထွက်ကုန်များ။

(ဇ) ၎င်းနိုင်ငံရေနယ်နမိတ်ပြင်ပတွင် ၎င်း၏ငါးဖမ်းသင်္ဘောများက ဖမ်းဆီးရမိသည့်ငါးနှင့် အခြားကုန်ပစ္စည်းများ။

(ဈ) အထက်ပါ အမှတ်(ဇ)တွင် ရည်ညွှန်းသည့် ကုန်ပစ္စည်းများအား ၎င်းနိုင်ငံ၏စက်ရုံ သင်္ဘောများအပေါ်တွင်ထုတ်လုပ်ရရှိလာသည့်ကုန်ပစ္စည်းများ။

(ည) ကုန်ကြမ်းပစ္စည်းများအား ပြန်လည်ဖော်ထုတ်ရန်အတွက် သာသင့်လျော်သည့် ၎င်းနိုင်ငံတွင် စုဆောင်းရရှိသည့် အသုံးပြုပြီး ပစ္စည်းများ။

(ဋ) ၎င်းနိုင်ငံတွင် ဆောင်ရွက်လည်ပတ်သည့် ထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိလာသည့် စွန့်ပစ်ပစ္စည်းများနှင့် အပိုင်းအစများ။

(ဌ) ၎င်းနိုင်ငံ၏ ပင်လယ်နယ်နမိတ်ပြင်ပတွင် တည်ရှိသော်လည်း ၎င်းတွင် တစ်ဦးတည်းထုတ်ယူခွင့် ရရှိထားသည့် ပင်လယ်ကြမ်းပြင်မှ သို့မဟုတ် ပင်လယ်ကြမ်းပြင်အောက်မှ တူးဖော်ရရှိသည့် ကုန်ပစ္စည်းများ။

(ဍ) အထက်ပါ အမှတ်(က) မှ(ဈ) အတွင်း သတ်မှတ်ဖော်ပြထားသည့် ကုန်ပစ္စည်းများမှ သီးသန့်ထုတ်ယူရရှိသည့် ကုန်ပစ္စည်းများ။

(ကိုးကား။ ဥရောပသမဂ္ဂ၏အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆန်စပါး Supply Chain နှင့် ဆန်ဈေးကွက်တို့အပေါ် လေ့လာဆန်းစစ်သုံးသပ်ခြင်း

**နန္ဒာဝင်း၊ ဟန်နီ (WTO)**

**ယခင်တစ်ပတ်မှအဆက်**

အနာဂတ်ကာလအတွက်တည်ရှိပြီး စိုက်ပျိုးနိုင်သော မြေယာများကိုကာကွယ်ခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုအပိုင်း ပံ့ပိုးပေးသည့် မူဝါဒများ တိုးမြှင့်ခြင်းနှင့် စက်မှုကဏ္ဍတိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အဓိကဦးစားပေးခြင်းစသည့် မူဝါဒပိုင်းဆိုင်ရာ အထွေထွေရည်မှန်းချက်များကိုချမှတ်ဆောင်ရွက်နေပါသည်။

မကြာသေးမီကာလများအတွက် တရုတ်နိုင်ငံအစိုးရ၏ လယ်ယာကဏ္ဍအပေါ် အထောက်အပံ့ပြုဆောင်ရွက်ခြင်းများသည် သိသိသာသာတိုးတက်လာခဲ့ပြီး ၎င်းထောက်ပံ့မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အလားအလာများရှိနေပါသည်။ တရုတ်နိုင်ငံအစိုးရ၏ အထောက်အပံ့ပြုမှုအစီအစဉ်များသည် ဆန်စပါးကဏ္ဍကို တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်ခြင်းဖြင့်သော်လည်း အကျိုးသက်ရောက်မှုရှိစေပါသည်။ တိုက်ရိုက်အကျိုးသက်ရောက်မှုများမှာ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ပြီး ဝင်ငွေကို အထောက်အပံ့ပြုနိုင်ခြင်းတို့ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်အတွက် Hubei၊ Hunan နှင့် Jiangsu ပြည်နယ်များတွင် ဆန်စပါးသီးနှံအမျိုးမျိုးအတွက် ထောက်ပံ့ပြုပေးငွေတန်ဖိုးမှာ ဆန်စပါးမက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅ မှ ၃၇ အထိရှိခဲ့ပါသည်။ မကြာသေးမီက အနိမ့်ဆုံးဈေးနှုန်းထောက်ပံ့မှုသည် ဈေးကွက်ပေါက်ဈေးထက် လျှော့နည်းနေသော်လည်း ဈေးနှုန်း ထောက်ပံ့မှုများသည် လယ်သမားများအတွက် အစိုးရအနေဖြင့် ဈေးနှုန်းကျဆင်းမှုကို ခွင့်ပြုမည်မဟုတ်ကြောင်း သွယ်ဝိုက်စွာအချက်ပြနေခြင်းကြောင့် ထုတ်လုပ်မှုများ တိုးမြှင့်လာရန် တွန်းအားပေး သကဲ့သို့ ဖြစ်ပါသည်။

**တရုတ်နိုင်ငံအစိုးရ၏ ဆန်စပါးကဏ္ဍနှင့်ပတ်သက်၍ အခြားစီမံဆောင်ရွက်မှုများ**

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာစေရေး တွန်းအားပေးသည့်အနေဖြင့် တရုတ်အစိုးရသည် လယ်သမားများ စက်မှုလယ်ယာသုံးပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်စေရေးအတွက် ငွေကြေးထောက်ပံ့ပေးမှုအစီအစဉ်ကို ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် လယ်သမားများသည် စက်မှုလယ်ယာသုံးပစ္စည်းများကို ၃၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဝယ်ယူသုံးစွဲနိုင်ပါသည်။ ယင်းအစီအစဉ်သည် အထူးသဖြင့် နှံစားသီးနှံစိုက်ပျိုးသူတောင်သူလယ်သမားများကိုသာရည်ရွယ်ခြင်းဖြစ်ပြီး ထောက်ပံ့ပေးမှုပမာဏအမြင့်ဆုံးမှာ ယွမ် ၅ သောင်းမှ ယွမ်နှစ်သိန်းထိရှိသည်ဟု သိရသည်။

မကြာသေးမီကာလများအတွင်းက တရုတ်လယ်သမားများသည် အရည်အသွေးမြင့် ဆန်စပါးများစိုက်ပျိုးခြင်းအတွက် တစ်ဟက်တာလျှင် အမေရိကန်ဒေါ်လာ ၂၂ မှ ၃၃ အမေရိကန်ဒေါ်လာအထိ ထောက်ပံ့ကြေးအဖြစ်ရရှိကြသည်။ တရုတ်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနက လယ်သမားများအနေဖြင့် ဆန်စပါးဈေးနှုန်းအာမခံထားသည့် အစီအစဉ်ကို တက်တက်ကြွကြွ မှတ်ပုံတင်ဆောင်ရွက်နိုင်စေရေးအလို့ငှာ သင့်လျော်သည့် ရင်းနှီးမတည် ငွေနှင့် လယ်သမားများအတွက် သင့်လျော်သည့် အမြတ်အစွန်းကို ပြန်လည်ရရှိစေနိုင်မှုကိုအခြေပြုသည့် ဆန်စပါးဈေးနှုန်းကို သတ်မှတ်ဆောင်ရွက်ပေးခဲ့သည်။ ဆန်စပါးဈေးနှုန်းအာမခံထားရှိသည့် အစီအစဉ်သည် အာမခံဝယ်ယူသူအနေဖြင့် ဆုံးရှုံးမှုပြဿနာရပ်တစ်စုံ တစ်ရာတွေ့ကြုံရပါက လျော်ကြေးရရှိသည့် သဘောသဘာဝနှင့်အညီ ကောင်းမွန်သည့် အာမခံရှိသောအစီအစဉ်တစ်ခုပင်ဖြစ်သည်။ အကယ်၍ ရိတ်သိမ်းချိန်ကာလအတွင်း မည်သည့်ပြဿနာတစ်စုံတစ်ရာမှ မတွေ့ကြုံရပါက ၎င်းဈေးနှုန်းအာမခံအစီအစဉ်ကို အရံအတားကုန်ကျစရိတ်အဖြစ် မှတ်ယူနိုင်သည်။

**အရည်အသွေးမြင့် သွင်းအားစုများနှင့် စက်မှုလယ်ယာအသုံးပြုမှုမှတစ်ဆင့် ဆန်စပါးစဉ်ဆက်မပြတ် အထွက်နှုန်းတိုးမြှင့်စေရေး ဆောင်ရွက်ချက်များ**

တရုတ်နိုင်ငံ၏ဆန်စပါးကဏ္ဍတွင် စိုက်ပျိုးမြေများအရည်အသွေးလျော့ကျနေခြင်းကို ပြန်လည်ထိန်းသိမ်းမှု၊ အထွက်နှုန်းများ သိသိသာသာ တိုးတက်လာစေခြင်းနှင့် ရေရှည်စဉ်ဆက်မပြတ် တိုးတက်စေရန် စီစဉ်ဆောင်ရွက်နေပါသည်။ ဓာတ်မြေသြဇာများ၊ မျိုးစပ်မျိုးစေ့များ အသုံးပြုခြင်းနှင့် ဆည်မြောင်းသွယ်တန်းခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုမှုနှင့် တရုတ်နိုင်ငံ၏ဆန်စပါးစိုက်ပျိုးနယ်မြေများသည် ကမ္ဘာ့နိုင်ငံများကြားတွင် အမြင့်ဆုံးဖြစ်နေသည့် တိုးတက်မှုများကို ထုတ်ပြန်ထားပြီးဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# အမျိုးသားရေးစရိုက်လက္ခဏာနှင့် ခေတ်မီခြင်း

| ခင်မောင်ညို (ဘောဂဗေဒ)|

၁၉ ရာစုနှစ်မှာ သတင်းစာတွေ ပေါ်ထွက်လာတော့ ပညာတတ်လူလတ်တန်းစားတွေက ဖတ်ရှုကြပြီး အမျိုးသားရေးစိတ်ဓာတ်တွေ ပေါ်ပေါက်လာရေးကို အကြီးအကျယ် အထောက်အကူပြုခဲ့ကြတယ်။

၂၀၁၇ ခုနှစ်လပိုင်း စာစရေးတဲ့ ဆောင်းပါးဟာပြန်မကိုင်နိုင်တာနဲ့ ၂၀၁၈ သုံးလပိုင်းထဲ ရောက်လာတယ်ဆိုတော့ နှစ်ဝက်လောက်ကြာသွားတယ်။ မူရင်းစာအုပ်ပြန်လိုက်ရှာရ၊ ကိုယ်ဘာသာပြန်ထားတာလိုက်ရှာရနဲ့ အတော်ခက်ခက်ခဲခဲကြိုးစားရတယ်။

အရင်ဆောင်းပါးမှာ "လူသားတွေဟာ ပြိုင်ဆိုင်ဖို့ ပူးပေါင်းကြရ၊ ပူးပေါင်းဖို့ပြိုင်ဆိုင်ကြရတယ်" ဆိုတဲ့ စကားနဲ့ပိတ်ထားခဲ့ပါတယ်။ ဆက်ကြစို့ . . .။

အမျိုးသားရေးဝါဒ (Nationalism) ကို ပြင်သစ်တော်လှန်ရေးကာလမှာပထမဆုံးဖော်ပြသုံးနှုန်းခဲ့တာကိုတွေ့ရပါတယ်။ အခြေခံသဘောတရားကတော့ နိုင်ငံတော်တစ်ခုရဲ့ နိုင်ငံရေးနယ်နိမိတ်ဟာယဉ်ကျေးမှုနယ်နိမိတ်နဲ့ ကိုက်ညီရမယ်ပေါ့။ ယဉ်ကျေးမှုနယ်နိမိတ်ကိုတော့ အခြေခံအားဖြင့် ဘာသာစကားနဲ့ ယဉ်ကျေးမှုတူညီမှုကိုဆိုလိုပါတယ်။

အမျိုးသားရေးစရိုက်လက္ခဏာအယူအဆမှာအဓိကအချက်ကလူတစ်ယောက်ရဲ့ အဇ္ဈတ္တပိုင်း၊ အတ္တပိုင်းနဲ့ ပတ်ဝန်းကျင်မှာ ကြုံတွေ့နေရတဲ့လုပ်ပုံလုပ်နည်းတွေ၊ လူမှုစံနှုန်းတွေဟာကွဲလွဲချက်ရှိနိုင်တယ်လို့ ယူဆချက်ပါ။ လူတစ်ယောက်ရဲ့ အတ္တဒါမှမဟုတ် အဇ္ဈတ္တဆိုတာက နိုင်ငံမျိုးနွယ်၊ တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ဘာသာတရား၊ ကျား-မနဲ့ လူ့အဖွဲ့အစည်းကို ချုပ်နှောင်ထားတဲ့ အချက်တွေအပေါ် မူတည်တယ်။

ဒဿနပညာရှင်များကတော့ စရိုက်လက္ခဏာတွေအတွက် ရုန်းကန်ရတာတွေဟာ အသိအမှတ်ပြုခံရဖို့ ကြိုးစားတာတွေဖြစ်လေတော့ နိုင်ငံရေးရုန်းကန်လှုပ်ရှားမှု ဖြစ်တယ်လို့ ဆိုတယ်။

လူသားတွေ (ဘောဂဗေဒပညာရှင်တွေကလွဲရင်) ဟာ ရုပ်ဝတ္ထုပစ္စည်းတွေလောက်နဲ့ပဲ ကျေနပ်နေတတ်ကြတာ မဟုတ်ဘူး။ သူတို့ရဲ့အစစ်အမှန်အတ္တကိုအများက အသိအမှတ်ပြုဖို့လိုလားကြတယ်။ ဂုဏ်သိက္ခာရှိရှိနဲ့ တန်းတူညီမျှမှုရှိတယ်လို့ တခြားသူတွေကအသိအမှတ်ပြုစေချင်ကြတယ်။ အလံတို့၊ ကုလသမဂ္ဂမှာနေရာတစ်နေရာတို့၊ တရားဝင်သတ်မှတ်တဲ့ အဆင့်အတန်းတို့ဆိုတာ အမျိုးသားရေးဝါဒီတွေအတွက် အရေးပါနေတာပေါ့။

အမျိုးသားရေးဝါဒနဲ့ပတ်သက်လို့ သဘောတရားနှစ်ခုရှိတယ်။ တစ်ခုကအမျိုးသားရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုဆက်စပ်ထားတယ်။ အရင်ခေတ်တွေတုန်းက (ခေတ်မမီခင်တုန်းက) စရိုက်လက္ခဏာတွေဟာ ပြဿနာမဟုတ်ဘူး။

စိုက်ပျိုးရေးလုပ်လာကြတော့ အမဲလိုက်သူလား၊ စိုက်ပျိုးသူလား စရိုက်လက္ခဏာတွေကွဲလာကြပြီ။ ကျား-မ၊ လယ်သမား၊ ဘုန်းကြီးနဲ့ စစ်သည်တော်၊ အစိုးရအရာရှိတွေဆိုပြီးစရိုက်လက္ခဏာတွေ ကွဲလာကြပြီ။ အလုပ်ခွဲခြားလုပ်ကိုင်တာကိုတင်းတင်းကျပ်ကျပ်ပြဋ္ဌာန်းသတ်မှတ်ထားလေတော့ စိုက်ပျိုးသူကစစ်သည်တော်တွေ၊ ဗျူရိုကရက်တွေ ဖြစ်မလာနိုင်ဘူး။ ကိုယ်ရောက်တဲ့ ပတ်ဝန်းကျင်ကိုပဲ လက်ခံကြရတယ်။ ရွေးချယ်ခွင့်မရှိဘူး။

အိန္ဒိယလိုနိုင်ငံမျိုးမှာကြတော့ ဇာတ်စနစ်ကပိုပြီးအရှိန်အဟုန်ကြီးမားတယ်။ ဘာသာရေးအရကန့်သတ်ချက်တွေကလည်းရှိနေပြန်သေးတယ်။ စိုက်ပျိုးရေးလုပ်တဲ့ လူ့အဖွဲ့အစည်းခေတ်တုန်းက ဘဝနဲ့ပတ်သက်လို့ အရေးပါတဲ့ ဘယ်မှာနေရမလဲ၊ ဘာလုပ်မလဲ၊ ဘယ်ဘာသာကို ကိုးကွယ်ရမလဲ၊ ဘယ်သူနဲ့ လက်ထပ်ရမလဲဆိုတာတွေဟာ ကိုယ့်ပတ်ဝန်းကျင်မှာရှိနေတဲ့ မျိုးနွယ်စု၊ ရွာ၊ ဇာတ်အပေါ် မူတည်တယ်။ ကိုယ့်ကိုယ်ကို ဘယ်သူလဲလို့ အချိန်ကုန်ခံစဉ်းစားနေစရာမလိုဘူး။

ဒါပေမယ့် ၁၆ ရာစုဥရောပရောက်တော့ အရင်းရှင်စနစ်ပေါ်ပေါက်လာတာနဲ့အတူ စတင်ပြောင်းလဲကုန်တယ်။ ပုံနှိပ်စက်ကို တီထွင်နိုင်လာတယ်။ စာအုပ်ဈေးကွက်ထွန်းကားလာတယ်။ စာရေးသားသတ်မှတ်ရတဲ့ စရိတ်စကသက်သာလာတယ်။ တိုင်းရင်းသားဘာသာစကားတွေနဲ့ စာအုပ်တွေထုတ်ဝေလာနိုင်ကြတယ်။

၁၆ ရာစုတုန်းကမာတင်လူသာကင်းဟာ လက်တင်ဘာသာနဲ့စာမရေး၊ ဂျာမန်ဘာသာနဲ့ ရေး သားရာက အရောင်းရဆုံး စာရေးဆရာတစ်ယောက်ဖြစ်လာတယ်။ သူဟာ ဘုံဂျာမန်ယဉ်ကျေးမှုစိတ်ဓာတ်တစ်ခု ဖန်တီးရာမှာ အဓိကနေရာက ပါဝင်ခဲ့တယ်။

မာတင်လူသာကင်းကသူ့ရဲ့စာဖတ်ပရိသတ်ကိုပြောပြတာရှိတယ်။ သူတို့ရဲ့လွတ်မြောက်မှုဟာ ရိုမန်ကက်သလစ်ကျောင်းတော်က ပြဋ္ဌာန်းထားတဲ့ သတ်မှတ်ချက်တွေကိုလိုက်နာတဲ့အပေါ် မူမတည်ပါဘူးတဲ့။ အဆောင်အယောင်တွေ၊ အခမ်းအနားတွေနဲ့မဆိုင်ဘူး။ ကိုယ့်ရဲ့အဇ္ဈတ္တက ယုံကြည်မှုနဲ့ပဲ သက်ဆိုင်ပါသတဲ့။ ကိုယ့်ရဲ့ရွေးချယ်မှုကြောင့် လူတွေဟာ လူ့အဖွဲ့အစည်းသစ်တွေနဲ့ ချိတ်ဆက်ပတ်သက်နိုင်ပါသတဲ့။

ဂျာမနီလိုပဲ ဖိလစ်ပိုင်မှာ ဟိုဆေးရီဇော် (ဂျိုဆေး- ရီဇော်လို့ မြန်မာမှာအသိများ) ဟာ ၁၉ ရာစုနှစ်က ကျွန်းပေါင်းခုနစ်ထောင်လောက်မှာ ပျံ့နှံ့နေတဲ့လူတွေအတွက် ဖိလစ်ပိုင်ရဲ့စရိုက်လက္ခဏာလို အများသဘောပေါက်လက်ခံလာအောင် ဖန်တီးပေးနိုင်ခဲ့တယ်။

၁၉ ရာစုနှစ်မှာသတင်းစာတွေ ပေါ်ထွက်လာတော့ ပညာတတ်လူလတ်တန်းစားတွေက ဖတ်ရှုကြပြီး အမျိုးသားရေးစိတ်ဓာတ်တွေပေါ်ပေါက်လာရေးကို အကြီးအကျယ်အထောက်အကူပြုခဲ့ကြတယ်။ စာဖတ်လာတဲ့အခါ ရွာလေးသေးသေးလေးထဲကျဉ်းကျဉ်းကျပ်ကျပ်နေရာကနေ တခြားထီးတည်းရပ်တည်နေကြတဲ့ ရွာလေးတွေနဲ့ ဆက်ဆံနိုင်ကြ၊ ဆက်သွယ်နိုင်ကြတယ်။ အင်တာနက်တွေ၊ ခေတ်မီသယ်ယူပို့ဆောင်ရေးတွေမပေါ်ပေါက်မီ ရှေးကတည်းက ပုံနှိပ်စာပေတွေဟာလူတွေကိုခရီးတွင်အောင်၊ ခရီးဝေးကိုရောက်အောင် ဆက်သွယ်ပို့ဆောင်ပေးနိုင်ကြတယ်။ ကိုယ်တိုင်သွားစရာမလိုဘဲ ခရီးပေါက်တယ်။

တချို့ပညာရှင်တွေကတော့ အမျိုးသားရေးဝါဒဟာ ကြီးမားသောလူမှုအပြောင်းအလဲတွေဖြစ်တဲ့အခါ ပေါ်ပေါက် လာတတ်သတဲ့။ ဥပမာ-၁၉ ရာစုတုန်းကစိုက်ပျိုးရေးကနေ စက်မှုလက်မှုကို ပြောင်းလဲတဲ့အချိန်မျိုးပေါ့။ စိုက်ပျိုးရေးလူ့အဖွဲ့အစည်းတုန်းကယဉ်ကျေးမှုဆိုတာတစ်ပုံစံတည်းမဟုတ်ဘူး။ လူတန်းစားအမျိုးမျိုးက ကျင့်သုံးတဲ့ဓလေ့ထုံးစံတွေ၊ ပြောဆိုတဲ့ဘာသာစကားတွေအမျိုးမျိုးကွဲပြားနေတယ်။ ရုရှားလူကုံထံတွေက ပြင်သစ်လိုပြောတယ်။ အက်စ်တိုးစနီးယားတို့ လတ်ဗီးယားကတရားရုံးမှာဂျာမန်လိုပြောတယ်။ ဘာသာစကားကွဲပြားမှုတွေဆိုတာက မင်းဆက်တွေ အနိုင်အရှုံးတွေအပေါ် မူတည်တယ်။ အလွှာတွေခွဲထားပြီး လူတန်းစားတစ်ခုထဲကို တခြားလူတန်းစားတွေဝင်မလာနိုင်အောင် ဟန့်တားဖို့လုပ်ထားတယ်။

စက်မှုလူ့အဖွဲ့အစည်းတစ်ခုဖြစ်ဖို့ဆိုတာက ကွဲပြားခြားနားတဲ့ လိုအပ်ချက်တွေရှိတယ်။ တိုးတက်ဖို့ဆိုတာ အလကားရတာမျိုးမဟုတ်ဘူး။ တန်ရာတန်ကြေးပေးရတယ်။ အဆုံးအစမရှိတဲ့ တီထွင်မှုတွေလုပ်ရတယ်။ အလုပ်အကိုင်အရွေ့အပြောင်းတွေ မရပ်မနားပေါ်ပေါက်လာရတယ်။ တစ်သက်တာမှာအပြောင်းအလဲတွေကြုံရတယ်။ အလုပ်တွေ ပြောင်းရတယ်။ ဆက်ဆံတဲ့လူတွေ ပြောင်းရတယ်။ တခြားရာထူးရှိတဲ့သူတွေ၊ အလုပ်အကိုင်ရှိတဲ့သူတွေနဲ့လည်း ဆက်ဆံရတယ်။ တစ်ဘက်နဲ့တစ်ဘက်၊ တစ်ယောက်နဲ့တစ်ယောက် လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာ တိတိကျကျ ပြောဆို ရေးသားဆက်သွယ်နိုင်ရတယ်။

ပညာရှင်တွေက ခေတ်မီလူ့အဖွဲ့အစည်းတစ်ခုဆိုတာ စာတတ်တယ်။ အလုပ်တစ်ခုကတစ်ခု၊ တစ်နေရာကတစ်နေရာ၊ အောက်ကနေအထက် ရွှေ့နိုင်ပြောင်းနိုင်တယ်။ တန်းတူညီမျှရွှေ့ပြောင်းခွင့်ရှိတယ်။ မညီမျှမှုအစား ညီမျှမှု ဝင်ရောက်အစားထိုးတယ်။ စာတတ်မြောက်လာ၊ ကျောင်းတက်လာရင်းနဲ့မျှဝေတဲ့ ပေါင်းစည်းတဲ့ ယဉ်ကျေးမှုတွေ ဖြစ်လာတယ်။ စာတတ်မြောက်သူနည်းနည်းသာရှိ၊ သေးသေးကျဉ်းကျဉ်းလေးကို ဖောက်ချလုပ်တတ်၊ အထက်အောက်ပုံသေ ဆက်ဆံတဲ့ သမားရိုးကျလူ့အဖွဲ့အစည်းမျိုး မဟုတ်ဘူး။ ယဉ်ကျေးမှုတွေ၊ စံချိန်စံနှုန်းတွေ ပြန့်ကျဲလာတယ်။ အဟောင်းတွေနဲ့လမ်းခွဲလာကြတယ်။

အလုပ်အကိုင်ခွဲဝေလုပ်ကိုင်မှု ဖြန့်ကြက်လာအောင် စက်မှုတည်ထောင်မှုလုပ်ငန်းစဉ်တွေကဖန်တီးပေးရာကတစ်ဆင့် အခုခေတ်အမျိုးသားရေးဝါဒအတွက်လည်း ခင်းကျင်းပေးလိုက်ရာရောက်သွားတယ်။ ဘာသာစကားကိုအခြေခံတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေဟာလူမှုစုစည်းမှုရအောင် အဓိကရေးရာကဖန်တီးပေးလာတယ်။

ပြင်သစ်နိုင်ငံကိုကြည့်ရင် စီးပွားရေး ခေတ်မီလာတာကြောင့် ဘာသာစကားပေါင်းစည်းဖို့ မက်လုံးပေးလိုက်သလိုဖြစ်သွားစေတယ်။ ၁၈၆၀ ပြည့်လွန်နှစ်တွေတုန်းက ပြင်သစ် လေးပုံ တစ်ပုံလောက်ဟာပြင်သစ်လိုမပြောတတ်ကြဘူး။ တခြား လေးပုံတစ်ပုံရဲ့ ဒုတိယသုံးတဲ့ ဘာသာစကားက ပြင်သစ်ဘာသာဖြစ်တယ်။

**ညွှန်း** **Francis Fukuyama- National Identity and Modernization**

စာမျက်နှာ (၁၇) စီးပွားရေးလုပ်ငန်းရှင် ကျင့်ဝတ်များ ...... မှအဆက်

ထို့အပြင် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော၊ ကတိကဝတ်၊ စည်းကမ်းချက်များအတိုင်း၊ ကြော်ငြာထားသည့်အတိုင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အောက်ပါကြော်ငြာအမျိုးအစားများကိုလည်း ကြော်ငြာခြင်းမပြုရန် တားမြစ်ထားပါသည်-

(က) ကုန်စည်၏ အရည်အသွေး၊ အရေအတွက်၊ ပါဝင်ပစ္စည်း၊ အသုံးပြုပုံ၊ ဈေးနှုန်း၊ဝန်ဆောင်မှုနှုန်းထား၊ ကုန်စည်၊ ဝန်ဆောင်မှုပေးအပ်နိုင်သည့် အချိန်တို့နှင့်စပ်လျဉ်း၍ စားသုံးသူများအား လိမ်လည်ထားသောကြော်ငြာများ

(ခ) ကုန်စည်/ဝန်ဆောင်မှု၏ အာမခံပေးထားမှုအပေါ် လိမ်လည်ထားသောကြော်ငြာများ။

(ဂ) ကုန်စည်၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မဟုတ်မမှန်သော သတင်းအချက်အလက်များ ပါဝင်သည့်ကြော်ငြာများ။

(ဃ) ကုန်စည်/ ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြင့် အန္တရာယ်ရှိမှုအား အသိပေးခြင်းမရှိသောကြော်ငြာများ။

(င) သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိဘဲ တစ်စုံတစ်ဦး၊ အဖြစ်အပျက်တစ်ခုအပေါ် အသုံးပြုထားသော ကြော်ငြာများ။

(စ) ဥပဒေပြဋ္ဌာန်းချက်များ၊ လူမှုကျင့်ဝတ်များကို ဖောက်ဖျက်သည့် ကြော်ငြာများ။

အထက်ပါတားမြစ်ထားသော ကြော်ငြာအမျိုးအစားများကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို စီးပွားရေးလုပ်ငန်းရှင်၊ ကြော်ငြာလုပ်ငန်းဆောင်ရွက်သူတို့မှ တာဝန်ယူရမည်ဖြစ်ပါသည်။ ကုန်စည်/ဝန်ဆောင်မှုများကို ရောင်းချရန်ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းများ ပြုလုပ်ရာတွင်လည်း ကြော်ငြာထားသောပမာဏအရေအတွက်အတိုင်း ရောင်းချမှုမပြုခြင်း၊ ဆုကြေး/အခမဲ့ဝန်ဆောင်မှု အမှန်တကယ်ပေးအပ်နိုင်မှုမရှိခြင်း၊ စားသုံးသူ၏ရုပ်ပိုင်း၊ စိတ်ပိုင်းအနှောင့်အယှက်ဖြစ်စေခြင်းများ မဆောင်ရွက်ကြရန်လည်း တားမြစ်ထားပါသည်။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄) ပါသတ်မှတ်တားမြစ်ထားသည့်အချက်များသည် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် စားသုံးသူကာကွယ်ရေးလုပ်ထုံးလုပ်နည်း၊ ဥပဒေပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ မိမိနိုင်ငံနှင့်ကိုက်ညီအောင် စီစဉ်ရေးဆွဲပြဋ္ဌာန်းချက်များကြောင့် မြန်မာနိုင်ငံရှိ စားသုံးသူများ၊ စားသုံးသူအခွင့်အရေးများအပြည့်အဝရရှိလာမည်ဖြစ်သည်။ စားသုံးသူများအနေဖြင့် ကောင်းမွန်၍နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ထားသော လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ရွေးချယ်သုံးစွဲလာနိုင်ပြီး ထိုပစ္စည်းများကို ထုတ်လုပ်သော၊ တင်သွင်းသောလုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ တားမြစ်ချက်များ၊ ကျင့်ဝတ်များကိုလိုက်နာဆောင်ရွက်ခြင်းဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ဈေးကွက်၌ယှဉ်ပြိုင်နိုင်ကာ ဈေးကွက်ဝေစုများများရရှိလာနိုင်ပြီး စီးပွားရေး တိုးတက်အောင်မြင်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပေသည်။

သို့ပါ၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများရခဲလှသောလူ့ဘဝကို သက်တမ်းစေ့နေထိုင်သွား နိုင်ရေး၊ အနာရောဂါကင်းရှင်းရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄) ပါ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်နှင့် တားမြစ်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် ကူညီပေးပါရန်နှင့် စားသုံးသူများအား မေတ္တာစေတနာအပြည့်ထား၍ လုပ်ငန်းဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းအပ်ပါသည်။

# ဗီယက်နမ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးမြှင့်တင်ရန် အီးကောမတ်စ်လိုအပ်

ကမ္ဘာပေါ်တွင် အီးကောမတ်စ် အလျင်အမြန်ဆုံး ထွန်းကားခဲ့သော နိုင်ငံများတွင် ဗီယက်နမ်နိုင်ငံလည်း ပါဝင်ခဲ့ကြောင်းနှင့် ဗီယက်နမ်အီးကောမတ်စ်ဈေးကွက်သည် တစ်နှစ်ကို ၃၅ ရာခိုင်နှုန်းတိုးတက်လျက်ရှိရာ ဂျပန်နိုင်ငံထက်နှစ်ဆခွဲပိုမိုလျင်မြန်ကြောင်း စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်၏ အီးကောမတ်စ် ဈေးကွက်သည် ၂၀၁၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံအထိရောက်ရှိလာလိမ့်မည်ဟု ကာလီဖိုးနီးယားအခြေစိုက်စီးပွားရေး အတိုင်ပင်ခံ လုပ်ငန်း ဖရော့စ်နှင့် ဆူလီဗန်က ခန့်မှန်းထားသည်။

ပြည်တွင်းအီးကောမတ်စ်ဈေးကွက်တွင်ဖြစ်ပျက်နေသော အခြေအနေများက ဗီယက်နမ်နိုင်ငံ၏ဆွဲဆောင်နိုင်မှုအခြေအနေကို ဖော်ပြနေပြီး ကမ္ဘာပေါ်ရှိအီးကောမတ်စ်လုပ်ငန်းကြီးများဖြစ်သော အလီဘာဘာဂရု၊ ဂျေဒီဒေါ့ကွန်းနှင့် တင်းဆင့် (Tencent) တို့သည် ဗီယက်နမ်နိုင်ငံတွင် အပြေးအလွှား ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ အလားတူ ပြည်တွင်းမှ ဩဇာကြီးမားသော အုပ်စုများဖြစ်သည့် FPT နှင့် Vingroup တို့ကလည်း အီးကောမတ်စ် ဝက်ဘ်ဆိုက်များတွင် အများအပြား ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း သိရသည်။

ထိုမျှသာမက နယ်စပ်ဖြတ်ကျော်၍ ဆောင်ရွက်မှုမှာလည်း ကမ္ဘာ့နိုင်ငံများတွင် ရေပန်းစားလျက်ရှိရာ လူငယ်လူရွယ်ဦးရေများပြားခြင်း၊ အင်တာနာအသုံးပြုသူကြီးထွားနှုန်း မြင့်မားခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု တည်ငြိမ်စွာမြင့်မားခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံသည်လည်း ထိုအထဲတွင် ပါဝင်ခဲ့သည်။

ထိုသို့တိုးတက်လျက်ရှိနေသော်လည်း အီးကောမတ်စ်ထောက်ပံ့ ပို့ဆောင်ရေးလုပ်ငန်းသည် ယခုမှဖွံ့ဖြိုးစအခြေအနေမှာပင် ရှိနေသေးသောကြောင့် အီးကောမတ်စ်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးဘဲ သယ်ယူပို့ဆောင်ရေးစနစ်နှင့် သယ်ယူပို့ဆောင်ရေးပတ်ဝန်းကျင်ကို အခက်အခဲများ ဖြစ်ပေါ်စေခဲ့ကြောင်း အီးကောမတ်စ် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများနှင့် အီးကောမတ်စ်ကုမ္ပဏီများက ပြောသည်။

ဗီယက်နမ်၏အီးကောမတ်စ်ဈေးကွက်သည် ခန့်မှန်းထားသည့်အတိုင်း ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံအထိ တိုးတက်လာချိန်တွင် အီးကောမတ်စ် ထောက်ပံ့ပို့ဆောင်ရေး ဖွံ့ဖြိုးမှု အားနည်းချက်ကို မဖြေရှင်းနိုင်ပါက သယ်ယူပို့ဆောင်ရေးစနစ်နှင့် ပတ်ဝန်းကျင်ကို ဒုက္ခပေးလာနိုင်သည်ဟုဆိုသည်။

■

# ကုန်ထုတ်လုပ်မှုစွမ်းအားကိုထိန်းသိမ်းရန် နိုင်ငံခြားသားလုပ်သားမူဝါဒကို စင်ကာပူပြန်သုံးသပ်ရန်လို

လာမည့်နှစ်များတွင် စင်ကာပူနိုင်ငံ၏ နိုင်ငံခြားသား လုပ်သားမူဝါဒကိုပြန်လည်သုံးသပ်ရန်လိုကြောင်းနှင့် တစ်ချိန်တည်းမှာပင် စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအတွက် နိုင်ငံခြားလုပ်သားများဝင်ရောက်မှုကို 'ကောင်းစွာချိန်သားကိုက်ညှိ' ထားရန်လိုကြောင်း စင်ကာပူဘဏ္ဍာရေးဝန်ကြီး ဟန်ဆွီးကိတ်၏ ပြောကြားချက်ကို တူဒေးအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

"ကုန်ထုတ်လုပ်မှုတိုးတက်ရေးက အချက်အချာကျပါတယ်။ အလားတူလုပ်ငန်းလွယ်ကူအောင် အလိုအလျောက်စက်များကို အသုံးပြုနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံရေးကလည်း ကျွန်တော်တို့အနာဂတ်အတွက် အရေးပါလာတော့မယ်။ ဒါကြောင့် နိုင်ငံခြားသားလုပ်သားဝင်ရောက်မှုကို ချိန်သားကိုက်ညီအောင်ထိန်းထားဖို့ လိုပါမယ်။ ပြောင်းလဲမှုတွေကို အဆောတလျင် မလုပ်သင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်သမားတွေကို ဈေးသက်သက်သာသာရရင် စက်တွေအတွက် ဘာဖြစ်လို့ ရင်းနှီးမြှုပ်နှံတော့မှာလဲ" ဟု ဧပြီ ၁၈ ရက်က ဘဏ္ဍာရေး အဆောက်အအုံတွင် မီဒီယာများနှင့် တွေ့ဆုံစဉ် မစ္စတာဟင်းကပြောသည်။

အနာဂတ်အတွက် ကျွမ်းကျင်မှု များဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်ထုတ်လုပ်မှုက ဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရန် တာဝန်ပေးထားသည့် အနာဂတ် စီးပွားရေးကောင်စီ၏ ခေါင်းဆောင်မစ္စတာဟင်းသည် ကောင်စီ၏ကြိုးပမ်းမှုနောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြရန် တွေ့ဆုံပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။



လူဦးရေတိုးပွားမှုကျဆင်းနေချိန်တွင် စင်ကာပူ၏တင်းကျပ်သော လူဝင်မှုကြီးကြပ်ရေးမူဝါဒများကို ပြန်လည်စဉ်းစားရန် သင့်မသင့် မီဒီယာသမားများက မေးမြန်းမှုကို "နိုင်ငံခြားသား လုပ်သားအင်အားမူဝါဒကို ကျွန်တော်တို့ ပြန်လည် သုံးသပ်ဖို့လိုပါသလား။ လာမယ့်နှစ်တွေမှာ ဒီလိုဆောင်ရွက်ဖို့လိုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဒါပေမယ့် မကြာမီကာလတစ်ချိန်ချိန်မှာ ပြောင်းလဲမှုတွေလုပ်မယ်လို့တော့ မပြောလိုပါဘူး။ ဒီလိုလုပ်လိုက်ရင် ကုန်ထုတ်လုပ်မှု မြှင့်တင်ပေးတဲ့စွမ်းအားတွေ ကျဆင်းနိုင်ပါတယ်။ ကျွန်တော်တို့ဒီတွန်းအားကို ထိန်းထားဖို့လိုပါတယ်" ဟု ဝန်ကြီးကပြောခဲ့သည်။

စင်ကာပူငွေကြေးအာဏာပိုင် အဖွဲ့ အကြီးအကဲရာဗီမိန္ဒန်သည် ဇန်နဝါရီက မိန့်ခွန်းပြောကြားရာ၌ နိုင်ငံခြားလုပ်သားကိစ္စကို အလေးပေး၍ ပြောကြားခဲ့သည်။ ယင်းကိစ္စမှာလည်း စင်ကာပူနိုင်ငံသားများအကြား အလွန်အန္တရာယ်များသော ပြဿနာတစ်ခုဖြစ်နေသည်။ မွေးဖွားနှုန်းနှင့် အလုပ်သမားအင်အားစုတွင် ပါဝင်မှုနှုန်းကို မြှင့်တင်ရာ၌ အကန့်အသတ်များရှိနေသည့်အတွက် နိုင်ငံခြားလုပ်သားများဆိုင်ရာ ပြဿနာကို ပြန်လည် ပြင်ဆင်သုံးသပ်ရန် ဗဟိုဘဏ်အကြီးအကဲက အစီအစဉ်တစ်ရပ်ကို ချမှတ်ရန် ဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံတွင် အသက် ၆၅ နှစ်နှင့်အထက်ရှိသော လူဦးရေသည် အသက် ၁၅ နှစ်အောက်ရှိ လူဦးရေနှင့် ပထမအကြိမ်အဖြစ် ကိုက်ညီမှုရှိသည် ကို တွေ့ရသည်။ သို့ဖြစ်ရာ ယခုနှစ်တွင် စင်ကာပူ၏ လူဦးရေချိန်ကိုက်ဗုံးပေါက် ကွဲလာနိုင်ဖွယ်ရှိကြောင်း UOB ဘဏ် ၏ အစီရင်ခံစာထွက်ပေါ်ပြီးနောက် ပိုင်း ဒီဇင်ဘာတွင် စီးပွားရေးပညာရှင်များက အစိုးရ၏တင်းကျပ်သော လူဝင်မှုကြီးကြပ်ရေးမူဝါဒကို သုံးသပ်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

# ဖိလစ်ပိုင်နိုင်ငံ၌ သကြားပါသောအချိုရည်များ ရောင်းချမှုဖေဖော်ဝါရီတွင် ထပ်မံကျဆင်း

ယစ်မျိုးခွန်များ တိုးမြှင့်ကောက်ခံမှုကြောင့် ပထမအကြိမ်အဖြစ် ဈေးနှုန်းများမြင့်တက်လာသည့်အတွက် စူပါမားကက်များနှင့် စတိုးဆိုင်ကလေးများ၌ သကြားပါသော အဖျော်ယမကာများ ရောင်းချမှုသည် ဖေဖော်ဝါရီတွင် ထပ်မံကျဆင်းခဲ့ကြောင်း ဖိလစ်ပိုင်စတားသတင်းတွင်ဖော်ပြထားသည်။

ကျန်းမာရေးအတွက် အထောက်အကူဖြစ်သော အစားအစာများကို ရွေးချယ်သုံးစွဲမှုများပြားလာသဖြင့် ယခင်နှစ်က သကြားပါသော အဖျော်ယမကာများရောင်းချမှု ကျဆင်းခဲ့ပြီးနောက် ယစ်မျိုးခွန်သစ်စတင်ကောက်ခံပြီးနောက် တစ်လအကြာ ယခုနှစ် ဖေဖော်ဝါရီတွင် ကျဆင်းမှုအရှိန်ပိုမို မြင့်တက်လာကြောင်း ကမ္ဘာ့ကိန်းဂဏန်းအချက်အလက်လေ့လာဆန်းစစ်ရေး ကုမ္ပဏီ နီလ်ဆင်မှ နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

သကြားပါသော အဖျော်ယမကာငါးမျိုး၏အရောင်းကျဆင်းမှုမှာ ဖေဖော်ဝါရီတွင် ပျမ်းမျှ ၈ ဒသမ ၇ ရာခိုင်နှုန်းရှိသောကြောင့် ယခင်နှစ် ကာလတူထက် ပျမ်းမျှကျဆင်းနှုန်း ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းမှုထက် ပိုမိုခဲ့ကြောင်း နီးလ်ဆင်လက်လီအညွှန်း ကိန်းပါ အချက်အလက်များအရ သိရသည်။

အချိုရည်အမှုန့်နှင့် လက်ဖက်ရည်အမှုန့်တို့၏ ကျဆင်းမှုမှာ ၁၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၁၈ ဒသမ ၁ ရာခိုင်နှုန်းအသီးသီးရှိနေပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီတွင်လည်း ၎င်းနှုန်းဖြင့်ဆက်လက်ကျဆင်းနေခြင်းဖြစ်သည်။

စတိုးဆိုင်များတွင် ကာဗိုနိတ်ဓာတ်ငွေ့ပါဝင်သော အချိုရည်နှင့်အားဖြည့်အချိုရည်တို့၏ ရောင်းချမှုကျဆင်းနှုန်းမှာ လျင်မြန်နေပြီး ခုနစ်ရာခိုင်နှုန်းနှင့် ၇ ဒသမ ၉ ရာခိုင်နှုန်းအသီးသီးရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် စူပါမားကက်များ၌ လက်ဖက်ရည်အမှုန့်၊ အချိုရည်အမှုန့်နှင့် ကာဗွန်ဓာတ်ငွေ့ပါသော အချိုရည်နှင့် အသင့်သောက် လက်ဖက်ရည်တို့၏ ရောင်းချမှုမှာ ဖေဖော်ဝါရီတွင် ကျဆင်းမှု လျင်မြန်ပြီး ဆယ်ဂဏန်းအထိရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

■

# တရုတ်အီးကောမတ်စ်လုပ်ငန်း အလီဘာဘာက ထိုင်းနိုင်ငံတွင် စီမံကိန်းများချမှတ်

လျင်မြန်စွာကြီးထွားလျက်ရှိသော ထိုင်းနိုင်ငံ၌ အွန်လိုင်းလက်လီ ရောင်းချရေးလုပ်ငန်းများ အချင်းချင်း ယှဉ်ပြိုင်မှုပြင်းထန်လျက်ရှိသဖြင့် တရုတ်အီးကောမတ်စ်လုပ်ငန်းကြီးဖြစ်သော အလီဘာဘာက ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် သဘောတူခဲ့ကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

အလီဘာဘာကို တည်ထောင်သူ ဂျက်မာသည် ထိုင်းဝန်ကြီးချုပ်ပရာယု ချန်အိုချာနှင့် ဧပြီ ၁၉ ရက်က တွေ့ဆုံပြီးနောက် သဘောတူစာချုပ်အများ အပြားကို လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ သဘောတူစာချုပ်များတွင် ထိုင်း၊ တရုတ်၊ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ ၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor) ၌ ဒေတ်မီဒစ်ဂျစ် တယ်ဗဟိုဌာန (Smart Digital Hub) တည်ဆောက်ရာတွင် အကူအညီပေးရေးတို့လည်း ပါဝင်ခဲ့သည်။

အလီဘာဘာ၏ ပါဝင်ပတ်သက်မှုများ မြင့်မားလာခြင်းက ထိုင်းနိုင်ငံကို အကျိုးမဖြစ်ထွန်းစေဘဲ တရုတ်၏ဩဇာအာဏာကြီးထွားမှုကို တိုးတက်စေမည်လားဟူသည့် စိုးရိမ်ပူပန်မှုများကို ဂျက်မာနှင့် ပရာယုတို့နှစ်ဦးစလုံးက ဖြေဖျောက်ပေးခဲ့သည်။ တရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေး ကွင်းဆက်များ ချိတ်ဆက်ရာတွင် တရုတ်အစိုးရက ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လျက်ရှိသဖြင့် ဒေသတွင်း၌ စိုးရိမ်မှုများ ကြီးထွားလျက်ရှိသည်။

"ကျွန်တော်တို့က ထိုင်းနိုင်ငံကို သိမ်းပိုက်မှာလား။ အလုပ်အကိုင်တွေကို ဆွဲယူသွားမှာလား။ ဒီကိစ္စကို ကျွန်တော်တို့စိတ်မဝင်စားပါဘူး။ ထိုင်းနိုင်ငံရှိ စွန့်ဦးတီထွင်သူတွေနဲ့ မိတ်ဖက်တွေကို ကူညီဖို့ပဲ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်"ဟု ဂျက်မာက ပြောသည်။

ယခုတည်ထောင်မည့် ဗဟိုဌာနကို လာမည့်နှစ်တွင် အပြီးတည်ဆောက်ပြီး အလီဘာဘာအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဉာဏ်တင်စုစည်းတင်ပြသည်



# CB BANK

# International Trade Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)


Call Centre : (+951) 231 7770

Hotline :

(+951) 378 644 - Trade (Import/ Export)

(+951) 378 643 - Outward Remittance

(+951) 378 645 - Inward Remittance

www.cbbank.com.mm

CBBankmyanmar

trade.dept@cbbank.com.mm

YANMAR

# MARINE DIESEL ENGINE

Solutioneering Together

**IMO TierII Compliant** | **Mechanical Engine Control**





## 6AYM-WET
M-rating 610kW [ 829mhp ] / H-rating 555kW [ 755mhp ]

## 6AYM-WST
H-rating 485kW [ 659mhp ]

***(BRAND NEW )YANMAR MARINE ENGINE :*** **Yanmar 6AYM Series Marine Diesel Engine (659 – 911hp)**

- **Low Fuel & Low Emissions**
- **Excellent Durability and Reliablity**
- **High Torque Characteristic**
- **Easy to Maintain**

## ***NETWORK POWER SOLUTIONS FOR TELECOM INDUSTRY***



***(BRAND NEW) YANMAR DIESEL GENERATOR***
***SUPER SILENT TYPE : 20/30 KVA***
***(55 dBA@ 7mtrs )***

**Authorized Sole Distributor:**


***1.) WATANA TRADING LTD*** ***2. ) WATANA Energy & Power Solutions Co.,Ltd***

**Address: No. 59(A), Shwe Hintha Street, 6 ½ Miles, Pyay Road, Hlaing Township, 11051, Yangon, Myanmar.**

**Ph: (+95-1) 526130, 524235, Fax: (+95-1) 524227 Email: wwtnnp@gmail.com / wwtnmya@gmail.com**

**Website: www.watana.biz**

COMMERCE INTERNATIONAL



# အမေရိကန်နှင့် ကုန်သွယ်ရေးတင်းမာမှုကြောင့် တရုတ်နိုင်ငံက ချစ်ပ်ထုတ်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးကို အရှိန်မြှင့်

အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးဆက်ဆံမှု တင်းမာလာခြင်းနှင့် တရုတ်ဖုန်းထုတ်လုပ်ရေးလုပ်ငန်း ZTE သို့ ချစ်ပ်များရောင်းချမှုကို အမေရိကန်က ပိတ်ပင်ခြင်းတို့ကြောင့် တရုတ်နိုင်ငံတွင်း၌ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ ဈေးကွက်တည်ထောင်မည့် စီမံကိန်းများကို အရှိန်မြှင့်တင်ရန် တရုတ်နိုင်ငံက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တရုတ်အစိုးရ အဆင့်မြင့်အရာရှိကြီးများသည် စက်မှုကဏ္ဍအတွက် ချမှတ်ထားပြီးဖြစ်သော ဤစီမံကိန်းများကို အရှိန် မြှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအတွင်းရှိ အဖွဲ့အစည်းများ၊ ကြီးကြပ်ရေးအဖွဲ့များနှင့် နိုင်ငံအတွင်းရှိ ချစ်ပ်ထုတ်လုပ်ရေး ရန်ပုံငွေအဖွဲ့များနှင့် ယခုရက်သတ္တပတ်အတွင်းက ဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း ယင်းကဏ္ဍနှင့် တိုက်ရိုက် နီးစပ်သူနှစ်ဦးက ရိုက်တာသတင်းဌာနကို ပြောသည်။

ဆွေးနွေးပွဲများတွင် ကမ္ဘာ့နာမည်ကြီးများဖြစ်သော Qualcomm Inc ကုမ္ပဏီနှင့် Intel Corp ကော်ပိုရေးရှင်းတို့ထံမှ ဝယ်ယူတင်သွင်းသော ချစ်ပ်များအပေါ်တွင် တရုတ်တို့က မှီခိုနေရသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

"လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းက တရုတ်အရာရှိတွေ တွေ့ဆုံကြပြီး ချစ်ပ်ထုတ်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်ပေးနိုင်မယ့် အစီအစဉ်တွေကို ဆွေးနွေးခဲ့ကြ ပါတယ်"ဟု ဆွေးနွေးပွဲအကြောင်း သိရှိထားသော အမည်မဖော်လိုသူ အတွင်းသိတစ်ဦးကပြောသည်။

နိုင်ငံခြား နည်းပညာ ကုမ္ပဏီများအား မှီခိုနေရသည်ကို လျှော့ချရန်နှင့် ကိုယ်ပိုင် ပြည်တွင်းထုတ်လုပ်မှုကို ဖန်တီးနိုင်ရန်အတွက် တရုတ်နိုင်ငံသည် "Made in China 2025" ဟူသော မဟာဗျူဟာကိုချမှတ်ကာ တစ်ပိုင်းလျှပ်ကူး ပစ္စည်းဈေးကွက်ကို အဓိကဦးစားပေးအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

တရုတ်နိုင်ငံမှ ZTE ကော်ပိုရေးရှင်းသည် အမေရိကန်မှ ထုတ်လုပ်သော ချစ်ပ်များကို အသုံးပြု၍ စမတ်ဖုန်းများကို ထုတ်လုပ်လျက်ရှိရာ ချစ်ပ်များအပါအဝင် အမေရိကန်မှထုတ်လုပ်သော ပစ္စည်းများအား တရုတ်နိုင်ငံသို့ ရောင်းချမှုကို အမေရိကန်ပြည်ထောင်စုက ပိတ်ပင်လိုက်သောအခါ တရုတ်အစိုးရ၏ ရည်မှန်းချက် အကောင်အထည်ဖော်ရေးမှာ ပိုမိုအရေးကြီးလာခဲ့သည်။

မကြာသေးမီက ဖြစ်ပွားသော ကုန်သွယ်ရေး တင်းမာမှုများကြောင့် တရုတ်အကြီးတန်းအရာရှိများသည် အဓိကကျသော ဝန်ကြီးဌာနများနှင့်အတူ အမျိုးသား ပေါင်းစည်းလျှပ်စီးပတ်လမ်း ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (National Integrated Circuitry Investment Fund ) တို့နှင့် ယခုရက်သတ္တပတ်အတွင်းက တွေ့ဆုံကာ စီမံကိန်းများ အရှိန်မြှင့်တင်ရေးကို ဆွေးနွေးခဲ့သည်။

ချစ်ပ်များကို လက်နက်သဖွယ် အသုံးပြုသည်ကို တရုတ်နိုင်ငံက ခွင့်ပြုမည်မဟုတ်ကြောင်း၊ နိုင်ငံခြားဖြစ်ချစ်ပ်များနေရာတွင် ပြည်တွင်းဖြစ်များဖြင့် တရုတ်နိုင်ငံက အစားထိုး သွားနိုင်မည် ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံက ယင်းကဲ့သို့သော ဆုံးဖြတ်ချက်များချနိုင်အောင် ထရမ့်အစိုးရကငင်းတို့အား ကူပေးလိုက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ၏ Global Times သတင်းတွင် ဖော်ပြထားသည်။

## တရုတ်နိုင်ငံမှ ဝင်ရောက်လာသော အာလူးအတုများကို ကာကွယ်ရန် ဗီယက်နမ်က ကုန်အမှတ်တံဆိပ်ဖော်ထုတ်

ဗီယက်နမ် နိုင်ငံ ဒါးလက်ဒေသရှိ အာလူးတောင်သူများနှင့် စီးပွားရေးလုပ်ငန်းများအား အကူအညီပေးရန် ရှေ့ပြေးစမ်းသပ်မှုအဖြစ် ဒါးလက်ပြည်နယ်က ဗီယက်နမ်ဒေါင် တစ်ဘီလီယံ(အမေရိကန်ဒေါ်လာ၄၄၀၀၀) နီးပါး အသုံးပြုလျက် ထုပ်ပိုးပစ္စည်း ၂၀၀၀၀၀ ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။

အာလူးတန်ချိန် ၇၀၀ နီးပါးကို နှစ်ကီလိုမှ ငါးကီလိုအထိရှိသောအထုပ်များအဖြစ် ထုပ်ပိုးပေးသွားမည်ဖြစ်သည်။ အထုပ်များတွင် ဒါးလက် ပြည်နယ်၏ အမှတ်တံဆိပ်လိုဂိုကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ဒီဇိုင်းများကို တုပ၍မရအောင် ရေးဆွဲသွားမည်ဖြစ်သည်။ဤသို့ ဆောင်ရွက်ခြင်းဖြင့် အာလူး အမျိုးအစားနှစ်ခု၏ ကွဲပြားခြားနားချက်ကို ဝယ်ယူသူတို့က သိရှိနိုင်မည်ဖြစ်သည်။

ကုန်သည်များသည် တရုတ်နိုင်ငံမှဈေးချိုသော အာလူးများကို တင်သွင်း၍ မြေနီမှုန့်များသုတ်ကာ တန်ဖိုးအားဖြင့် လေးဆမှ ငါးဆကြီးပြီး တရုတ်အာလူးများထက် အရည်အသွေးပိုကောင်းသော ဒါးလက်အာလူးအဖြစ် မကြာခဏ ရောင်းချလေ့ရှိသည်။

ဒါးလက်အာလူးထုတ်လုပ်မှုက အတော်အတန် များပြားသော်လည်း မိုးရာသီတွင် ရောင်းလိုအား ကျဆင်းသည့်အတွက် အချို့သောကုန်သည်များက တရုတ်နိုင်ငံမှ အာလူးများကိုတင်သွင်းကာ ဒါးလက်အာလူးအဖြစ် ရောင်းချသည်။ သယ်ယူပို့ဆောင်ရေး၊ စစ်ဆေးရေးနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်စဉ်ကာလတွင် ဒါးလက်အာလူးအတုများကို တရုတ်အာလူးများအဖြစ် စစ်ဆေးခြင်းကိုခံယူသည်။

ဒါးလက်အာလူး အတုများကို သေသေချာချာ မစစ်ဆေးပါက အတုဖြစ်ကြောင်းခွဲခြားရန် ခက်ခဲသဖြင့် အခြားပြည်နယ်များနှင့် ဒါးလက်မှ ဖောက်သည်များသည် အတုကို ဝယ်မိတတ်ကြသည်။ အတုပေါ်တတ်သဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဒါးလက်အာလူးကို လူများက မသုံးဘဲနေလိမ့်မည်ဟု ယုံကြည် ကြသည့်အတွက် ကုန်အမှတ်တံဆိပ် ဖော်ထုတ်ရေး အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ထား ကြောင်း အာလူးတောင်သူ ထရန်ဟူးသိုကပြောသည်။ ဤအစီအစဉ်ကို အောင် မြင်စွာ အကောင်အထည်ဖော်နိုင်ပြီဆိုပါက တရုတ်အာလူးကို ဒါးလက်အာလူးအဖြစ် ရောင်းချသူတို့အား လိမ်လည်မှုဖြင့် တရားစွဲဆိုသွားနိုင်မည်ဖြစ်သည်။



# တောင်ကိုရီးယားပို့ကုန် ဇွန်တွင်ကျဆင်းမည်ဟု ခန့်မှန်း

အဓိက ကုန်သွယ်ဖက်များ၏ ကိုယ်ကျိုးစီးပွားကာကွယ်မှုမြင့်တက်လာခြင်းနှင့် ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်တွင် မရေရာမှုများ မြင့်တက်လျက်ရှိနေသော်လည်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို ထိန်းသိမ်း၍ ပို့ကုန်များကို မြှင့်တင်သွားရန် ထိရောက်သော အစီအမံများကို ချမှတ်သွားမည်ဖြစ်ကြောင်း ဇွန် ၁၉ ရက်က အစိုးရ၏ ပြောကြားချက်ကို ကိုရီးယား ဟာရယ်သတင်းတွင် ဖော်ပြသည်။

သင်္ဘောများ၊ မော်တော်ယာဉ်များနှင့် စက်အစိတ်အပိုင်းများ၏ ဝယ်လိုအား ကျဆင်းသည့်အတွက် ယခုဇွန်လတွင် ပို့ကုန်ဖွံ့ဖြိုးမှုကျဆင်းလိမ့်မည်ဟု ကုန်သွယ်ရေး စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

"အဓိက ကုန်သွယ်ဖက်နိုင်ငံများရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်မှု ပြည်တွင်းငွေကြေးတန်ဖိုး မြင့်တက်မှုနဲ့ ကမ္ဘာ့ဘဏ္ဍာရေး ဈေးကွက်မှာ မတည်ငြိမ်မှုမြင့်မားမှုတွေကြောင့် ဇွန်လအတွက် ပို့ကုန်အလားအလာ မကောင်းပါဘူး"ဟု ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဒုတိယဝန်ကြီး ကင်ယောင်ဆမ်က ပြည်တွင်းကုန်သွယ်ရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံစဉ်က ပြောကြားသည်။

သင်္ဘောတည်ဆောက်သူများ၊ မော်တော်ကားထုတ်လုပ်သူများနှင့် ဖန်သားပြင်ထုတ်လုပ်သူများ၏ ရှေ့အလားအလာ ကျဆင်းမှုနှင့်အတူ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ကွန်ပျူတာများနှင့် ရေနံဓာတု ထုတ်ကုန်များ၏ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလိမ့်မည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်သည် နှစ်အလိုက်နှိုင်းယှဉ်ပါက မတ်လတွင် ၆ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၅၈ ဘီလီယံအထိ ရောက်ရှိကာ ၁၇ လမြောက်အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ကြောင်း အစိုးရကိန်းဂဏန်းများအရ တွေ့ရသည်။ ထိုလအတွင်း မင်မိုရီချစ်ပ်နှင့် ရေနံဓာတု ထုတ်ကုန်များရောင်းချရမှုကြောင့် တောင်ကိုရီးယား၏ စုစုပေါင်းတင်ပို့မှု မြင့်မားခဲ့သော်လည်း သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများနှင့် မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းများမှာ ဝယ်လိုအား နည်းသဖြင့် ရုန်းကန်နေရကြောင်း သိရသည်။

ဉာဏ်တင် စုစည်းသည်